# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### ရာဂသည် ဖောက်ဝင်နိုင်၏

အိမ်ကို မကောင်းသဖြင့် မိုးအပ်သည်ရှိသော် မိုးရေသည် ဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို (သမထ၊ ဝိပဿနာတို့ဖြင့်) ကောင်းစွာ မပွားထုံအပ်သည်ရှိသော် ရာဂသည် ဖောက်ဝင်နိုင်၏။

ယမကဝဂ်(ဓမ္မပဒ-၁၃)


၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက် ၂၀၂၁ ခုနှစ်၊ မတ် ၁၅ ရက်၊ တနင်္လာနေ့ အတွဲ (၆၀)၊ အမှတ် (၁၆၆)


## ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးအား လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်များအတွင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေးအာဏာအပ်နှင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ် ၁/ ၂၀၂၁

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

( ၂၀၂၁ ခုနှစ်၊ မတ်လ ၁၄ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးအား ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်များအတွင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်။

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

အတွင်းရေးမှူး

ဒုတိယဗိုလ်ချုပ်ကြီး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

### ထူးခြားသည့် နေ့အပူချိန်များ

၁၄- ၃- ၂၀၂၁

| | | |
|---|---|---|
| ချောက်မြို့ | ၄၁ | ဒီဂရီစင်တီဂရိတ် |
| မန္တလေးမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| ရမည်းသင်းမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| လှိုင်းတက်မြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| မကွေးမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| အောင်လံမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| ဆင်ဖြူကျွန်းမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| အမ်းမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| ပြည်မြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| ကြို့ပင်ကောက်မြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| ရန်ကုန် (မင်္ဂလာဒုံမြို့နယ်) | ၄၀ | ဒီဂရီစင်တီဂရိတ် |
| ငါးသိုင်းချောင်းမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| ဖားဆောင်းမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြင်ဦးလွင်မြို့ နယ်မြေခံတပ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့ရှိ သင်တန်းသားအရာရှိများ၊ သန္ဓေအရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မတ် ၁၄

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ နံနက်ပိုင်း တွင် ပြင်ဦးလွင်မြို့ နယ်မြေခံတပ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့ရှိ သင်တန်းသားအရာရှိများ၊ သန္ဓေအရာရှိ၊ စစ်သည်များနှင့် မိသားစုများအား သီးခြားစီတွေ့ဆုံ၍ အားပေးအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး


*စာမျက်နှာ ၃ ကော်လံ ၁*●





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ်၌ သင်တန်းသားအရာရှိများ၊ သန္ဓေအရာရှိ စစ်သည်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

မြန်မာ့အလင်း

# အများပြည်သူ ဝိုင်းဝန်းကူ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့ကို စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကျင့်သုံးရန် အပ်နှင်းလိုက်သည်။ လှိုင်သာယာတွင် ကြီးမားသည့် စက်မှုဇုန်ကြီးတည်ရှိနေပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်နေထိုင်သူများ၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် လူဦးရေထူထပ်သည့် မြို့နယ်ဖြစ်သလို စီးပွားရေးအရလည်း အရေးပါသည့်မြို့နယ်ဖြစ်သည်။ လှိုင်သာယာစက်မှုဇုန်တွင် ပြည်တွင်း ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများ အမြောက်အမြားရှိသည့်အနက် အထည်ချုပ်စက်ရုံလေးရုံနှင့် ဓာတ်မြေဩဇာစက်ရုံတစ်ရုံတို့ကို ဆန္ဒပြဆူပူလှုပ်ရှားသူများက မီးရှို့လိုက်ကြသည့်အပြင် မီးသတ်စခန်းများမှ မီးသတ်ယာဉ်များ ထွက်ခွာ၍မရအောင် လူအင်အားသုံး၍ ပိတ်ဆို့တားဆီးခဲ့ကြသည်။ ရွှေပြည်သာမြို့နယ်တွင်လည်း အထည်ချုပ်စက်ရုံနှစ်ရုံနှင့် စာသင်ကျောင်းတစ်ကျောင်း မီးလောင်ခဲ့သည်။ ဤသည်မှာ ဆန္ဒပြသည့် အခြေအနေမျိုးမဟုတ်တော့ဘဲ အကြမ်းဖက်သည့်အဆင့်သို့ ရောက်ရှိသွားခြင်းဖြစ်သည်။ အဆိုပါမြို့နယ်များ၏အခြေအနေသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာ ရေးတို့အတွက် ထိထိရောက်ရောက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေပင်ဖြစ်သည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ ဒုတိယပတ်တွင် နိုင်ငံ့ဝန်ထမ်းများ (CDM)လှုပ်ရှားမှု၌ ပါဝင်လာစေရေးအတွက် လှုံ့ဆော်စည်းရုံးမှုများ၊ ဝါဒဖြန့်မှုများ၊ အကျပ်ကိုင်မှု၊ ခြိမ်းခြောက်မှု၊ ဖိအားပေးမှုများနှင့်အတူ လမ်းပေါ်ဆန္ဒပြပွဲများ ဖြစ်ပေါ်လာခဲ့သည်။ ယင်းအခြေအနေမှသည် အကြမ်းဖက်မှုများ မဖြစ်ပေါ်လာစေရန် ကြိုတင်တားဆီးသည့်အနေဖြင့် မြို့နယ်အချို့တွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ခဲ့ရသည်။ နယ်မြေများအတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရာတွင် ဆန္ဒပြမှုမှသည် အကြမ်းဖက်ဆူပူမှုသို့လည်းကောင်း၊ နောက်တစ်ဆင့်တက်၍ မင်းမဲ့စရိုက်ဆန်ဆန် လူအုပ်စုဖြင့် အကြမ်းဖက်မှုသို့ လည်းကောင်း အဆင့်ဆင့်ကူးပြောင်းမှု အခြေအနေကိုလိုက်၍ ထိန်းသိမ်းခြင်း၊ နှိမ်နင်းခြင်းတို့ ပြုလုပ်နေပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရှန်းရင်းဆန်ခတ်မှုလက်စွဲ ဥပဒေ(၁၉၅၆ ခုနှစ်)နှင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူစုလူဝေးအား ကြီးကြပ်ထိန်းသိမ်းခြင်းလက်စွဲစာစောင် (၂၀၁၅ ခုနှစ်)ပါ ပြဋ္ဌာန်းဥပဒေများနှင့်အညီ အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်မှစတင်၍ ဖြေရှင်းဆောင်ရွက်နေခြင်းဖြစ်သည်။ ဆန္ဒပြမှုမှသည် အကြမ်းဖက်ဖျက်ဆီးမှုများအထိ အဆင့်ဆင့်ပြောင်းလဲလာခြင်းက လှိုင်သာယာနှင့် ရွှေပြည်သာဆိုသည့် ဆက်စပ်မြို့နယ်နှစ်ခုကို စစ်အုပ်ချုပ်ရေးကြေညာရသည့်အခြေအနေသို့ ရောက်ရှိသွားစေခဲ့ခြင်းဖြစ်သည်။

လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်တို့တွင်ရှိသည့် စက်ရုံများကို အကြမ်းဖက်မီးရှို့မှုများမတိုင်မီ ပြည်ပရင်းနှီးမြှုပ်နှံမှုများ(အထူးသဖြင့် တရုတ်နိုင်ငံ)ကို တိုက်ခိုက်ဖျက်ဆီးရန် လှုံ့ဆော်မှုများကို လူမှုကွန်ရက်တွင် တွေ့မြင်ရသည်။ စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးခြင်းက အစိုးရကို ထိခိုက်ခြင်းထက် ရင်းနှီးမြှုပ်နှံသူကို ထိခိုက်စေသည်။ သို့ရာတွင် အထိခိုက်ဆုံးက စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ကိုင်နေကြသည့် အလုပ်သမားများနှင့် ၎င်းတို့ကို မှီခိုနေကြသည့် မိသားစုများဖြစ်သည်။ ဆန္ဒပြပွဲများ ကာလကြာရှည်လာသည်နှင့်အမျှ မင်းမဲ့စရိုက် ကြီးစိုးလာပြီး အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများ ပိုမိုဖြစ်ပွားလာသည်။ တည်ငြိမ်အေးချမ်းမှု ကာလတာရှည်စွာ ပျောက်ကွယ်နေသည်နှင့်အမျှ ပြည်သူလူထု၏ နေ့စဉ်ဘဝများမှာ ဒုက္ခတွင်း နက်သည်ထက်နက်လာနိုင်ခြင်းကြောင့် တရားဥပဒေစိုးမိုးရေး လျင်မြန်စွာရရှိနိုင်ရန် အများပြည်သူ ဝိုင်းဝန်းကူကြရပါမည့်အကြောင်း။ ။

# (၇၆) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃) ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှုမရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

၂။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

၃။ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃) ပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်းအဆိုပြုလွှာများ တင်သွင်းရမည့်ရက် တိုးမြှင့်သတ်မှတ်

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာပုံစံများကို (၂၆-၂-၂၀၂၁) ရက် သောကြာနေ့မှ (၃-၃-၂၀၂၁) ရက် ဗုဒ္ဓဟူးနေ့အထိ နေ့စဉ်နံနက် (၉:၀၀) နာရီမှ မွန်းလွဲ (၁၆: ၀၀)နာရီအတွင်း (ပိတ်ရက်မရှိ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ အမှတ်(၄)၊ ဝင်္ကပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး (၃-၃-၂၀၂၁) ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၁၆: ၀၀) နာရီမတိုင်မီ အချိန်အတွင်း အဆိုပြုလွှာပုံစံများကို နောက်ဆုံးထား ပြန်လည်တင်သွင်းရန် နေ့စဉ်ထုတ် သတင်းစာများတွင် ဖိတ်ခေါ်ထားပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ လျှောက်ထားလိုသူ ကိုယ်စားလှယ်လောင်းများ ပိုမိုအဆင်ပြေစေရေးအတွက် ယင်းအဆိုပြုလွှာပုံစံများ နောက်ဆုံးထား ပြန်လည်တင်သွင်းရမည့် နေ့ရက်ကို (၂၇-၃-၂၀၂၁) ရက် (စနေနေ့) မွန်းလွဲ (၁၆: ၀၀) နာရီ မတိုင်မီအချိန်အထိ တင်သွင်းနိုင်ရန် တိုးမြှင့်ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းနံပါတ် ၀၁-၈၆၀၄၇၅၁ နှင့် ၀၁-၅၄၄၅၈၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်
ရွေးချယ်တင်မြှောက်ရေးအဖွဲ့
အမှတ်(၄)၊ ဝင်္ကပါလမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

## လဟယ်မြို့နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် မြေသားလမ်းပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

လဟယ် မတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များသည် မတ် ၁၃ ရက်က နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် (ပြည်ထောင်စု/ တိုင်းဒေသကြီး) နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လဟယ်မြို့နယ်အတွင်းရှိ လောင်ငေါက်-ထန်ပါခွေ လမ်းပေါ်ရှိ ဟွေကွန်- အာရ်ကျိန်- ကျောက်ကယ်ကြား မြေလမ်းပြုပြင်ထိန်းသိမ်းခြင်း (၅/၀)မိုင်၊ ကျောက်ခင်းလမ်း(၁/၀) မိုင် (၅ x ၅ x ၂၆) ပေ၊ Box Culvert နှစ်စင်း၊ ပေ ၂၀ ကွန်ကရစ်တံတားတစ်စင်း၊ ပေ ၃၀ ကွန်ကရစ်တံတားတစ်စင်းနှင့် ကျောက်ကယ်- လန်းနောက်- ထန်းပါခွေကြား(၁၂/၄)မိုင် မြေသားလမ်းပြုပြင်ထိန်းသိမ်းခြင်း၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မြေပြင်ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ လုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ခေတ္တနာဂဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (လဟယ်)ဒုတိယညွှန်ကြားရေးမှူး ဦးရဲမင်းနှင့် သက်ဆိုင်ရာကုမ္ပဏီတာဝန်ခံများက ရှင်းလင်းတင်ပြကြသည်။

အဆိုပါ လောင်ငေါက်-ထန်ပါခွေလမ်းပေါ်ရှိ မြေလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ ကျောက်ခင်း လမ်း၊ Box Culvert နှင့် ကွန်ကရစ်တံတားများ တည်ဆောက်ပေးခြင်းဖြင့် ကျေးရွာ ၁၀ ရွာ၊ အိမ်ခြေ ၄၇၅ အိမ်၊ လူဦးရေ ၃၅၁၂ ဦးတို့၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးတို့အတွက် ပိုမိုအကျိုးပြုကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

**မွေးကြူဇင်**

## သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်၍ ကြက်သွန်နီများ ဖြန့်ဖြူးဆောင်ရွက်ပေး

ကျောက်ဆည် မတ် ၁၄

ကိုဗစ်-၁၉ ကာလအတွင်း မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ သမဝါယမအသင်းသားတောင်သူများ စိုက်ပျိုးထားရှိသော ကြက်သွန်နီများကို သမဝါယမမိသားစုများ အသင်းသူ၊ အသင်းသားများ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် မတ် ၉ ရက်က သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်၍ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ကြက်သွန်နီပိသာချိန် ၇၅ ပိဿာ၊ ချမ်းအေးသာစံမြို့နယ် သမဝါယမအသင်းစုမှ ကြက်သွန်နီ ပိဿာချိန် ၁၅ ပိဿာ၊ ပုသိမ်ကြီးမြို့နယ် သမဝါယမအသင်းစုမှ ကြက်သွန်နီပိဿာချိန် ၂၀၀ စုစုပေါင်း ပိဿာချိန် ၂၉၀ ကို ဖြန့်ဖြူးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆူပူဆန္ဒပြမှုများကို မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး အငြိမ်းချမ်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိ

မြန်မာ့အားကစားများအား စနစ်ကျပြီး အဆင့်မီသည့် အားကစားများဖြစ်စေရန် ကြိုးပမ်းအားထုတ်၍ အာဆီယံပြိုင်ပွဲများနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်စေရန်အတွက် နယ်စပ်ဂိတ် အားလုံးနီးပါးအား ဖွင့်လှစ်ခွင့်ပြုထားပေးပြီးဖြစ်ကြောင်း၊ တိုက်ပွဲရှောင်ပြည်သူများ နေရပ်ပြန် လည်နေထိုင်နိုင်ပြီး အာမခံချက်ရှိသည့်လူမှုစီးပွား ဘဝရရှိစေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ COVID-19 ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်စေရန်အတွက် လူမှုကွန်ရက် စာမျက်နှာများ မှတစ်ဆင့် သွေးထိုးဆောင်ရွက်နေသည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး အငြိမ်းချမ်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မလေးရှားနိုင်ငံတွင်ရောက်ရှိပြီး ထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသားများအား မိမိတို့ နိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်ရေး ဆောင်ရွက်ခဲ့ရာ ၁၀၈၇ ဦးအား တပ်မတော်ရေယာဉ်များဖြင့် ခေါ်ဆောင်ပေးနိုင်ခဲ့ပြီး ကျန်ရှိသူများအား ဆက်လက်ခေါ်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ပြည်ပနိုင်ငံသို့ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ယူနိုင်ခဲ့ခြင်းသည် မိမိတို့ကောင်စီ၏ အောင်မြင်မှုတစ်ခုပင် ဖြစ်ကြောင်း ။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁-၃-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

● *ရွှေဖုံးမှ*

(ကြည်း၊ရေ၊လေ)မှ တပ်မတော် အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြင်ဦးလွင်မြို့ နယ်မြေခံတပ်နှင့် တပ်မတော်နည်းပညာ တက္ကသိုလ်တို့ရှိ သင်တန်းသား အရာရှိများ၊ သန္ဓေအရာရှိ စစ်သည်များနှင့် မိသားစုများ တက်ရောက်ကြသည်။

**ရှင်းလင်းဆွေးနွေး**

တွေ့ဆုံပွဲများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ယာယီသမ္မတ ဦးမြင့်ဆွေက နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီးနောက် တပ်မတော်သို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇၊ ၄၁၈ အရ လွှဲပြောင်းပေးခဲ့မှုဖြစ်စဉ် အသေးစိတ်အခြေအနေများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား တပ်မတော်အရာရှိကြီးများနှင့် အရပ်သားများဖြင့် ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ်(၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့ဖြင့် ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ နိုင်ငံတကာသတင်းမီဒီယာများ၊ ပြည်တွင်းလူမှုကွန်ရက်များနှင့် ပြည်တွင်း၊ ပြည်ပ သတင်းဌာနများတွင် အစိုးရဆန့်ကျင်သူများ၏ မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်ဖြစ်စဉ်များ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ဥပဒေနှင့်အညီ အဓိကရုဏ်းနှိမ်နင်းလူစုခွဲမှုအပေါ် အင်အားသုံးဖြိုခွဲခြင်းအဖြစ် တစ်ဖက်သတ်ဖော်ပြစွပ်စွဲနေမှုအခြေအနေများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မင်းမဲ့စရိုက်ဆန်သော အကြမ်းဖက်လုပ်ရပ်များအား ဖြေရှင်းဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ၁၉၅၆ ခုနှစ်၊ ရုန်းရင်းဆန်ခတ်မှုလက်စွဲ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ (၂၀၁၅) ခုနှစ် ထုတ်ပြန်သည့် လူစုလူဝေးအား ကြီးကြပ်ထိန်းသိမ်းခြင်းလက်စွဲပါ စည်းမျဉ်း စည်းကမ်းဥပဒေအတိုင်း ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၅ ရက်မှ ၂၂ ရက်အထိ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှုအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကိုင်တွယ်မှုနှင့် ဖေဖော်ဝါရီ ၂၃ ရက်နောက်ပိုင်း လူတစ်ဦးချင်းစီ၏ အခွင့်အရေးဆုံးရှုံးသည်အထိ လူ့အသက်နှင့် အရှက်သိက္ခာ ကျဆင်းစေပြီး မိသားစုဘဝများပါ လူ့အသိုင်းအဝိုင်းအတွင်း မသွားရဲ၊ မလာရဲဖြစ်စေသည့် မျက်ခုံးမွေးရိတ်ခြင်း၊ လေးကွက်ကျား ကတုံးရိတ်ခြင်း၊ လည်ပင်းစာတန်းဆွဲ၍ ရပ်ကွက်အတွင်းလှည့်လည်စေခြင်းအပြင် လူအုပ်စုဖြင့် အဓမ္မဖမ်းချုပ်၍ နဖူး၊ ပါးများတွင် တက်တူးရေးထိုးခြင်း၊ ရပ်ကွက်အတွင်း အဓမ္မခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ CDM မပါဝင်သူများ၊ စိတ်ဆန္ဒမရှိသူများကို အစိုးရသတင်းပေးအဖြစ် သတ်မှတ်၍ နည်းမျိုးစုံ အသက်အန္တရာယ်ရှိသည်အထိ ရန်ပြုနှောင့်ယှက်ခြင်းများ အပြင် ရပ်ကွက်အတွင်း အများသုံးလမ်းများအတွင်း မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သည့် အမျိုးသမီးဝတ်ထဘီများအား ကြိုးတန်းချိတ်ဆွဲလျက် အဆိုပါထဘီတွင် ဗုဒ္ဓဘာသာထေရ်ကြီးဝါကြီး ရဟန်းတော်ကြီးများ၏ ဓာတ်ပုံများကို ယုတ်မာရိုင်းစိုင်းစွာ အောက်တန်းကျသည့် လုပ်ဆောင်မှုအဖြစ် ချိတ်ဆွဲထားသည့် အခြေအနေများကို ကာလအပိုင်းအခြားဖြစ် နှိုင်းယှဉ်ဆွေးနွေးပြီး ဖေဖော်ဝါရီ ၂၃ ရက်နောက်ပိုင်း မင်းမဲ့စရိုက်ဆန်သော အကြမ်းဖက်မှုများအား အဓိကရုဏ်း နှိမ်နင်းလူစုခွဲသည့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထောက်ပံ့ငွေများ ပေးအပ်စဉ်။

အဆင့်များအတိုင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းနေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

**NCA လက်မှတ်ရေးထိုး**

ယင်းနောက် တပ်မတော်သားများနှင့် မိသားစုဝင်များအနေဖြင့်လည်း နိုင်ငံတော်၏ တာဝန်များကို တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပုဒ်မ ၄၁၇၊ ၄၁၈ အရ ခွင့်ပြုထားသည့်အချိန်ကာလ သတ်မှတ်ချက်အတွင်း ဆောင်ရွက်နေချိန်တွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တာဝန်ရှိမှုအခြေအနေများ၊ တပ်ဌာနချုပ်များ၏ လုံခြုံရေးနှင့် တပ်တွင်းစည်းလုံးညီညွတ်မှုကိုရေပက်မဝင်စည်းစည်းလုံးလုံး ဖြစ်နေစေရန် ဆောင်ရွက်ကြရမည့်အခြေအနေများ၊ NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေး၊ NCA လက်မှတ်ရေးထိုးရန် ကျန်ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်များအား NCA ၌ လက်မှတ် ရေးထိုးနိုင်ရေး ဆက်လက်ဆောင်ရွက်မည့်အခြေအနေများနှင့် တပ်မိသားစုဝင်များအားလုံး မိမိတစ်ဦးချင်း၊ မိမိမိသားစု၊ မိမိဆွေမျိုးအသိုင်းအဝိုင်းကြောင့် မိမိနေထိုင်ရာအဖွဲ့အစည်း၊ တပ်မတော်၊ နိုင်ငံတော်အား ထိခိုက်ပျက်စီးစေမည့် အပြုအမူများအား တမင်သိလျက်နှင့်ဖြစ်စေ၊ *စာမျက်နှာ ၄ သို့*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသလျက်ရှိသူတစ်ဦးအား အားပေးစကားပြောကြားစဉ်။

*စာမျက်နှာ ၃ မှ*

မသိလျက်နှင့်ဖြစ်စေ၊ ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ၊ မလုပ်ဆောင်မိစေရေး ထိန်းသိမ်း ဆောင်ရွက်ကြရန် အခြေအနေများ၊ တပ်မတော်နှင့် ညီနောင်မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား သပ်လျှိုသွေးခွဲနေမှုအပေါ် သတိပြုလျက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရမည့် အခြေအနေများ၊ နိုင်ငံတော်နှင့် တပ်မတော်အကြီးအကဲက တပ်မိသားစုဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် မိသားစုများအတွက် ထောက်ပံ့ပေးမှုအခြေအနေများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးတာဝန်များကို နေ့မအား ညမနား တာဝန်ထမ်းဆောင်နေကြမှုအပေါ် စာနာနားလည်မှုဖြင့် အသိအမှတ်ပြုသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

### ပစ္စည်းများ ပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များက ပြင်ဦးလွင်မြို့ နယ်မြေခံတပ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့ရှိ သင်တန်းသားအရာရှိများ၊ သန္ဓေအရာရှိ စစ်သည်များနှင့်မိသားစုများ အတွက် တပ်မတော်စက်ရုံထုတ် စားသောက်ဖွယ်ရာများနှင့်လက်ဆောင်ပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲများ အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲများသို့ တက်ရောက်လာသော သင်တန်းသား အရာရှိများ၊ သန္ဓေအရာရှိ၊ စစ်သည်များနှင့် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

### အားပေးစကားပြောကြား

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်လျက်ရှိသော အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများအား တစ်ဦးချင်းလိုက်လံတွေ့ဆုံကာ အားပေးစကားများပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်သူသို့ မေတ္တာရပ်ခံချက်

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆမတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီ လူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံ့လူမျိုးအကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် မတ် ၁၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့တွင် စစ်အုပ်ချုပ်ရေးကြေညာ

**နေပြည်တော် မတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ Global Fashion အထည်ချုပ်စက်ရုံ၊ ဝေကြယ်အထည်ချုပ်စက်ရုံ၊ ရွှေနဂါးဓာတ်မြေသြဇာစက်ရုံ၊ ယွမ်ဟောင်အထည်ချုပ်စက်ရုံ၊ စမ်းမာထက်အထည်ချုပ်စက်ရုံတို့အား မီးရှို့မှုဖြစ်ပွားခဲ့ပါသည်။ သက်ဆိုင်ရာမီးသတ်စခန်းများက မီးငြိမ်းသတ်ရန်ဆောင်ရွက်သော်လည်း ဆန္ဒပြဆူပူလှုပ်ရှားသူများသည် မီးသတ်ယာဉ်များ မီးသတ်စခန်းများကထွက်ခွာ၍မရအောင် အတားအဆီးများချထားခြင်း၊ လူအင်အား ၂၀၀၀ ကျော်ဖြင့် ပိတ်ဆို့တားဆီးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ရွှေပြည်သာမြို့နယ်၊ ရွှေပြည်သာစက်မှုဇုန်(၂)ရှိ Myanmar Solo Moda အထည်ချုပ်စက်ရုံ၊ JCK အထည်ချုပ်စက်ရုံနှင့် အမှတ်(၆)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီးဘေးရှိ အခြေခံပညာအထက်တန်းကျောင်းတို့တွင်လည်း မီးလောင်မှုများ ဖြစ်ပွားခဲ့ပါသည်။ သက်ဆိုင်ရာမီးသတ်စခန်းက မီးငြိမ်းသတ်ရန်ဆောင်ရွက်မှုကို ဆန္ဒပြဆူပူလှုပ်ရှားသူများက ပိတ်ဆို့တားဆီးခဲ့ကြပါသည်။ ယခင်နေ့များကလည်း အကြမ်းဖက်လိုသူများက အကြမ်းဖက်မှုများကို အလားတူ ဆောင်ရွက်ခဲ့ကြပါသည်။ သို့ပါ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးတို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်များအတွင်း စစ်အုပ်ချုပ်ရေး ကြေညာခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




## နေ့အပူချိန်များ တိုးနေမည်

**နေပြည်တော် မတ် ၁၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေ့အပူချိန်များ တိုးနေမည်။

မိုး/ဇလ

## ချောင်းဦးမြို့ ဇရိပ်မွန်(၂)မိန်းကလေးကျောင်းသို့ အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



**ချောင်းဦး မတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ချောင်းဦးမြို့နယ် ဇရိပ်မွန်(၂) မိဘမဲ့မိန်းကလေးကျောင်းသို့ လာရောက်ပြီး အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်းသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့အား ချောင်းဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဘော် နှင့်အဖွဲ့က ကြိုဆိုခဲ့ပြီး ဇရိပ်မွန်(၂) မိန်းကလေးကျောင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသန်းကိုက ကျောင်းဖြစ်ပေါ်လာပုံနှင့် ဆက်လက်ဆောင်ရွက်နေပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကျောင်းအတွက်အလှူငွေကျပ် ငါးသိန်း၊ ဆန် ၁၀ အိတ်၊ ဆီ ဘူး ၃၀၊ ကြာဆံ အထုပ် ၃၀ ပေးအပ်လှူဒါန်းပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို လက်ခံယူသည်။ (ဓါတ်ပုံ)

ဇရိပ်မွန်(၂) မိန်းကလေးကျောင်း အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးကျော်ငွေးက လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကလည်း မိန်းကလေးကျောင်း စတင်တည်ထောင်ချိန်မှစပြီး ယခုအချိန်အထိ အောင်မြင်အောင် စီမံအုပ်ချုပ်ဆောင်ရွက်နေသူများကို ကျေးဇူးတင်ရှိကြောင်း၊ ဆက်လက်ပြီး လှူဒါန်းနိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် မိန်းကလေးကျောင်းတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်တွေ့ဆုံဆွေးနွေးကြောင်း သိရသည်။

ဝင်းမြင့်အောင် (ပြန်ဆက်)

# ဘဏ်တွေ ပုံမှန်ဖွင့်ပေးပါ

**ကိုသံချောင်း - မစာဥ တစ်ခန်းရပ်စကားပြောခန်း (၇)**

## ဒေါင်

**နေ့လယ်ခင်းအပူရှိန်က သိသိသာသာမြင့်တက်လာသည်။ နွေဦး၏ နေ့လယ်ခင်းတစ်ခုဝယ် နွမ်းလျသောခြေသံတစ်စုံကြောင့် ကိုသံချောင်း အိမ်တံခါးဝဆီသို့ ကြည့်မိသည်။ စိတ်ပျက်လက်ပျက်အမူအရာနှင့် အိမ်နီးချင်း အပျိုကြီးမစာဥက အိမ်တွင်းသို့ ဘောက်ဆတ်ဆတ် လျှောက်လာ၏။**

"မျက်နှာကလည်း ပြုံခါနီး မိုးလိုမည်းမှောင်နေပါလား အပျိုကြီးရဲ့။ သွားသွားနားနား ဝတ်စားထားပုံထောက်ရင် အပြင်က ပြန်လာတယ် ထင်ပါရဲ့။ ဘာတွေဖြစ်လာတာလဲ"

"ဘဏ်ကပြန်လာတာ ကိုသံချောင်းရေ။ ဘဏ်တွေပိတ်ထားတာကြာ၊ အလုပ်ကလည်း အဆင်မပြေတော့ ငွေထုတ်ရအောင်သွားတာ။ ငွေထုတ်လို့မရတဲ့အပြင် သပိတ် လူစုတွေ ရှောင်ရှားရတာနဲ့ ခြေကုန်လက်ပန်းကျနေတာ။ ကျွန်မဖုန်းထဲကနေ မိုဘိုင်း Banking သုံးလို့ရအောင် ရှင်ကူညီပေးပါဦး"

"ဘဏ်တွေက အခုထိမဖွင့်သေးဘူးလားဗျာ။ ဒါဆိုရင် ခင်ဗျား သုံးစရာ စွဲစရာရော အဆင်ပြေရဲ့လားဗျ"

"ပြောချင်တာ အဲဒါပဲ ကိုသံချောင်းရေ။ တိုင်းပြည်က နိုင်ငံရေးအခြေအနေက အပြောင်းအလဲကာလပါဆိုနေမှ ဘဏ်ကပိတ်ထားတော့ ငွေကြေးစီးဆင်းမှုက ရပ်သွားတာပေါ့ရှင်။ ကျွန်မလည်း ဝင်ငွေနည်းလာတော့ ခွကျတာပဲ။ အခုဟာက ရှာရသလောက်ကို ဘဏ်ထဲမှာ အပ်ထားတာဆိုတော့ ထုတ်မရဖြစ်နေတာရှင့်"

"ဘဏ်ဝန်ထမ်းတွေက CDM လုပ်ကြသတဲ့ဗျာ။ အဲဒီတော့ ဝန်ထမ်းအင်အားမလုံလောက်တော့ ဘဏ်တွေ ချက်ချင်းမဖွင့်နိုင်ဘူးပေ့ါ။ ဘဏ်တွေမဖွင့်နိုင်လို့ ထိခိုက်ရတာက အစိုးရမှ မဟုတ်ဘဲ။ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ ငွေပို့၊ ငွေလွှဲနေကြရတဲ့ ပြည်သူတွေ၊ လကုန်ရင် လစာမျှော်ရတဲ့ဝန်ထမ်းတွေ၊ အပျိုကြီးလိုမျိုးရှိတာလေးကို ဘဏ်ထဲပြေးပြေးပြီး စုတတ်ကြတဲ့ ပြည်သူတွေပဲပေ့ါ။ မြှောက်ပေးတဲ့သူတွေက ဘဏ်ဝန်ထမ်းတွေကို အလုပ်ခန့်ပေးကြမှာတဲ့လားဗျာ။ ဒီကြားထဲ တိုင်းပြည်ခြေခင်းလက်ခင်း မသာရင် ဘဏ်ကငွေတွေ အကုန်ပြေးထုတ်ချင်ကြတဲ့သူတွေကြောင့် ဘဏ်တွေမှာ အလုပ်တွေပိုများ၊ ဝန်ထမ်းအင်အားနည်းနဲ့ ဂျာအေးကို သူ့အမေရိုက်သလို ဖြစ်နေရှာတယ်လို့ပဲ ကျွန်တော်ကတော့ မြင်တယ်ဗျာ"

"ဒါဆိုရင် ဘဏ်က ကိုယ့်ပိုက်ဆံကို မထုတ်ဘဲထားရမလားရှင့်။ လိုအပ်သလောက်တော့ ထုတ်သင့်ပါတယ်။ အကုန်တော့ မထုတ်ကြနဲ့ပေ့ါရှင်။ အခုဟာက အေတီအမ်စက်တွေထဲ ငွေထည့်တော့လည်း ထုတ်လို့ရသလောက် ထုတ်ပစ်ကြတယ်။ နောက်လူရှေ့လူ မတွက်ကြတော့ဘူး။ အခုလည်း ဘဏ်အချို့က ပြန်ဖွင့်ဖို့ကြိုးစားတဲ့အခါမှာလည်း မဖွင့်နိုင်အောင် ဖျက်လိုဖျက်ဆီး လုပ်ချင်ကြပြန်တယ်ရှင်။ ဖွင့်မယ်ကြံတာနဲ့ ဆန္ဒပြကြတယ်"

"အမှန်ပဲ မစာဥရေ။ ကျွန်တော်တို့ ခင်ဗျားတို့လို တကယ်လိုအပ်နေတဲ့ ပြည်သူတွေပဲ နစ်နာကြရတာပေ့ါ။ ဘဏ်ဝန်ထမ်းတွေထဲမှာ မြှောက်ပေးနေတဲ့ အဖွဲ့အစည်းတစ်ခုလည်း ပေါ်လာခဲ့တယ်ဗျ။ အဲဒါက ဖေဖော်ဝါရီလ ၃ ရက်မှာ စတင်ခဲ့တာ။ Myanmar Bankers Union ဆိုပြီး ဘဏ်ဝန်ထမ်းတွေကို ရုံးမတက်အောင် လှုံ့ဆော်ကြ၊ အချင်းချင်းမြှောက်ပေးကြနဲ့ပေ့ါဗျာ။ ဒါကို ဘဏ်ဝန်ထမ်းတွေကလည်း သိထားကြဖို့ လိုတယ်ဗျ။ ဘဏ်အများစုက သူတို့ ရုံးမတက်ကြပေမယ့် ရုံးလစာတွေကို ထုတ်ပေးခဲ့တယ်လို့ လကုန်ရက်ကတော့ ကြားမိပါတယ်။ အဲဒါဆိုရင်လည်း ကိုယ့်အလုပ်ကို တာဝန်ကျေကျေနဲ့ ပြန်တက်ပေးကြဖို့ လိုအပ်တာပေ့ါဗျာ"

"ဗဟိုဘဏ်က ဝန်ထမ်းအချို့ကိုလည်း အဲဒီအဖွဲ့တွေကပဲ မြှောက်ပေးခဲ့တာလို့ ကျွန်မကတော့ ထင်တာပဲရှင်။ ဒီလိုလုပ်မှ နိုင်ငံ့စီးပွားရေး မလည်ပတ်နိုင်ဘူးပေ့ါလေ။ ဒါက စေတနာလားရှင့်။ အရေးပေါ်ငွေလိုအပ်လာခဲ့တဲ့ ပြည်သူတွေ ဘယ်လိုထုတ်ကြရပ့ါမလဲ။ ဒါတင်မကသေးဘူး။ စေတနာနဲ့ဖွင့်ပေးတဲ့ ဘဏ်တွေကျတော့ အတင်းကာရော ပိုက်ဆံတွေထုတ်ခိုင်းကြတာ ဝန်ဆောင်မှုမပေးနိုင်တော့တဲ့ အထိပဲတဲ့။ ဒီပုံနဲ့ ဘဏ်တွေရပ်ဆိုင်းတော့ ခံနေရတာက

"အမှန်ပဲ မစာဥရေ။ ကျွန်တော်တို့ ခင်ဗျားတို့လို တကယ်လိုအပ်နေတဲ့ ပြည်သူတွေပဲ နစ်နာကြရတာပေ့ါ။ ဘဏ်ဝန်ထမ်းတွေထဲမှာ မြှောက်ပေးနေတဲ့ အဖွဲ့အစည်းတစ်ခုလည်း ပေါ်လာခဲ့တယ်ဗျ။ အဲဒါက ဖေဖော်ဝါရီလ ၃ ရက်မှာ စတင်ခဲ့တာ။ Myanmar Bankers Union ဆိုပြီး ဘဏ်ဝန်ထမ်းတွေကို ရုံးမတက်အောင် လှုံ့ဆော်ကြ၊ အချင်းချင်းမြှောက်ပေးကြနဲ့ပေ့ါဗျာ။ ဒါကို ဘဏ်ဝန်ထမ်းတွေကလည်း သိထားကြဖို့ လိုတယ်ဗျ။ ဘဏ်အများစုက သူတို့ ရုံးမတက်ကြပေမယ့် ရုံးလစာတွေကို ထုတ်ပေးခဲ့တယ်လို့ လကုန်ရက်ကတော့ ကြားမိပါတယ်။ အဲဒါဆိုရင်လည်း ကိုယ့်အလုပ်ကို တာဝန်ကျေကျေနဲ့ ပြန်တက်ပေးကြဖို့ လိုအပ်တာပေ့ါဗျာ"

ပြည်သူပါပဲရှင်"

"ဘဏ်ကနေ ငွေအလွှဲအပြောင်းလုပ်ပြီး စီးပွားရှာရသူတွေ သိပ်ကို ထိခိုက်ကြတာပေ့ါဗျာ။ ကျွန်တော့်မိတ်ဆွေဆိုရင် ဖရဲသီး တင်ပို့တာ ဘဏ်ကနေငွေလွှဲမရတော့ ဒီဘက်မှာ ရှင်းရမယ့်ငွေတွေမပေးနိုင်တော့ဘူး။ သွင်းကုန်တွေလည်း မသွင်းနိုင်ကြဘူး။ ဘဏ်ကနေ ငွေလွှဲလို့ မရတာဗျာ ဈေးတွေလည်း လွှတ်တက်တာသာကြည့်ပေတော့ အပျိုကြီးရေ။ စားအုန်းဆီတွေ၊ အချိုမှုန့်တွေကနေစပြီး မုန့်ပဲသရေစာ၊ အလှကုန်၊ ဆေးဝါးအကုန်ကို ဈေးလိုက်တက်တာ အဓိကတရားခံတွေထဲမှာ ဘဏ်ဝန်ထမ်းတွေတောင် ပါနေတယ်လို့ ကျွန်တော်ကတော့ ဆိုချင်တာပဲဗျာ"

"ဒါဆိုရင် ကျွန်မတို့က ဘဏ်တွေဖွင့်အောင် ဘယ်လိုတောင်းဆိုကြရမလဲရှင့်။ သူများလို ဆိုင်းဘုတ်ထောင်ပြီး ပုဂ္ဂလိကဘဏ်တွေ ပြန်ဖွင့်ပေးပါဆိုပြီး ဆန္ဒပြရမလားရှင့်"

"မလုပ်ပါနဲ့မစာဥရယ်။ သူတို့ကို နိုင်ငံတော်က ဒီအတိုင်းဘယ်လွှတ်ထားပ့ါမလဲဗျာ။ ဖေဖော်ဝါရီလဆန်းကတည်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကနေ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ငွေရေးကြေးရေးနဲ့ဘဏ်လုပ်ငန်းရှင်တွေကိုလည်း တွေ့ပြီးပါပြီ။ တိုင်းဒေသကြီးနဲ့ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အသီးသီးကလည်း စီးပွားရေးကဏ္ဍ ဘယ်လိုကိုင်တွယ်မလဲဆိုတာနဲ့ပတ်သက်ပြီး လမ်းညွှန်ချက်အတိုင်း လိုက်နာဆောင်ရွက်နေကြပါပြီဗျ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ စီးပွားရေးရာကော်မတီကလည်း ဘဏ်လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ဆောင်ရွက်မယ့်လုပ်ဆောင်ချက်တွေ ရှိနေမှာပါဗျ။ ဒါကြောင့်စိတ်မပူဘဲ ကျွန်တော်တို့ စောင့်ကြည့်ကြတာပေ့ါ။ ဘယ်လိုပဲဖြစ်ဖြစ် ပြည်သူတွေ နစ်နာမှုမရှိအောင် ဘဏ်ဝန်ထမ်းတွေလည်း CDM မလုပ်ဘဲ ရုံးပြန်တက်ကြပါစေဗျာ။ ငွေကြေးဝန်ဆောင်မှုရလိုသူတွေကလည်း ဘဏ်တွေရဲ့အခက်အခဲကို နားလည်မှု ရှိရှိနဲ့ မဖြစ်မနေ ထုတ်ရမယ့်ပမာဏကိုပဲ ထုတ်ပေးကြတာ၊ ငွေလွှဲမှုမြန်ဆန်အောင် အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်တာမျိုးနဲ့ ဘဏ်တွေကို ကူညီပေးကြရမှာပေ့ါဗျာ။ ဒါမှသာ ပြည်သူတွေအားလုံး အေးအေးချမ်းချမ်းနဲ့ငွေကြေးပြဿနာပြေလည်မှာပေ့ါ"

"ဟုတ်ပါပြီရှင်။ ကိုသံချောင်းနဲ့ စကားပြောလိုက်ရလို့ စိတ်ပူရတာတော့ နည်းနည်း လျော့သွားပါပြီ။ အမြန်ဆုံးပြန်ဖွင့်ပေးကြပါလို့ ကျွန်မကတော့ ဘုရားရှိခိုးတိုင်း ထည့်ဆုတောင်းနေတော့မှာ"

"ကောင်းပါပြီဗျာ။ ဘုရားရှိခိုးရင် ဘဏ်တွေပြန်ဖွင့်ပေးဖို့အပြင် ဖူးစာဖက်အစစ်နဲ့ အမြန်ဆုံးနီးစပ်အောင်လို့လည်း ထည့်ဆုတောင်းပါဦးဗျ"

"နေပါရှင်။ ပိုက်ဆံထုတ်မရလို့ စိတ်ညစ်ရတဲ့အထဲ ရှင်က တစ်မှောင့် ပေ့ါလေ"

"မဟုတ်ရပါဘူးဗျာ။ ကျွန်တော်က မစာဥစိတ်ညစ်တာတွေ ပျောက်အောင် စတာပါဗျ။ ဘဏ်တွေပြန်ဖွင့်တာနဲ့အတူတူ သွားကြတာပေ့ါ။ ကျွန်တော်လည်း နယ်က ညီမဆီကို ငွေလေးပို့ပေးချင်လို့ပါ"

နှုတ်တောင်မဆက်နိုင်ဘဲ ထွက်ခွာသွားသည့် မစာဥကို ကြည့်ရင်း ကိုသံချောင်းက တိုးတိုးလေးဆုတောင်းပေးနေမိသည်။ "ဘဏ်တွေအမြန်ဆုံးပြန်ဖွင့်ပါစေ"။ ဒါမှလည်း မစာဥ စိတ်ချမ်းသာမည် မဟုတ်ပါလား။ ။

## စစ်ကိုင်းမြို့နှင့် ဟုမ္မလင်းမြို့နယ်တို့တွင် ဆေးရုံများနှင့် ကျောင်းများဖွင့်လှစ်နိုင်ရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မုံရွာ မတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ စစ်ကိုင်းမြို့ ခုတင် ၂၀၀ဆံ့ ပြည်သူ့ဆေးရုံကြီးနှင့် ဟုမ္မလင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်း ကျောင်းများတွင် မတ် ၁၃ ရက်က စုပေါင်း သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်သည်။

စစ်ကိုင်းမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး ဖွင့်လှစ်နိုင်ရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် စစ်ကိုင်းခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် ၂၀၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၁၀ ဦး၊ ခရိုင်ကြက်ခြေနီတပ်ဖွဲ့မှ ငါးဦး၊ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့မှ ၁၀ ဦး၊ ကျန်းမာရေးဝန်ထမ်း ငါးဦး၊ စည်ပင်ဝန်ထမ်း ၂၀ တို့ဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

**ကြည့်ရှုအားပေး**

အဆိုပါ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ရာသို့ နယ်မြေခံတပ်မှ ဒုတိယတပ်မမှူး နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေး ကြောင်း သိရသည်။

အလားတူ ဟုမ္မလင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အမြန်ဖွင့်လှစ်နိုင်ရန်အတွက် နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ် မြင့်သောင်းနှင့် တပ်မတော်သားများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်နှင့် ဝန်ထမ်း ၂၂ ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၁၀ ဦး၊ စည်ပင်ဝန်ထမ်း ၁၇ ဦး၊ မြို့နယ်မီးသတ်မှ ခြောက်ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများက စုပေါင်း သန့်ရှင်းရေးများ ဆောင်ရွက်ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ဘူမိဖသသမုဒြာထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော် အပိုင်း ၂ နှင့် အပိုင်း (၁/၂) အရန်တို့ကို ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ



**နေပြည်တော် မတ် ၁၄**

နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဘူမိဖသသမုဒြာထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများကို Modular Trailer များဖြင့် ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော်ကောင်စီနယ်မြေသို့ ပို့ဆောင်လျက်ရှိရာ တတိယအကြိမ်အဖြစ် ပလ္လင်တော် အပိုင်း ၂ နှင့် အပိုင်း (၁/၂) အရန်တို့ကို မတ် ၉ ရက်တွင် ဆီမီးခုံဆိပ်ကမ်းမှ ပင့်ဆောင်ပူဇော်ရာ တည်ထားကိုးကွယ်မည့် မင်္ဂလာနေရာသို့ ယမန်နေ့ ညပိုင်းတွင် ရောက်ရှိခဲ့သည်။

အဆိုပါ ဘူမိဖသသမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော် အပိုင်း ၂ နှင့် အပိုင်း (၁/၂) အရန် အစိတ်အပိုင်းများအား ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အောင်စည်သာဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစက္ခဏ အမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းနှင့် တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့က မေတ္တာပို့ဂါထာတော်များကို ရွတ်ဆိုပူဇော်၍ မေတ္တာပြုတော်မူသည်။ ထို့နောက် ဘုရားဒါယကာ၊ ဒါယိကာမများနှင့် ဧည့်ပရိသတ်အပေါင်းတို့က ရတနတ္တယပူဇာအရိယာ သာဝိတ္ထိ ဂါထာ၊ ဘုရားဂုဏ်တော်ကိုးပါး၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်နှင့် မေတ္တာပို့လင်္ကာများကို သံပြိုင်ညီညာစွာ ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ ဘူမိဖသသမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်ကြီး၏ ပလ္လင်တော် အပိုင်း ၂ နှင့် အပိုင်း (၁/၂)အရန်တို့ကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်နှင့် မဟာလယ်တီစံဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဣန္ဒာဝုဒ တို့က ဦးဆောင်၍ တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများ၊ ဘုရားဒါယကာများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြပြီး ဇယမင်္ဂလာအောင် ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြသည်။ ထို့နောက် မင်္ဂလာအချိန်တွင် ဘူမိဖသသမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော် အပိုင်း ၂ နှင့် အပိုင်း (၁/၂) အရန်တို့ကို အပူဇော်ခံမည့်နေရာသို့ ဆက်လက်ပင့်ဆောင်တော်မူကြသည်။

ယနေ့ ကြိုဆိုပင့်ဆောင်သည့် ဘူမိဖသသမုဒြာ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော် အပိုင်း၂ အလေးချိန် ၆၅၅ တန်၊ အပိုင်း (၁/၂) အရန် အလေးချိန် ၃၁၅ တန်ရှိပြီး စတုတ္ထအကြိမ်အဖြစ် ကြိုဆို ပင့်ဆောင်ခြင်းဖြစ်ကြောင်းနှင့် ကျန်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အစိတ်အပိုင်းများကို ဆက်လက်ပင့်ဆောင်ပူဇော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် မတ် ၁၄**

COVID-19 ရောဂါ ဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရားစေတီများအပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများကို ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာဘာသာများအလိုက် အများပြည်သူဝတ်ပြုကြည်ညိုနိုင်ရေးအတွက် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာ ဘာသာဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာနေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေးဆောင်ရွက်

**နေပြည်တော် မတ် ၁၄**




နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှ စတင်၍ လုံခြုံရေးအား ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိမြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၄**

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် အမ်းမြို့နယ် ဒါးလက်ကျေးရွာအုပ်စု ရှမ်းကုန်းကျေးရွာ ပတ်ဝန်းကျင်တစ်ဝိုက်နှင့် ကျေးရွာချင်းဆက်လမ်းများတွင်လည်းကောင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများက ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မတ်လ ၁၄ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ လသာမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၃၄၀၄၄ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၂၃၅၄၄ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၆၂၅ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၆ ဦး၊ ၂ ကြိမ်ပါဝင်နေသူများမှာ ၇၅၄ ဦး ဖြစ်သည်။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၇၈၆၃ ဦးဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၂၀၃၉၁ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၄၉ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၂ ကြိမ် ပါဝင်နေသူများမှာ ၁၈၈ ဦး ဖြစ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၅၈၈၉၈ ဦးဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၀၁၄၇၅ ဦးဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၉၇၆၈ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၂၄ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၂၀၇၈ ဦး ဖြစ်သည်။

၅။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ်ကော်မရှင်စာရင်း | လဝကစာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ်နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန် တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မဲရုံပေါင်း ၂၂ ရုံ | ၃၄၀၄၄ | ၂၃၅၄၄ | ၆၂၅ | ၆ | ၇၅၄ |
| ၂ | ရန်ကုန် တိုင်းဒေသကြီး လသာမြို့နယ် မဲရုံပေါင်း ၁၈ ရုံ | ၁၇၈၆၃ | ၂၀၃၉၁ | ၁၄၉ | - | ၁၈၈ |
| ၃ | ရန်ကုန် တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မဲရုံပေါင်း ၁၂၁ ရုံ | ၁၅၈၈၉၈ | ၁၀၁၄၇၅ | ၉၇၆၈ | ၂၄ | ၂၀၇၈ |

၆။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ လသာမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်များ၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၇။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၃ မြို့နယ်တွင် မဲရုံပေါင်း ၁၆၁ ရုံ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၃၇၈၄၁ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၄၂၂၉၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၉၅၅၄၃၊ မြေပြင်လက်ကျန် ၉၃၅၇၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက် ထက်လျော့နည်းသော မဲလက်မှတ်အရေအတွက် ၂၀၆၅ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၉၅ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပို ရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲဆန္ဒနယ်အလိုက် ဆန္ဒမဲများ သတ်မှတ်အရေအတွက်ဖြင့် ရိုက်နှိပ်ထားခြင်းဖြစ်ရာ အပိုတွေ့ရှိမှုသည် ဆန္ဒမဲလက်မှတ်များ တရားမဝင် ရိုက်နှိပ်သုံးစွဲကြောင်း တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြုပြီး | ကျန်ရမည့်အရေအတွက် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | အလျော့ | အတိုး |
| ၁ | လမ်းမတော်မြို့နယ် | ၂၂ | ၃၈၈၈၈ | ၁၉၉၂၀ | ၁၈၉၆၈ | ၁၇၇၉၅ | ၁၁၈၃ | ၁၀ |
| ၂ | လသာမြို့နယ် | ၁၈ | ၂၀၄၈၃ | ၁၀၉၃၀ | ၉၅၅၃ | ၉၃၈၉ | ၂၄၉ | ၈၅ |
| ၃ | မရမ်းကုန်းမြို့နယ် | ၁၂၁ | ၁၇၈၄၇၀ | ၁၁၁၄၄၈ | ၆၇၀၂၂ | ၆၆၃၈၉ | ၆၃၃ | - |
| | စုစုပေါင်း | ၁၆၁ | ၂၃၇၈၄၁ | ၁၄၂၂၉၈ | ၉၅၅၄၃ | ၉၃၅၇၃ | ၂၀၆၅ | ၉၅ |

### လမ်းမတော်မြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၃၅၅၅၀ | ၁၉၁၉၀ | ၁၆၃၆၀ | ၁၅၁၈၇ | ၁၁၈၃ | ၁၀ |
| ၂ | မြို့နယ် မဲလက်မှတ် | ၃၃၃၈ | ၇၃၀ | ၂၆၀၈ | ၂၆၀၈ | - | - |
| | စုစုပေါင်း | ၃၈၈၈၈ | ၁၉၉၂၀ | ၁၈၉၆၈ | ၁၇၇၉၅ | ၁၁၈၃ | ၁၀ |

၈။ လမ်းမတော်မြို့နယ်၊ ရပ်ကွက် ၁၃ ရပ်ကွက်ရှိ မဲရုံ ၂၂ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၁၁၈၃ ပျောက်ဆုံးနေပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၂၆၀၈ ဖြစ်၍ မြေပြင်တွင် ၂၆၀၈ ကျန်ရှိနေသည်။ ယင်းတို့အနက်မှ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ထုတ်ပေးထားခြင်းထက် ၁၀ ပိုမိုနေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၉။ လမ်းမတော်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်အမည် | မဲရုံ | ထုတ်ပေး | သုံးစွဲ | ကျန်ရမည့်ရွက်ရေ | မြေပြင်လက်ကျန် | ပျောက်ဆုံး | အပို |
|---|---|---|---|---|---|---|---|---|
| ၁ | အမှတ်(၁)ရပ်ကွက် | ၂ | ၃၃၀၀ | ၁၈၅၅ | ၁၄၄၅ | ၁၄၄၆ | | ၁ |
| ၂ | အမှတ်(၂)ရပ်ကွက် | ၂ | ၄၅၅၀ | ၂၂၆၅ | ၂၂၈၅ | ၂၁၅၁ | ၁၃၄ | |
| ၃ | အမှတ်(၃)ရပ်ကွက် | ၂ | ၃၂၅၀ | ၁၆၂၀ | ၁၆၃၀ | ၇၂၉ | ၉၀၁ | |
| ၄ | အမှတ်(၄)ရပ်ကွက် | ၂ | ၃၃၅၀ | ၁၈၈၈ | ၁၄၆၂ | ၁၄၆၄ | | ၂ |
| ၅ | အမှတ်(၅)ရပ်ကွက် | ၂ | ၃၄၅၀ | ၁၉၆၃ | ၁၄၈၇ | ၁၄၃၈ | ၄၉ | |
| ၆ | အမှတ်(၆)ရပ်ကွက် | ၂ | ၄၅၀၀ | ၂၃၆၈ | ၂၁၃၂ | ၂၁၃၄ | | ၂ |
| ၇ | အမှတ်(၇)ရပ်ကွက် | ၃ | ၅၆၅၀ | ၂၉၉၇ | ၂၆၅၃ | ၂၆၅၈ | | ၅ |
| ၈ | အမှတ်(၈)ရပ်ကွက် | ၁ | ၁၅၅၀ | ၁၀၁၃ | ၅၃၇ | ၅၃၃ | ၄ | |
| ၉ | အမှတ်(၉)ရပ်ကွက် | ၂ | ၂၅၅၀ | ၁၄၀၇ | ၁၁၄၃ | ၁၀၉၆ | ၄၇ | |

စာမျက်နှာ ၉ သို့

*စာမျက်နှာ ၈ မှ*

| စဉ် | ရပ်ကွက်အမည် | မဲရုံ | ထုတ်ပေး | သုံးစွဲ | ကျန်ရမည့် ရွက်ရေ | မြေပြင် လက်ကျန် | ပျောက် ဆုံး | အပို |
|---|---|---|---|---|---|---|---|---|
| ၁၀ | အမှတ်(၁၀)ရပ်ကွက် | ၁ | ၁၂၅၀ | ၄၆၉ | ၇၈၁ | ၇၈၁ | | |
| ၁၁ | အမှတ်(၁၁)ရပ်ကွက် | ၁ | ၈၀၀ | ၄၃၆ | ၃၆၄ | ၃၆၄ | | |
| ၁၂ | အမှတ်(၁၂)ရပ်ကွက် | ၁ | ၉၀၀ | ၅၀၂ | ၃၉၈ | ၃၅၀ | ၄၈ | |
| ၁၃ | မော်တော်ယာယီဈေး | ၁ | ၄၅၀ | ၄၀၇ | ၄၃ | ၄၃ | | |
| | ရပ်ကွက်ချုပ်စုစုပေါင်း | ၂၂ | ၃၅၅၅၀ | ၁၉၁၉၀ | ၁၆၃၆၀ | ၁၅၁၈၇ | ၁၁၈၃ | ၁၀ |
| | မြို့နယ်မဲလက်ကျန် | | ၃၃၃၈ | ၇၃၀ | ၂၆၀၈ | ၂၆၀၈ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | | ၃၈၈၈၈ | ၁၉၉၂၀ | ၁၈၉၆၈ | ၁၇၇၉၅ | ၁၁၈၃ | ၁၀ |

## လသာမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၈၉၀၀ | ၁၀၆၂၂ | ၈၂၇၈ | ၈၁၀၂ | ၂၄၉ | ၇၃ |
| ၂ | မြို့နယ် ကြိုတင်မဲလက်မှတ် | ၃၈၉ | ၃၀၈ | ၈၁ | ၉၃ | - | ၁၂ |
| ၃ | မြို့နယ် လက်ကျန်မဲလက်မှတ် | ၁၁၉၄ | - | ၁၁၉၄ | ၁၁၉၄ | - | - |
| | စုစုပေါင်း | ၂၀၄၈၃ | ၁၀၉၃၀ | ၉၅၅၃ | ၉၃၈၉ | ၂၄၉ | ၈၅ |

၁၀။ လသာမြို့နယ်၊ ရပ်ကွက်(၁၀)ရပ်ကွက်ရှိ မဲရုံ(၁၈)ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၂၄၉ ရွက် ပျောက်ဆုံးနေပြီး မဲလက်မှတ်အရေအတွက် ၇၃ ရွက်နှင့် မြို့နယ်ကြိုတင်မဲလက်မှတ်အရေအတွက် ၁၂ ရွက် စုစုပေါင်း ၈၅ ရွက် ပိုနေကြောင်း စိစစ်တွေ့ရှိရသည်။

၁၁။ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ အမှတ် | ထုတ် ပေး | သုံးစွဲ | ကျန်ရမည့် ရွက်ရေ | မြေပြင် လက်ကျန် | ပျောက် ဆုံး | ပို |
|---|---|---|---|---|---|---|---|---|
| ၁ | အမှတ်(၁) ရပ်ကွက် | ၂ | ၂၁၅၀ | ၁၁၃၅ | ၁၀၁၅ | ၁၀၁၈ | - | ၃ |
| ၂ | အမှတ်(၂) ရပ်ကွက် | ၂ | ၂၃၅၀ | ၁၁၅၈ | ၁၁၉၂ | ၉၉၂ | ၂၀၀ | - |
| ၃ | အမှတ်(၃) ရပ်ကွက် | ၂ | ၂၀၅၀ | ၁၂၇၂ | ၇၇၈ | ၇၈၀ | - | ၂ |
| ၄ | အမှတ်(၄) ရပ်ကွက် | ၂ | ၂၅၀၀ | ၁၃၆၈ | ၁၁၃၂ | ၁၁၄၂ | - | ၁၀ |
| ၅ | အမှတ်(၅) ရပ်ကွက် | ၂ | ၂၁၀၀ | ၁၂၀၃ | ၈၉၇ | ၉၀၁ | - | ၄ |
| ၆ | အမှတ်(၆) ရပ်ကွက် | ၂ | ၂၁၀၀ | ၁၁၁၅ | ၉၈၅ | ၉၃၆ | ၄၉ | |
| ၇ | အမှတ်(၇) ရပ်ကွက် | ၂ | ၁၉၅၀ | ၁၀၆၃ | ၈၈၇ | ၈၉၁ | - | ၄ |
| ၈ | အမှတ်(၈) ရပ်ကွက် | ၂ | ၂၁၅၀ | ၁၁၆၅ | ၉၈၅ | ၉၈၅ | - | - |
| ၉ | အမှတ်(၉) ရပ်ကွက် | ၁ | ၁၀၀၀ | ၇၆၆ | ၂၃၄ | ၂၃၄ | - | - |
| ၁၀ | အမှတ်(၁၀) ရပ်ကွက် | ၁ | ၅၅၀ | ၃၇၇ | ၁၇၃ | ၂၂၃ | - | ၅၀ |
| | ရပ်ကွက်ချုပ်စုစုပေါင်း | ၁၈ | ၁၈၉၀၀ | ၁၀၆၂၂ | ၈၂၇၈ | ၈၁၀၂ | ၂၄၉ | ၇၃ |
| | မြို့နယ်ကြိုတင်ဆန္ဒမဲ | | ၃၈၉ | ၃၀၈ | ၈၁ | ၉၃ | - | ၁၂ |
| | မြို့နယ်လက်ကျန် | | ၁၁၉၄ | - | ၁၁၉၄ | ၁၁၉၄ | - | - |
| | မြို့နယ်ချုပ်စုစုပေါင်း | | ၂၀၄၈၃ | ၁၀၉၃၀ | ၉၅၅၃ | ၉၃၈၉ | ၂၄၉ | ၈၅ |

## မရမ်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၆၆၇၅၀ | ၁၀၈၇၂၀ | ၅၈၀၃၀ | ၅၇၃၉၇ | ၆၃၃ | - |
| ၂ | မြို့နယ်ကြိုတင် မဲလက်မှတ် | ၂၇၂၈ | ၂၇၂၈ | - | - | - | - |
| ၃ | မြို့နယ် မဲလက်ကျန် | ၈၉၉၂ | - | ၈၉၉၂ | ၈၉၉၂ | - | - |
| | စုစုပေါင်း | ၁၇၈၄၇၀ | ၁၁၁၄၄၈ | ၆၇၀၂၂ | ၆၆၃၈၉ | ၆၃၃ | - |

၁၂။ မရမ်းကုန်းမြို့နယ် ရပ်ကွက်စုစုပေါင်း ၁၀ ရပ်ကွက်ရှိ မဲရုံပေါင်း ၁၂၁ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၆၃၃ ရွက် ပျောက်ဆုံးနေပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက်မှာ ၆၇၀၂၂ ရွက် ဖြစ်သော်လည်း မြေပြင်တွင် ၆၆၃၈၉ ရွက် ကျန်ရှိနေသည်။ ယင်းတို့အနက် ၈၉၉၂ ရွက်မှာ အသစ်အတိုင်း စစ်ဆေးတွေ့ရှိရပါသည်။

၁၃။ မရမ်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေး တွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ | ထုတ်ပေး | သုံးစွဲ | ကျန်ရမည့် ရွက်ရေ | မြေပြင် လက်ကျန် | ပျောက် ဆုံး |
|---|---|---|---|---|---|---|---|
| ၁ | အမှတ် (၁) ရပ်ကွက် | ၂၀ | ၃၆၅၀၀ | ၂၃၀၁၆ | ၁၃၄၈၄ | ၁၃၂၂၄ | ၂၆၀ |
| ၂ | အမှတ် (၂) ရပ်ကွက် | ၂၄ | ၃၂၀၀၀ | ၂၀၈၀၄ | ၁၁၁၉၆ | ၁၁၁၃၅ | ၆၁ |
| ၃ | အမှတ် (၃) ရပ်ကွက် | ၁၆ | ၂၂၄၀၀ | ၁၄၉၁၁ | ၇၄၈၉ | ၇၄၃၉ | ၅၀ |
| ၄ | အမှတ် (၄) ရပ်ကွက် | ၉ | ၁၁၅၀၀ | ၈၁၆၉ | ၃၃၃၁ | ၃၃၃၁ | - |
| ၅ | အမှတ် (၅) ရပ်ကွက် | ၂၁ | ၂၈၄၅၀ | ၁၈၂၇၆ | ၁၀၁၇၄ | ၉၉၃၂ | ၂၄၂ |
| ၆ | အမှတ် (၆) ရပ်ကွက် | ၆ | ၆၂၀၀ | ၄၀၈၇ | ၂၁၁၃ | ၂၀၉၃ | ၂၀ |
| ၇ | အမှတ် (၇) ရပ်ကွက် | ၄ | ၆၉၀၀ | ၄၄၅၀ | ၂၄၅၀ | ၂၄၅၀ | - |
| ၈ | အမှတ် (၈) ရပ်ကွက် | ၉ | ၁၁၀၀၀ | ၇၁၃၀ | ၃၈၇၀ | ၃၈၇၀ | - |
| ၉ | အမှတ် (၉) ရပ်ကွက် | ၇ | ၇၃၀၀ | ၄၇၅၆ | ၂၅၄၄ | ၂၅၄၄ | - |
| ၁၀ | အမှတ် (၁၀)ရပ်ကွက် | ၅ | ၄၅၀၀ | ၃၁၂၁ | ၁၃၇၉ | ၁၃၇၉ | - |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၁၂၁ | ၁၆၆၇၅၀ | ၁၀၈၇၂၀ | ၅၈၀၃၀ | ၅၇၃၉၇ | ၆၃၃ |
| | မြို့နယ်ကြိုတင်မဲ | | ၂၇၂၈ | ၂၇၂၈ | - | - | - |
| | မြို့နယ်မဲလက်ကျန် | | ၈၉၉၂ | - | ၈၉၉၂ | ၈၉၉၂ | - |
| | မြို့နယ်ချုပ်စုစုပေါင်း | | ၁၇၈၄၇၀ | ၁၁၁၄၄၈ | ၆၇၀၂၂ | ၆၆၃၈၉ | ၆၃၃ |

၁၄။ မရမ်းကုန်းမြို့နယ်တွင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်အရ ဆန္ဒမဲပေးသူ ၁၁၁၂၈၈ ဖြစ်ပါသည်။ မြေပြင်စစ်ဆေးရာတွင် မဲလက်မှတ် ၁၁၁၄၄၈ ရွက် သုံးစွဲထားသဖြင့် မဲလက်မှတ် ၁၆၀ ရွက် ပိုမိုသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ၁၁-၃-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

*ယမန်နေ့မှအဆက်*

**နမူနာအဖြစ် ခင်းကျင်းပြသထား**

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ယနေ့ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသွားမည် ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ အရ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ပုဒ်မ ၄၁၈ (က) အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်တာဝန်ပေးအပ်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖေဖော်ဝါရီလ ၂ ရက်တွင် ဖွဲ့စည်းခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်၊ ၉ ရက်၊ ၂၃ ရက်နှင့် ၂၆ ရက်စွဲပါ အမိန့်များဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဥက္ကဋ္ဌ ဦးသိန်းစိုး၊ အဖွဲ့ဝင် ၁၄ ဦး၊ စုစုပေါင်း ၁၅ ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်ခဲ့ကြောင်း၊ ၎င်းတို့အနက် လုပ်ငန်းစဉ် (၁) ဖြစ်သည့် "ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်"နှင့် ရှေ့လုပ်ငန်းစဉ် (၅) ဖြစ်သည့် "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံချိန်စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်" ဟူသော လုပ်ငန်းစဉ်နှစ်ရပ်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုက်ရိုက်သက်ဆိုင်ပြီး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လက်ရှိဆောင်ရွက်ချက်များကို အပိုင်း သုံးပိုင်းခွဲ၍ ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း၊ ၎င်းတို့မှာ မဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်းအပိုင်း၊ ဆန္ဒမဲလက်မှတ်များမြေပြင်ကွင်းဆင်းစစ်ဆေးခြင်းအပိုင်းနှင့် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံခြင်းအပါအဝင် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပိုင်းတို့ ဖြစ်ကြောင်း၊ ပထမဦးစွာ မဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်း အပိုင်းနှင့်စပ်လျဉ်း၍ တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့က မြို့နယ် ၃၁၅ မြို့နယ်၏ မဲစာရင်းစိစစ်ချက်များတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၇၁၉၇၇၈၅ ဦးအနက် မဲမသမာမှု ပြုနိုင်/ဖြစ်နိုင်သည့် မဲစာရင်း ၁၀၄၈၂၁၁၆ ဦး၊ ရာခိုင်နှုန်းအားဖြင့် ၂၈ ဒသမ ၁၇ ရာခိုင်နှုန်းတွေ့ရှိရသည်ကို အသေးစိတ်ထုတ်ပြန်ခဲ့ကြောင်း၊ ဖော်ပြပါစိစစ်ခဲ့သည့် မဲဆန္ဒရှင်စာရင်းသည် ဒုတိယအကြိမ် မဲစာရင်းကပ်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဖြန့်ဝေသည့်




မဲလက်မှတ်များ မြေပြင်စစ်ဆေးမှုမှတ်တမ်းဓာတ်ပုံ။

မဲစာရင်း PDF များကို အခြေခံဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သည့် မဲဆန္ဒရှင်စာရင်းစိစစ်တွေ့ရှိချက်များမှာ သက်ဆိုင်ရာ မြို့နယ်ကော်မရှင် အဖွဲ့ခွဲများက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနေ့တွင် အသုံးပြုခဲ့သော နောက်ဆုံးမဲစာရင်း(Soft Copy)များကို တောင်းခံရယူပြီးနောက် စိစစ်ထုတ်ပြန်သည့် စာရင်းဇယားများဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်မှ ၁၀ ရက်အထိ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ကိုးခုရှိ မြို့နယ်ပေါင်း ၂၁ မြို့နယ်၊ မဲရုံပေါင်း ၃၁၂၈ ရုံကို စိစစ်ခဲ့ရာတွင် မြို့နယ်ကော်မရှင်စာရင်းအရ မဲဆန္ဒရှင် ၃၅၁၇၆၄၇ ဦး ဖြစ်သော်လည်း လဝကစာရင်းအရ ၂၇၉၄၈၈၃ ဦးသာရှိသည်ကို တွေ့ရကြောင်း၊ ၎င်းတို့ အနက် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူ ၃၉၈၄၄၄ ဦး၊ နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း သုံးကြိမ်နှင့်အထက် ပါဝင်နေသူ ၂၆၃၄၅ ဦး၊ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်းနှစ်ကြိမ်ပါဝင်သူ ၃၂၅၅၃၀ ဦး ဖြစ်ကြောင်း၊ စိစစ်တွေ့ရှိချက်အရ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူနှင့် မဲစာရင်းထပ်နေသူစုစုပေါင်း ၇၅၀၃၁၉ ဦးရှိကြောင်း တွေ့ရှိရသဖြင့် ရာခိုင်နှုန်းအားဖြင့် မဲဆန္ဒရှင်၏ ၂၁ ဒသမ ၃၃ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ယခုစစ်ဆေးမှုမှာ တစ်မြို့ နယ်ချင်းအလိုက် စစ်ဆေးတွေ့ရှိမှုများသာဖြစ် ပြီး မြို့နယ်တစ်မြို့နယ်နှင့် အခြားတစ်မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုနှင့် အခြားတစ်ခု စစ်ဆေးမှု ဖြစ်သည့် (Cross Check)စစ်ဆေးမှုများပါ ပါဝင်ပါက ယခုထက်ပိုမိုများပြားနိုင်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ အဆိုပါမြို့နယ် ၂၁ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများအပေါ် တပ်မတော်၏စိစစ်ချက်များနှင့် ကော်မရှင်၏စိစစ်ချက်များကို နှိုင်းယှဉ်ရာတွင် စိစစ်ရသည့် အခြေခံမဲဆန္ဒရှင်စာရင်း ကွာခြားချက်အရ ခြားနားချက်အချို့ ရှိခဲ့ပြီး ကော်မရှင်က စိစစ်တွေ့ရှိမှုအရေအတွက်က ပိုမိုများပြားလျက်ရှိကြောင်း၊ ခြားနားချက် ပေါင်းချုပ်အနေဖြင့် ကိုင်ဆောင်သည့်လက်မှတ် တစ်မျိုးမျိုး (မှတ်ပုံတင်)မရှိဘဲ မဲစာရင်းတွင်ပါဝင်သူ ၃၀၄၅၈ ဦး၊ တစ်ကြိမ်ထက်ပို၍ မဲစာရင်းတွင် ပါဝင်သူ (ထပ်နေသောမဲစာရင်း) ၁၄၂၃၈၁ ဦး ပိုမိုစိစစ်တွေ့ရှိရကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ခဲ့သော မြို့နယ် ၂၁ မြို့နယ်အနက် တပ်ကုန်းမြို့နယ်၊ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့ကိုစိစစ်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူ ၅၉၄၂၃ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်းသုံးကြိမ်နှင့်အထက်ပါဝင်နေသူ ၈၃၉၅ ဦး၊ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း နှစ်ကြိမ်ပါဝင်နေသူ ၈၁၇၉၄ ဦး၊ စုစုပေါင်း ၁၄၉၆၁၂ ဦး၏ စာရင်းအသေးစိတ်ကို လက်တွေ့ကြည့်ရှုစစ်ဆေးနိုင်ရန် နမူနာအဖြစ် ခင်းကျင်းပြသထားပါကြောင်း ပြောကြားသည်။

**မဲမသမာမှုများဖြစ်နိုင်**

ဆက်လက်ပြီး ဒုတိယပိုင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သော ဆန္ဒမဲလက်မှတ်များကို မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ထုတ်ပြန်မှုအခြေအနေများကို တင်ပြသွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်မှ မတ်လ ၁၀ ရက်အထိ ပြည်ထောင်စုနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၁၆ မြို့နယ်ရှိ မဲရုံပေါင်း ၁၈၂၇ ရုံ၏ ဆန္ဒမဲလက်မှတ်များကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ ဝန်ထမ်းများ ပါရှိသော ပူးပေါင်းအဖွဲ့ဖြင့် ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ စစ်ဆေးမှုစာရင်းချုပ်အရ ထုတ်ယူရရှိသည့်မဲလက်မှတ်ပေါင်း ၂၄၉၂၄၂၃ စောင်၊ အသုံးပြုသည့်မဲလက်မှတ် ၁၇၃၈၃၃၃ စောင်၊ ကျန်ရမည့်မဲလက်မှတ်အရေအတွက် ၇၅၄၀၉၀ စောင်ဖြစ်သော်လည်း မြေပြင်လက်ကျန် ၇၀၆၄၈၆ စောင်သာရှိပြီး ကွာခြားချက်အနေဖြင့် ပျောက်ဆုံး ၇၇၀၈၅ စောင်နှင့် အပို ၂၉၄၈၁ စောင် ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထိုသို့စစ်ဆေးရာ မြို့နယ်အချို့တွင် တွေ့ရှိရမှုအချို့ကို ထုတ်နုတ်တင်ပြမည် ဖြစ်ပါကြောင်း၊ တပ်ကုန်းမြို့နယ် ခရမ်းစပ်ကုန်းကျေးရွာအုပ်စု မဲရုံနှစ်ရုံရှိ ကြိုတင်ဆန္ဒမဲလက်မှတ် လက်ကျန်မဲလက်မှတ် နှစ်စောင်တွင် မဲဆန္ဒရှင် ဦးအောင်ကြည်၊ မဲစာရင်းအမှတ် ၁၇၇၃ နှင့် ဒေါ်ဂျမ်းတင်၊ မဲစာရင်း အမှတ် ၁၇၇၄ တို့က ဆန္ဒပြုတံဆိပ်တုံးရိုက်နှိပ်ပြီး၊ လက်ဗွေနှိပ်ပြီး ဖြစ်သော်လည်း မဲလက်မှတ်လက်ခံအတိုင်း ကျန်ရှိနေပြီး အခြားမဲလက်မှတ် လက်ခံဖြတ်ပိုင်းများတွင် ထပ်မံမဲပေးထားသည်ကို တွေ့ရှိရကြောင်း၊ တင်ပြလိုသည့်အချက်မှာ မဲလက်မှတ်ကို မဲဆန္ဒရှင်က ထုတ်ယူပြီး ဆန္ဒပြု၍ စာအိတ်တွင်ထည့်ပြီးမှ မဲပုံးတွင်ထည့်ရန်ဖြစ်သော်လည်း မဲလက်မှတ်စာအုပ်တွင် ဆန္ဒပြုပြီး မဲလက်မှတ်လက်ကျန်များ တွေ့ရှိရသည်မှာ မဲမသမာမှုများ ဖြစ်နိုင်သည့်အခြေအနေဖြစ်သည်ကို စိစစ်တွေ့ရှိရကြောင်း၊ ထို့အပြင် စစ်ဆေးမှုစာရင်းချုပ်အရ မဲလက်မှတ် ၆၈၀၄ စောင် ပျောက်ဆုံးပြီး မဲလက်မှတ် ၄၈ စောင် အပိုစာရင်းအဖြစ် တွေ့ရှိရကြောင်း၊ ပျော်ဘွယ်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ကွာခြားချက်အနေဖြင့် ပျောက်ဆုံး ၇၀၂၃ စောင်နှင့် အပို ၄၁၂၅ စောင်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထူးခြားချက်မှာ ပျော်ဘွယ် မြို့နယ်တွင် မဲလက်မှတ်များ စစ်ဆေးနေစဉ် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်တွင် ဆိတ်ချိုကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်ဆွေက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်အတွက် အသုံးမပြုရသေးသော မဲလက်မှတ် တစ်အုပ်စီ ကိုလည်းကောင်း၊

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

၂၇ ရက်တွင် ဘုရားကြီးကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသူရ၊ အတွင်းရေးမှူး ဦးသန်းဦးတို့က ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်အတွက် အသုံးမပြုရသေးသော မဲလက်မှတ်စာအုပ် လေးအုပ်စီကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်အတွက် အသုံးမပြုရသေးသော မဲလက်မှတ်များအား ဂျန်းတောင်ကျေးရွာအုပ်စုမှ တစ်အုပ်၊ ချောင်းမကြီးကျေးရွာအုပ်စုမှ လေးအုပ် ကိုးရွက်၊ ဆည်ရွာလက်ပံကိုင်းကျေးရွာအုပ်စုမှ ၂ အုပ် ၁၅ ရွက်နှင့် အမည်မမှတ်မိကျေးရွာအုပ်စုတို့မှ ငါးအုပ်တို့အား ပျော်ဘွယ်မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးသို့ လာရောက်အပ်နှံသည်ကိုတွေ့ရှိရကြောင်း၊ ဆိုလိုသည်မှာ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများအရ ကြိုတင်မဲလက်မှတ် လက်ကျန်များကို သက်ဆိုင်ရာမဲရုံများသို့အပ်နှံပြီး မဲရုံပိတ်ချိန်တွင် အထုပ်တွင်ထည့်သွင်းချိပ်ပိတ်ရမည်ဖြစ်သော်လည်း ဆောင်ရွက်ခြင်းမရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ တာမွေမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးရာတွင် ထုတ်ယူရရှိ ၁၄၀၃၁၄ စောင်၊ အသုံးပြု ၇၈၇၅၈ စောင်၊ ကျန်ရမည့်မဲလက်မှတ် ၆၁၅၅၆ စောင် ဖြစ်သော်လည်း မြေပြင်လက်ကျန် ၅၅၈၀၄ စောင်ဖြစ်ပြီး ကွာခြားချက်အနေဖြင့် ပျောက်ဆုံး ၁၁၇၄၅ စောင်၊ အပို ၅၉၉၃ စောင်ဖြစ်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ထူးခြားချက်မှာ မဲရုံများတွင် ချိပ်ပိတ်သိမ်းဆည်းအပ်နှံပြီး နောက်ပိုင်းတွင် ရပ်ကွက်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူးများ လက်ဝယ်တွင် အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသည့်အသုံးပြုပြီး ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်း ၁၅၃ စောင်နှင့် အသုံးမပြုရသေးသည့် မဲလက်မှတ် ၂၈၄၉ စောင်တို့ကို ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲများက ထပ်မံလာရောက်အပ်နှံသဖြင့် မြို့နယ် ကော်မရှင်အဖွဲ့ခွဲတွင် သီးခြားထိန်းသိမ်းထားသည့် မဲလက်မှတ်များအဖြစ် စိစစ်တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရှိရကြောင်း၊ အမရပူရမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးရာတွင် ကျန်တန်းရပ်ကွက်၊ မဲရုံအမှတ်(၁)၏ ပြည်သူ့လွှတ်တော်မဲလက်မှတ်များရှာဖွေတွေ့ရှိခြင်းမရှိသဖြင့် မဲလက်မှတ် ၄၂၃၁ စောင် ပျောက်ဆုံးနေကြောင်း တွေ့ရှိရပြီး ၎င်းပျောက်ဆုံး ပြည်သူ့လွှတ်တော်မဲလက်မှတ်အစား အမျိုးသားလွှတ်တော် မဲလက်မှတ်များ ထည့်သွင်းတွက်ချက်ပါက ပျောက်ဆုံးမဲလက်မှတ် ၂၀၈၁ စောင် ဖြစ်သည်ကို တွေ့ရှိရကြောင်း ပြောကြားသည်။

### မဲစာရင်းစစ်ဆေးမှုထုတ်ပြန်

ဆက်လက်တင်ပြလိုသည့် အပိုင်းကတော့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်တွင် နိုင်ငံရေးပါတီ ၅၃ ပါတီနှင့် တွေ့ဆုံဆွေးနွေးခဲ့မှု အခြေအနေကို တင်ပြသွားမည်ဖြစ်ကြောင်း၊ ၎င်းအစည်းအဝေးမှ ဆုံးဖြတ်ချက် (၇)ချက် ချမှတ်နိုင်ခဲ့ပြီး ပြည်တွင်းရွှေ့ပြောင်းလုပ်သားများ မဲပေးမှု တရားမျှတမှုရှိရေး ဥပဒေမူဘောင်ကိစ္စ၊ ရွေးကောက်ပွဲစနစ်ပြောင်းလဲ ကျင့်သုံးရေးကိစ္စ၊ နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စ၊ မဲစာရင်းစစ်ဆေးမှုထုတ်ပြန်ချက်များကိစ္စ၊ မဲစာရင်းပြုစုရာတွင် နိုင်ငံရေးပါတီများ၊ ကွန်ပျူတာပညာရှင်များ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စ၊ မဲပေးပိုင်ခွင့်ရှိသူအားလုံး နိုင်ငံသားစိစစ်ရေးကတ်ရရှိရေး၊ အိမ်ထောင်စုစာရင်းများ ပြုလုပ်ထားရှိရေး၊ ပါတီများနှင့် နှစ်လတစ်ကြိမ်၊ သုံးလတစ်ကြိမ် တွေ့ဆုံရေးအပါအဝင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သော

## “စိစစ်တွေ့ရှိချက်များကို သက်သေအဖြစ် ပြသနိုင်ကြောင်း၊ မဲစာရင်းများနှင့် မဲလက်မှတ်များသည် အမှန်တကယ်တွေ့ရှိရသည့် ဖြစ်စဉ်အမှန်များ ဖြစ်ပါကြောင်း၊ ထုတ်ပြန်ချက်များကိုလည်း ယုံကြည်စေချင်ပါကြောင်း၊ လာရောက်၍ လေ့လာနိုင်ပါကြောင်း၊ တိတိကျကျ သေသေချာချာ ထုတ်ပြန်ပေးသွားမည်ဖြစ်”

ရွေးကောက်ပွဲဆိုင်ရာပြစ်မှု၊ တရားမဲ့ပြုကျင့်မှုများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနမှ ရရှိသော စာရင်းဇယားများအရ သက်ဆိုင်ရာရဲစခန်းများသို့ အမှုဖွင့်တိုင်ကြားထားသော အမှုပေါင်း ၅၄၆ မှုရှိကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၏ စိစစ်တင်ပြချက်များအရ ၅၁၃ မှု ရှိကြောင်း၊ တရားမဲ့ ပြုကျင့်မှုများနှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာ အမှုပေါင်း ၂၈၇ မှုရှိပြီး မဲဆန္ဒရှင်များက တင်ပြသည့် အမှု ၉၄ မှုနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများက တင်ပြသည့်အမှု ၁၉၃ မှုတို့ ဖြစ်ကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကျင်းပပြီးစီးခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သော တရားမဲ့ပြုကျင့်မှုများ၊ မသမာမှုများကို တိုင်ကြားနိုင်ကြောင်း ထုတ်ပြန်ချက်အရ ဆက်လက်တိုင်ကြားမှုများလည်း ရှိကြောင်း၊ လပွတ္တာမြို့နယ် ညောင်လိန်ကျေးရွာတွင် ဖြစ်ပွားခဲ့သော ကြိုတင်ဆန္ဒမဲလက်မှတ်များ မီးရှို့သည့် ဖြစ်စဉ်တွင် တာဝန်ရှိသည့် ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌအား လည်းကောင်း၊ မတ္တရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ထိန်းသိမ်းထားသော မဲလက်မှတ် စာရင်းများ စစ်ဆေးချက်အရ မဲဆန္ဒရှင် ခြောက်ဦးက နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် နှစ်ကြိမ် မဲပေးကြောင်း စိစစ်တွေ့ရှိရသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ အမှုဖွင့်အရေးယူရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

### အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးစီးသည့် ကော်မရှင်အဖွဲ့ဝင်များ၊ ရုံးအဖွဲ့ဝန်ထမ်းများသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မဲဆန္ဒရှင်စာရင်းများစိစစ်ခြင်း၊ ဆန္ဒမဲလက်မှတ်များကို မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး တွေ့ရှိချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်မှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မေးမြန်းလိုသည့် မေးခွန်းများကို မီဒီယာတစ်ဦးလျှင် နှစ်ခုနှုန်းဖြင့် မေးမြန်းပေးပါရန် ပြောကြားသည်။

ပထမဦးစွာ **ထာဝရငြိမ်းချမ်းရေး သတင်းကွန်ရက်သတင်းဌာနမှ သတင်းထောက် ဦးဥက္ကာ**က လက်ရှိဖွဲ့စည်းထားသည့် UEC အနေဖြင့် ယခုလို မဲစာရင်းတွေ စိစစ်ဖော်ထုတ်ပြီးသည့်အခါမှာ ပြစ်မှုထင်ရှားနေသည်ကို တွေ့ရှိရပါကြောင်း၊ အရေးယူဆောင်ရွက်သွားမည်လို့လည်း သိရပါကြောင်း၊ အရေးယူ ဆောင်ရွက်မှုအပိုင်းက အချိန်မည်မျှကြာနိုင်မည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က အရေးယူဆောင်ရွက်မှုအပိုင်းတွင် ရွေးကောက်ပွဲဥပဒေပါ အခန်း(၁၃)အရ ရဲအရေးပိုင်သည့်အမှုဖြစ်ခြင်းကြောင့် ရဲစခန်းကိုတိုင်ကြားရပါကြောင်း၊ ရဲစခန်းက အမှုဖွင့်ပြီးမှသာ စုံစမ်းစစ်ဆေးမှုများ ဆက်လုပ်သွားရမည်ဖြစ်ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနက စာရင်းဇယားများ တောင်းခံပြီး တချို့အမှုများကို ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ အချို့အမှုများကို စိစစ်ဆဲဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ်များအနေဖြင့် မည်သည့်အချိန် ပြီးပြတ်မည်ကို မသိရှိနိုင်သေးကြောင်း၊ အမြန်ဆုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**မြန်မာနေရှင်နယ်ပို့စ် သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ်အနေဖြင့် မဲမသမာမှု အခြေအနေများ ထုတ်ပြန်လျက်ရှိပြီး တပ်မတော်အစိုးရ၏ ယခင်ကထုတ်ပြန်ခဲ့သည့် မဲမသမာမှုများကို လက်မခံဘဲ၊ ပြည်သူလူထုကလည်း ဆန္ဒပြနေကြောင်း၊ မဲမသမာမှုကို သံသယဖြစ်နေသည့် ပြည်သူလူထုကို ဆရာ့အနေဖြင့် မည်ကဲ့သို့ သတင်းစကားပေးလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး** က စိစစ်တွေ့ရှိချက်များကို သက်သေအဖြစ် ပြသနိုင်ကြောင်း၊ မဲစာရင်းများနှင့် မဲလက်မှတ်များသည် အမှန်တကယ်တွေ့ရှိရသည့် ဖြစ်စဉ်အမှန်များ ဖြစ်ပါကြောင်း၊ ထုတ်ပြန်ချက်များကိုလည်း ယုံကြည်စေချင်ပါကြောင်း၊ လာရောက်၍ လေ့လာနိုင်ပါကြောင်း၊ တိတိကျကျ သေသေချာချာ ထုတ်ပြန်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**Skynet သတင်းဌာနမှ သတင်းထောက် ဦးမင်းဇင်ထက်** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ်အနေဖြင့် မဲစာရင်းများကို စိစစ်ထားပြီး ထုတ်ပြန်ထားခြင်းများ တွေ့ရှိရပါကြောင်း၊ UN ၊ အာဆီယံနှင့် ဘက်မလိုက်သော အဖွဲ့အစည်းများ ဖိတ်ခေါ်ပြီး မဲစာရင်းများကို စိစစ်ဆောင်ရွက်သွားဖို့ အစီအစဉ်ရှိပါသလားဟု မေးမြန်းသည်။

### အားလုံးပူးပေါင်းထားသည့် အဖွဲ့အစည်းဖြစ်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး** က ဘက်မလိုက်သော အဖွဲ့အစည်းများဖြင့် စစ်ဆေးခံရန် လက်တလော အစီအစဉ်မရှိပါကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ဥပဒေ ပုဒ်မ-၅၃ အရ အငြင်းပွားဖွယ်၊ ပြဿနာဖြစ်ဖွယ်ရာ စာရင်းဇယားများကို တောင်းယူပြီး ကြည့်ရှုစစ်ဆေးနိုင်ကြောင်း၊ စစ်ဆေးတွေ့ရှိချက်အပေါ်မူတည်ပြီး လိုအပ်သလို ဆုံးဖြတ်နိုင်ကြောင်း၊ ယခု UEC မှာလည်း အများယုံကြည်ရသော ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများလည်းပါဝင်ပြီး အားလုံးပူးပေါင်းထားသည့် အဖွဲ့အစည်းဖြစ်သဖြင့် လုံလောက်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**ဆက်လက်၍ Skynet သတင်းဌာနမှ သတင်းထောက် ဦးမင်းဇင်ထက်** က UEC အသစ်အနေဖြင့် မဲစာရင်းများကို မြို့နယ်အလိုက် ရပ်ကွက်တစ်ခုလျှင် တစ်ဦး သို့မဟုတ် နှစ်ဦး၊ မြို့နယ်အလိုက် ၁၀ ရပ်ကွက် ဦးရေ ၂၀ ဖွဲ့စည်း၍ မြို့နယ်အလိုက် မဲစာရင်းများကိုကပ်ပြီး ပြည်သူလူထုက မျက်မြင်ကြည့်ရှုပြီး မဲစာရင်း မရှင်းလင်းခြင်းများကို မေးမြန်းမည်ဆိုပါက ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး** က စိစစ်ထားသည့် မဲစာရင်းဇယားအသေးစိတ် မိမိတို့တွင် ရှိပါကြောင်း၊ လတ်တလော မေးမြန်းလာပါက ဖြေကြားနိုင်ပါကြောင်း၊ မြို့နယ်အလိုက် မဲစာရင်းများကို စိစစ်ပြီးပါက မဲစာရင်းများကိုဖြန့်ဝေပြီး မြို့နယ်အလိုက် ကြည့်ရှုနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ** က ရွေးကောက်ပွဲစနစ် ပြောင်းလဲမည့်ကိစ္စသည် PR စနစ်ကို အသုံးပြုသွားမည် ဟုတ်/မဟုတ် သိလိုကြောင်း မေးမြန်းသည်။

### လေ့လာသုံးသပ်နေ

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး** က ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်က နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးသည့်အခါ ရွေးကောက်ပွဲစနစ်တစ်ခုဖြစ်သည့် PR စနစ် (အချိုးကျကိုယ်စားပြုစနစ်)ကို သင့်လျော်သည့် လွှတ်တော်ရွေးကောက်ပွဲများတွင် အသုံးပြုသင့်သည်ကို အကြံပြုချက်များရှိကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး အချိန်လိုအပ်သလို ဥပဒေဘောင်အရလည်း လိုအပ်မည်ဖြစ်ကြောင်း၊ ဒါပေမယ့်လည်းပြင်ဆင်မှု လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့သော်လည်း လုပ်နိုင်ခြေရှိ၊ မရှိဆောင်ရွက်နိုင်မည့်အနေအထားကို သုံးသပ်နိုင်ဖို့အတွက်ပါတီများကိုလည်း စာတမ်းများပြုစု ခိုင်းထားပါကြောင်း၊ စာတမ်းများပြုစုပြီးပါက နောက်တစ်ကြိမ် တွေ့ဆုံပြီး ဆွေးနွေးနိုင်အောင် စီစဉ်ထားပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် PR စနစ်နှင့်ပတ်သက်၍ ဖြစ်နိုင်ခြေကို လေ့လာသုံးသပ်နေပါကြောင်း၊ မိမိတို့အနေဖြင့် ဆောင်ရွက်နေမှု အခြေအနေကိုသာ ပြောနိုင်ပါကြောင်း၊ ဆောင်ရွက်ဖြစ်၊ မဖြစ်ကို လက်ရှိအခြေအနေအရ မပြောနိုင်သေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ** က တကယ်လို့ ရွေးကောက်ပွဲပြန်လည်ကျင်းပဖြစ်ရင် ဒီစနစ်ကို ကျင့်သုံးမယ်လို့ ဆုံးဖြတ်ထားပါသလား သိလိုကြောင်း မေးမြန်းသည်။

ဆက်လက်၍ **ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး** က ကျွန်တော်တို့ အဲဒီလိုတော့ မဆုံးဖြတ်ရသေးပါဘူးဟု ဖြေကြားသည်။

**People Media သတင်းဌာနမှ သတင်းထောက် ဦးပြည့်ဖြိုးအောင်**က ပထမတစ်ခုမေးချင်တာက လွှတ်တော်သက်တမ်းနှစ်ခုမှာ ကြန့်ကြာနေသော ရေးဆွဲပြီးသားဖြစ်သော Right to Recall Law ကို ခုအချိန်အထိ မပြဋ္ဌာန်းနိုင်ဘူး။ ဒါနဲ့ပတ်သက်ပြီး UEC အနေနဲ့ရော ဘယ်လိုဆက်လုပ်သွားဖို့ အစီအစဉ်ရှိပါသလဲ၊ တကယ်လို့ PR စနစ်ကျင့်သုံး Right to Recall Law ဥပဒေအရ ရှိမှကိုဖြစ်မယ့် ဥပဒေတစ်ရပ်ဖြစ်နေတော့ ဒါနဲ့ပတ်သက်လို့ UEC အနေနဲ့ ဘယ်လိုသဘောထားရှိပါသလဲ သိလိုကြောင်း မေးမြန်းသည်။

*စာမျက်နှာ ၁၂ သို့*

# ပြည်သူများ အပန်းဖြေအနားယူရန် နမ့်ယောင်းချောင်းသို့ သွားရောက်လည်ပတ်လျက်ရှိ

**မိုင်းယောင်းမြို့ မတ် ၁၄**



မြန်မာနိုင်ငံ၏ အရှေ့ဘက်အကျဆုံးမြို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် သာယာလှပသော နမ့်ယောင်းချောင်းသို့ ပြည်သူများ စိတ်အေးချမ်းသာစွာ သွားရောက်လည်ပတ်လျက်ရှိသည်။ **(ယာပုံ)**

ထိုသို့ သွားရောက်လည်ပတ်ရာတွင် ထပ်လုံ(ဓာတ်လုံစွမ်ယောင်း)ဘုရားဖူးပြီး ဝမ်တောင်းနှင့် လော့ငိုးကျေးရွာအနီးရှိ နမ့်ယောင်းချောင်းဘေး သဲသောင်ပြင်နေရာများနှင့် နမ့်ယောင်းချောင်းကူး(လော့ငိုး)ကြိုးတံတားသို့ အဓိကသွားရောက်ကာ သာယာလှပသော သဘာဝတောတောင်ရှုခင်းများကို ကြည့်ရှုခံစားခြင်း၊ အမှတ်တရဓာတ်ပုံ ရိုက်ကူးခြင်း၊ ရေကစားခြင်းတို့ ပြုလုပ်နိုင်သည်။

ယခုအခါ မိုင်းယောင်းတွင် မိမိချစ်ခင်ရသော သူငယ်ချင်းအပေါင်းအသင်းများ၊ လုပ်ဖော်ကိုင်ဖက်များ၊ မိသားစုများဖြင့် ထပ်လုံဘုရားဖူးပြီး နမ့်ယောင်းချောင်းနှင့်အတူ အနားယူအပန်းဖြေလျက် ပူပြင်းသော နွေရာသီကာလ နေ့တစ်နေ့ကို အေးအေးချမ်းချမ်းဖြင့် ပျော်ရွှင်စွာ ဖြတ်သန်းနေလျက်ရှိသည်ကို တွေ့ရသည်။

**စိုင်းအောင်ဇော်လင်း**

---

*စာမျက်နှာ ၁၁ မှ*

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး** က Right to Recall Law က လွှတ်တော်ကိုပေးပို့ထားပြီး ဖြစ်ပါကြောင်း၊ လွှတ်တော်တွင် ဆွေးနွေးပြီးခါမှ ဆုံးဖြတ်ရမည့် အစီအစဉ်များကို ဆောင်ရွက်နိုင်စေချင်တာ ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် လွှတ်တော်ကတည်းက ပို့ပြီးသားဖြစ်ပါကြောင်း၊ လိုအပ်ရင် ပြဋ္ဌာန်းနိုင်ခြင်းကိစ္စကို ဆက်လက်ပြီး စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**People Media သတင်းဌာနမှ သတင်းထောက် ဦးပြည့်ဖြိုးအောင်**က PR စနစ်က ပြီးခဲ့တဲ့ ပထမအကြိမ် လွှတ်တော်သက်တမ်းမှာကတည်းက လေ့လာမှုမှတ်တမ်းတွေရှိသည့်အတွက် ဒါနဲ့ ပတ်သက်လို့ ဆရာတို့အနေနဲ့ တကယ်တမ်း ကျင့်သုံးမယ်ဆိုရင် ကျင့်သုံးနိုင်မယ့်အခြေအနေ တစ်ရပ်ရှိတယ်၊ တချို့တွေ သုတေသနစာတမ်းတွေနဲ့ ရွေးကောက်ပွဲကော်မရှင်ကို ပို့ထားတာရှိတယ်လို့ ကြားသိရတဲ့အခါကျတော့ ဒါနဲ့ပတ်သက်လို့ ဘာမှတ်ချက်ပေးလို့ရမလဲသိချင်ကြောင်း မေးမြန်းသည်။

## ပြန်လည်ဖြေကြား

ဆက်လက်၍ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး** က PR စနစ်နဲ့ ပတ်သက်၍ မည်သည့်လွှတ်တော်တွင် ကျင့်သုံးလျှင် သင့်တော်မလဲ၊ PR စနစ် အမျိုးမျိုးရှိသဖြင့် မည်သည့် PR စနစ်ကို ကျင့်သုံးမလဲ၊ ယခင်မှတ်တမ်းတွေရှိပါကြောင်း၊ သို့သော်လည်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ပါတီများနှင့် တွေ့ဆုံ ဆွေးနွေးသည့်အခါ၌ ဆွေးနွေးဖို့ရှိပါကြောင်း၊ သို့သော် ပထမဦးစားပေးအနေဖြင့် မဲစာရင်းများ စစ်ဆေးခြင်း၊ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်နေသည့်အတွက် တစ်ခါတည်း အပြတ်မပြောနိုင်သေးပါကြောင်း ပြန်လည်ဖြေကြားသည်။

**ရဲရဲတောက်ဂျာနယ် အယ်ဒီတာချုပ် ဦးနေလင်း** က UEC အနေဖြင့် ဗဟိုမှာဖွဲ့စည်းထားတာ မှန်ပါတယ်၊ ဒီကနေ့ UEC ဗဟိုက ရှင်းလင်းတဲ့ ရှင်းလင်းချက်တွေမှာ သတင်းစာတွေမှာရော၊ အခုလိုသတင်းစာရှင်းလင်းပွဲတွေမှာရော ပါပါတယ်၊ ဒါပေမယ့် အောက်ခြေမှာ မသိပါဘူး၊ အဲဒီတော့ UEC အနေဖြင့် မြို့နယ်ကျေးရွာ၊ ရပ်ကျေး၊ ရွေးကောက်ပွဲကော်မရှင်အသစ်တွေဖွဲ့စည်းဖို့ အစီအစဉ်ရှိပါသလား သိလိုကြောင်း မေးမြန်းသည်။

## မဲစာရင်းစိစစ်မှုလုပ်ငန်းများကို ဦးစားပေး

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး** က ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ကို အသစ်ဖွဲ့စည်းရန် ရည်မှန်းချက်တွေရှိပါကြောင်း၊ ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများလည်း ဆောင်ရွက်ရန်ရှိပါ ကြောင်း၊ မဲစာရင်းစိစစ်မှု လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေသဖြင့် ပြီးပါက လိုအပ်သလိုဆက်ပြီး ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**သေနင်္ဂမဟာဗျူဟာ လေ့လာရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဦးသိန်းထွန်းဦး**က ပြီးခဲ့တဲ့ ၂၀၂၀ အထွေထွေရွေးကောက်ပွဲမှာ မဲစာရင်းမှားယွင်းမှု အလွန်များနေတဲ့အတွက်ကြောင့် ဒီလိုမဲစာရင်းမှားယွင်းမှုတွေဖြစ်ခဲ့တဲ့ အဓိကအကြောင်းအရင်းတွေ၊ (နစက)က နောင်တစ်ချိန်မှာ ပြန်လည်ကျင်းပပေးမယ့် ရွေးကောက်ပွဲမှာသာ အခုလိုမျိုးမှားယွင်းမှုတွေကို ရှောင်ရှားပြီးတော့ အကောင်းဆုံးဖြစ်နိုင်အောင် ဘယ်လို ဆောင်ရွက်မလဲဆိုတာ သိလိုပါကြောင်း မေးမြန်းသည်။

## လိုအပ်လျှင်ပြင်ဆင်ဖို့ ဆွေးနွေးခဲ့

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ပထမပိုင်းရှင်းလင်းတင်ပြခဲ့သည့်အတိုင်း မဲစာရင်းမှားယွင်းမှု တော်တော်များတာကို တွေ့ရပါကြောင်း၊ ဒီလိုဖြစ်ခဲ့သည့် အကြောင်းအရင်းများကို လေ့လာသည့်အခါတွင် အကြောင်းများက အများကြီးတွေ့ရပါကြောင်း၊ သို့သော်လည်း အကျဉ်းချုပ်ပြီး တင်ပြရမည်ဆိုပါက အခြေခံမဲစာရင်းများ ကောက်ယူပါကြောင်း၊ ကောက်သည့်အခြေအနေတွင် UEC နှင့် တခြားသက်ဆိုင်သည့်အဖွဲ့အစည်းများ၊ ရပ်/ကျေး၊ ထွေအုပ်နှင့် လဝကတို့ ပူးပေါင်းဆောင်ရွက်ရတာရှိပါကြောင်း၊ ဆောင်ရွက်သည့် လုပ်ငန်းစဉ် တစ်စုံတရာ အားနည်းချက်များရှိပါကြောင်း၊ စာရင်းကောက်သည့်အခါတွင် (ရှိ၊ကောက်)ရှိသည့်လူကို ကောက်သည်ဆိုသော စနစ်နှင့်လုပ်ခဲ့ပါကြောင်း၊ နောက်ပြီး မရှိသည့်သူများကို မှတ်ထားပြီး နောက်တစ်ကြိမ် ထပ်ကောက်ရာတွင် စိုးရိမ်မှုတွေလွန်ကဲပြီး ရှိသည့်လူတွေကိုပါ ထပ်ကောက်ပါကြောင်း၊ အိမ်ထောင်စုစာရင်း ၆၆/၆ အရ ရှိသည့်သူတွေကို ထည့်လိုက်သည့်အခါမှာ မဲစာရင်းတွေက ပိုပြီးတော့ ပွားသွားတာ ဖြစ်ပါကြောင်း၊ နောက်တစ်ခါ နေအိမ်မှာရှိတဲ့သူတွေက ပြောတာကို စာရင်းဇယားအခြေမခံဘဲ ကောက်သည့်အတွက် အရေအတွက်များ၊ ကိန်းဂဏန်းများ တော်တော်မှားပါကြောင်း၊ ပထမအကြိမ်မဲစာရင်းကပ်သည့်အခါတွင် အရေအတွက် တော်တော်မှားပါကြောင်း၊ ရှိသည့်သူကို ကောက်သည် ဆိုသော စနစ်ဖြင့် လုပ်ခဲ့မှုကြောင့်ဖြစ်ကြောင်း၊ နောက်မရှိသည့်သူကို မှတ်ထားခြင်း ဖြစ်ကြောင်း၊ ပြီးမှ သူတို့ကို စာရင်းမှာပါအောင် လုပ်ရပါကြောင်း၊ ပုံစံ ၆၆ ရှိသည့်သူများကို ထပ်ကောက်သည့်အခါမှာ မဲစာရင်းများကို ပိုပြီးတော့ အဆမတန်ပွားလာခြင်း ဖြစ်ပါကြောင်း၊ နယ်များတွင်ရှိသည့်သူများကို စာရင်းဇယားအခြေမခံဘဲ ကောက်သည့်အတွက် အရေအတွက်၊ ကိန်းဂဏန်းများ တော်တော်မှားပါကြောင်း၊ ပထမအကြိမ် မဲစာရင်းကပ်သည့်အခါတွင် မဲစာရင်းများ မှားယွင်းမှုရှိသည့်အတွက် ပြည်ထောင်စု အစိုးရက အဖွဲ့တစ်ဖွဲ့ ဖွဲ့ခဲ့ပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များသည် အဖွဲ့ခေါင်းဆောင်၊ အများအားဖြင့် လူမှုရေးဝန်ကြီးများက အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် ကော်မရှင်ဥက္ကဋ္ဌက အဖွဲ့ဝင်၊ ထွေအုပ်အကြီးအကဲ၊ လဝကအကြီးအကဲများနှင့် မဲစာရင်းများကို မှန်ကန်ရန်အတွက် အဖွဲ့ဖွဲ့ပြီး တာဝန်ပေးလိုက်ပါကြောင်း၊ အဆိုပါအဖွဲ့ကလည်း မဲစာရင်းများကို မှန်ကန်အောင် ထပ်ထည့်ရန်လိုသည်ဟု စာရင်းများပေးပို့ပါကြောင်း၊ ထို့ကြောင့် ထပ်ထည့်လိုက်သည့်အခါ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်ဖြစ်လို့ ပွားတယ်လို့ နောက်ပိုင်းတွင် စစ်ဆေးတွေ့ရှိရကြောင်း၊ ဒါဟာ အစုလိုက် အပြုံလိုက် ကြံစည်ခဲ့ခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ၇ ရက်အတွင်းမှာ ဖြည့်စွက်ပြီး မဲစာရင်းများ ထည့်ပေးခွင့်ရှိသည်ဟု ရှိပါကြောင်း၊ ၎င်းအခွင့်အရေးရပြီး တကယ့်မဲဆန္ဒရှင် ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရန်ဆိုပြီး ထည့်ခိုင်းထားသည်များ ပါကြောင်း၊ ထို့ကြောင့် မဲလက်မှတ်များ မလုံလောက်ဘဲ ထပ်ရိုက်ရသည်များ ရှိခဲ့ကြောင်း၊ ဒါတွေကြောင့် မဲစာရင်းများ ပိုပြီးမှားယွင်းပြီး ပိုပြီး ထပ် ရခြင်းဖြစ်ကြောင်း၊ Covid-19 ရောဂါကြောင့် ဖြေလျှော့ဆောင်ရွက်မှုများရှိကြောင်း၊ ရက် ၉၀ ထက်မနည်း မဲဆန္ဒပြင်ပရောက်ရှိသူသည် ပုံစံ(က) နှင့် လျှောက်ရပါကြောင်း၊ ၃(က)ဖြင့် သက်ဆိုင်ရာ မဲစာရင်းကို ထည့်သွင်းသည့်အခါတွင် ၃(ခ)ဖြင့် သက်ဆိုင်ရာ မဲစာရင်းကိုဖြည့်ရကြောင်း၊ ဒါတွေကို အချိန်မီ မဆောင်ရွက်သည့်အခါတွင် လျှောက်သည့်နေရာတွင်လည်းပါကြောင်း၊ မူလနေရာတွင်လည်း မဖြတ်ထားခြင်းကြောင့် မဲစာရင်းများ ထပ်နေကြောင်း၊ အကြောင်းအချင်းအရာ အများကြီးဖြစ်ကြောင်း၊ နောင်တွင် မဲစာရင်းများ ဖောင်းပွမှုမရှိစေရန်အတွက် ပါတီများနှင့်တွေ့သည့်အခါတွင်လည်း ဆွေးနွေးခဲ့ပါကြောင်း၊ မဲစာရင်းမမှားအောင် ဘယ်လိုလုပ်မလဲ၊ အဲဒီလိုလုပ်တဲ့အခါမှာ မှတ်ပုံတင်ရှိသည့်သူသာ မဲပေးလို့ရအောင်၊ မှတ်ပုံတင်ရရှိအောင်၊ အိမ်ထောင်စုစာရင်း ရရှိအောင်၊ အိမ်ထောင်စုမရှိဘဲနှင့် ရက် ၉၀ တို့၊ ရက် ၁၈၀ တို့နှင့် ပေးလိုက်သည့်အခါတွင်လည်း ထပ်တာတွေရှိကြောင်း၊ ဒီဥပဒေကိုလည်း လိုအပ်လျှင်ပြင်ဆင်ဖို့ ဆွေးနွေးခဲ့တာရှိကြောင်း၊ နောက် မဲစာရင်းထည့်သည့်အခါ အိမ်ထောင်စုပုံစံ(၆၆/၆ )တွင် ထည့်ပြီးမှသာ မဲစာရင်းမှာထည့်ရန် ဆွေးနွေးခဲ့ပါကြောင်း၊ အကောင်းဆုံးနည်းလမ်းနှင့် အဆင်ပြေဆုံးဖြစ်အောင် ဆောင်ရွက်သွားဦးမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**ထာဝရငြိမ်းချမ်းရေးသတင်း ကွန်ရက်မှ သတင်းထောက် ဦးဥက္ကာ** က ထုတ်ပြန်ကြေညာချက်များနှင့်ပတ်သက်ပြီး ပြည်သူလူထုက ပြောနေသည်မှာ ပြီးခဲ့သည့် UEC အဟောင်းက လူများကို ဖမ်းထားပြီး အတင်းအကျပ် ထွက်ဆိုခိုင်းမှုများရှိသည်ဟု ပြောဆိုမှုများရှိကြောင်း၊ ထိုအပေါ်တွင် မည်သို့ ရှင်းပြပေးနိုင်မည်လည်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က ထိုကိစ္စနှင့် ပတ်သက်ပြီး မဟုတ်ပါကြောင်း၊ အဘယ့်ကြောင့်ဆိုသော် စစ်ဆေးရာတွင် တချို့ UEC အဖွဲ့ဝင်ဟောင်း ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ရုံးအဆင့်ဆင့်က ရုံးဝန်ထမ်းများကို လိုအပ်ချက်အရ ခေါ်ယူပြီး မေးမြန်းစစ်ဆေးမှုများရှိကြောင်း၊ ရိပ်သာများတွင် ကောင်းကောင်းမွန်မွန်ထားရှိ စစ်ဆေးတာဖြစ်ပါကြောင်း၊ အပြောင်းအလဲများ၊ ပြဿနာများရှိမည်စိုး၍ မဲစာရင်းများ ကိုင်တွယ်ခဲ့သူများဖြစ်၍ ခေါ်ယူစစ်ဆေးတာဖြစ်ကြောင်း၊ သွားစစ်သည့်အချိန်မှာ အားလုံးကိုခေါ်ပြီး အတူတူစစ်ဆေးခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာ မှတ်တမ်းမှတ်ရာများတွင် အားလုံးလက်မှတ်ထိုးထားကြောင်း၊ အားလုံး ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်ခြင်းဖြစ်သည့် အကြောင်းကို သက်သေအထောက်အထားများက အစ ပြည့်ပြည့်စုံစုံရှိကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ **ထာဝရငြိမ်းချမ်းရေးသတင်း ကွန်ရက်မှ သတင်းထောက် ဦးဥက္ကာ** က ရရှိလာသည့် သက်သေအထောက်အထားများကို လိုအပ်လာပါက ထုတ်ပြပေးနိုင်သည့် အစီအစဉ်မျိုး ရှိပါသလား မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး** က မိမိတို့တွင် မှတ်တမ်းမှတ်ရာ အပြည့်အစုံရှိပါကြောင်းဖြင့် ဖြေကြားသည်။

# ကမ္ဘာအနှံ့ ကိုဗစ် - ၁၉ ကြောင့် သေဆုံးသူ သူနာပြု ၃၀၀၀ရှိ



အကာအကွယ်ဝတ်စုံများ ဝတ်ဆင်နေကြသည့် သူနာပြုများကို တွေ့ရစဉ်။

ဂျီနီဗာ မတ် ၁၄

**အပြည်ပြည်ဆိုင်ရာသူနာပြုအဖွဲ့ချုပ်တစ်ခုက ကောက်ယူသည့်စစ်တမ်းများအရ တစ်ကမ္ဘာလုံးအနှံ့ ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ သူနာပြုအရေအတွက်မှာ ၃၀၀၀ ရှိသည်ဟု သိရသည်။ အပြည်ပြည်ဆိုင်ရာသူနာပြုကောင်စီက စစ်တမ်းကောက်ယူမှုရလဒ်ကို ထုတ်ပြန်ခဲ့သည်။**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကိုဗစ်–၁၉ ကပ်ရောဂါဖြစ်ပွားနေပြီဟု တရားဝင်ကြေညာပြီးနောက် တစ်နှစ်အကြာတွင် ယခုကဲ့သို့ ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် နိုင်ငံပေါင်း ၆၀ မှ သူနာပြုပေါင်း ၃၀၀၀ နီးပါးမှာ သေဆုံးခဲ့ရကြောင်း ယင်းကောင်စီက ပြောသည်။

သို့သော်လည်း တချို့သော နိုင်ငံများတွင် စစ်တမ်းကောက်ယူမှု အချက်အလက်များ ကင်းမဲ့သည့်အတွက် အမှန်တကယ်အရေအတွက်မှာ ထင်ထားသည်ထက် ပိုမိုများပြားနိုင်သည်ဟု သိရသည်။ ဖိအားများသဖြင့် အလုပ်အကိုင်စွန့်လွှတ်သွားသည့် သူနာပြုအရေအတွက်မှာလည်း များပြားကြောင်း သူနာပြုကောင်စီက ပြောသည်။ တစ်ကမ္ဘာလုံးအနှံ့ သူနာပြုပြတ်လပ်မှုမှာလည်း ၁၃ သန်းနီးပါး ရှိသည်ဟု အပြည်ပြည်ဆိုင်ရာ သူနာပြုကောင်စီက ပြောသည်။

ယင်းဖြစ်ရပ်များကြောင့် အစိုးရများအနေဖြင့် သူနာပြုများအတွက် လုပ်ငန်းခွင်အခြေအနေ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ပေးရန်လိုအပ်သည်ဟု တိုက်တွန်းထားသည်။ သူနာပြု အသက်မွေးဝမ်းကျောင်း လုပ်ငန်းအခြေအနေနှင့် ပတ်သက်ပြီး နက်နက်ရှိုင်းရှိုင်းစိုးရိမ်မိသည်ဟု အပြည်ပြည်ဆိုင်ရာသူနာပြုကောင်စီဥက္ကဋ္ဌဖြစ်သူ အန်နက်တီ ကန်နက်ဒီက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# အနောက်ဘက်ကမ်းတွင် ကိုဗစ် - ၁၉ အသွားအလာကန့်သတ်မှုအချိန် တိုးမြှင့်ကြောင်း ပါလက်စတိုင်းတို့ ကြေညာ

**ရမ်မလာ မတ် ၁၄**

အနောက်ဘက်ကမ်းဒေသကို ငါးရက်ကြာ ကိုဗစ်–၁၉ အသွားအလာပိတ်ဆို့ကန့်သတ်မှုများ တိုးမြှင့်လိုက်သည်ဟု ပါလက်စတိုင်းတို့က မတ် ၁၃ ရက်တွင် ကြေညာခဲ့သည်။ ကိုဗစ်–၁၉ နေ့စဉ်ကူးစက်မှုများနှင့် သေဆုံးမှုများ တိုးလာသည့်အတွက် ယခုလိုချမှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကန့်သတ်ချက်မှာ မတ် ၁၅ ရက်တွင် စတင်မည်ဖြစ်သည်။ အဆိုပါဆုံးဖြတ်ချက်မှာ ပါလက်စတိုင်း ဝန်ကြီးချုပ် မိုဟာမက် အစ်ရှ်တာရီ၊ ကျန်းမာရေးဝန်ကြီး မိုင်အယ်ခိုင်လာနှင့် ခရိုင် အုပ်ချုပ်ရေးမှူးတို့ အွန်လိုင်းမှတစ်ဆင့် ဆွေးနွေးပွဲပြုလုပ်ပြီးနောက် ချမှတ်ခဲ့ခြင်းဖြစ်သည်။

အနောက်ဘက်ကမ်းရှိ ခရိုင်၊ မြို့နှင့်ဒုက္ခသည်စခန်းများအတွင်း ဆေးဘက်ဆိုင်ရာ သယ်ဆောင်မှုမှလွဲ၍ သယ်ယူပို့ဆောင်ရေးနှင့် ယာဉ်အသွားအလာများအားလုံးကို မတ် ၁၅ ရက်မှစတင်ကာ ငါးရက်ကြာပိတ်ပင်သွားမည်ဟု တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။ ငါးရက်တာ အသွားအလာပိတ်ဆို့ကန့်သတ်မှုအတွင်း ကျောင်းများနှင့် သူငယ်တန်းကျောင်းများကို ဆက်လက် ပိတ်ထားရမည်ဖြစ်ပြီး အထက်တန်းကျောင်းများကိုမူ အွန်လိုင်းမှတစ်ဆင့် သင်ကြားပေးသွားမည်ဖြစ်သည်။



စစ်ဆေးရေးဂိတ်တွင် စောင့်ကြပ်နေကြသည့် ပါလက်စတိုင်းလုံခြုံရေးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

မင်္ဂလာဆောင်များ၊ လူစုလူဝေးများ၊ ပွဲတော်များနှင့် ပါတီပွဲကြီးများ ကျင်းပခြင်းကိုလည်း တားမြစ်သွားမည်ဟု ကြေညာချက်တွင် ပါရှိသည်။ ကိုဗစ်–၁၉ နှင့် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုများ များပြားလာခြင်း၊ လူသေဆုံးမှုများဖြစ်ပေါ်လာခြင်းတို့ကြောင့် အနောက်ဘက်ကမ်းတွင် စည်းကမ်းသတ်မှတ်ချက်များ တင်းကျပ်သွားရန် အစိုးရက ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။

မတ် ၁၃ ရက်တွင် ပါလက်စတိုင်း၌ ကိုဗစ်–၁၉ ကူးစက်ခံရသူ ၁၇၈၄ ဦးရှိပြီး ၂၇ ဦး သေဆုံးခဲ့ကြောင်းသိရသည်။

ပါလက်စတိုင်းဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေသူ အရေအတွက်မှာလည်း ၁၇၀ ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ **ဆင်ဟွာ**

# တရုတ်နိုင်ငံထုတ် ကိုဗစ်–၁၉ ကာကွယ်ဆေး မက္ကဆီကိုသို့ တတိယအကြိမ် ရောက်ရှိ

**မက္ကဆီကိုစီးတီး မတ် ၁၄**

မက္ကဆီကိုစီးတီးသို့ တရုတ်နိုင်ငံထုတ် ကိုဗစ်–၁၉ ကာကွယ်ဆေး တတိယကြိမ် ပေးပို့ပေးခဲ့သည်ဟု တရုတ်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် ဆီနိုဖမ်းက ပြောသည်။

ပေးပို့လိုက်သည့်ကာကွယ်ဆေးများ မက္ကဆီကိုစီးတီးရှိ လေဆိပ်သို့ မတ် ၁၃ ရက်တွင် ရောက်ရှိလာသည်ဟု သိရသည်။




တတိယအကြိမ်ပေးပို့လာသည့် ကိုဗစ်–၁၉ ကာကွယ်ဆေးများ သယ်ဆောင်လာသည်ကို တွေ့ရစဉ်။

တရုတ်နိုင်ငံထုတ် ကိုဗစ်–၁၉ ကာကွယ်ဆေးများ မက္ကဆီကိုစီးတီးသို့ ရောက်လာခြင်းမှာ တရုတ်နှင့် မက္ကဆီကို နှစ်နိုင်ငံအကြား နီးကပ်မှုအတွက် အရေးပါသည့် ညွှန်းကိန်းဟု ဘက်ပေါင်းစုံရေးရာ မက္ကဆီကို ဒုတိယနိုင်ငံခြားရေးဝန်ကြီး မာသာဒယ်ဂါဒိုက ပြောသည်။

မက္ကဆီကိုနိုင်ငံသို့ ဖေဖော်ဝါရီလအတွင်းက ဆီနိုဖမ်း ကိုဗစ်–၁၉ ကာကွယ်ဆေး ပထမဆုံးအကြိမ်အဖြစ် ရရှိခဲ့သည်။

မက္ကဆီကိုနိုင်ငံတွင် ပြီးခဲ့သည့်နှစ်ဒီဇင်ဘာလအတွင်းမှ စတင်ကာ တိုင်းပြည်ရှိ ဆင်းရဲနွမ်းပါးသည့် ဒေသများမှ သက်ကြီးရွယ်အိုများကို ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပေးခဲ့သည်။ မတ် ၁၃ ရက်အထိ မက္ကဆီကိုနိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်ခံရသူ ၂ ဒသမ ၁ သန်း ကျော်ရှိပြီး သေဆုံးသူ ၁၉၃၈၅၁ ဦးရှိသည်ဟု သိရသည်။ **ဆင်ဟွာ**

## အစ္စရေးဘောလုံးပရိသတ်များ တစ်နှစ်အကြာတွင် ဘောလုံးကွင်းအတွင်းသို့ ပြန်လည်ဝင်ရောက်ခွင့်ရ

**ဂျေရုဆလင် မတ် ၁၄**

လွန်ခဲ့သည့်တစ်နှစ်ခန့် ကိုဗစ်–၁၉ ကပ်ရောဂါစတင်ဖြစ်ပွားသည့် အချိန်မှစတင်ကာ ပထမဆုံးအကြိမ်အဖြစ် အစ္စရေးဘောလုံးပရိသတ်များသည် အစ္စရေးပရီမီယာလိဂ်အားကစားရုံကြီးအတွင်းသို့ ပြန်လည်ဝင်ရောက်ခွင့်ရပြီဖြစ်သည်။

လူပေါင်း ၁၀၀၀၀ ဆံ့သည့် အားကစားရုံအတွင်း ပရိသတ် ၁၅၀၀ ကို ဝင်ရောက်ကြည့်ရှု အားပေးခွင့်ပြုမည်ဟု အစ္စရေးအစိုးရအဖွဲ့က ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ နောက်ထပ်ကန့်သတ်ချက်များမှာ လက်မှတ်ဝယ်ယူရာတွင် ကြိုတင်ငွေပေးချေစနစ်ဖြင့် ဝယ်ယူရမည်ဖြစ်သည်။

ကွင်းအတွင်းပရိသတ်များ ထိုင်ရာတွင်လည်း နေရာခြားကာ ထိုင်ရမည်ဖြစ်ပြီး အားကစားပွဲကြည့်ရှုစဉ်အတွင်း စားသောက်ခြင်းနှင့် မတ်တတ်ရပ်ခြင်းတို့ကိုလည်း တားမြစ်ထားသည်။ ပရိသတ်အပြည့်ဖြင့် နောက်ဆုံးအစ္စရေး ပရီမီယာလိဂ် ကျင်းပခွင့်ရခဲ့သည့်အချိန်မှာ ၂၀၂၀ ပြည့်နှစ် မတ် ၁ ရက်က ဖြစ်သည်။

တိုင်းပြည်အတွင်း ကိုဗစ်–၁၉ ကူးစက်မှုများရှိကြောင်း တွေ့ရှိပြီးသုံးရက်အကြာတွင် နောက်ဆုံးအကြိမ်အဖြစ် ပရိသတ်အပြည့်ဖြင့် ဘောလုံးပွဲကျင်းပခဲ့ခြင်းဖြစ်သည်။ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ လူ ၁၀၀၀၀ ဆံ့သည့် ဘတ်စကက်ဘောအားကစားပြိုင်ပွဲကိုလည်း ပရိသတ် ၁၀၀၀ ကြည့်ရှုခွင့်ပေးမည်ဖြစ်သည်။

**ဆင်ဟွာ**

# အာဖဂန်မြေပေါ်မှ အမေရိကန်တပ်ဖွဲ့ဝင်များရုပ်သိမ်းမည့်အချိန် မသေချာသေး

ကေကေစိုး

**အမေရိကန်ပြည်ထောင်စုမှ တပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်နိုင်ငံအတွင်းမှ ထွက်ခွာရန် နောက်ဆုံးသတ်မှတ်ထားသည့်ရက်မှာ မေ ၁ ရက်နေ့ဖြစ်သည်။ လွန်ခဲ့သည့်နှစ်အတွင်း တာလီဘန်တို့နှင့်သဘောတူညီမှုအရ အမေရိကန်တပ်ဖွဲ့ဝင်များ အာဖဂန်မြေပေါ်မှ ရုပ်သိမ်းပေးရမည်ဖြစ်သည်။**



အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

**"နိုင်ငံခြားတပ်များ လျော့နည်းသွားသည်ကို တာလီဘန်များက အခွင့်ကောင်းယူကာ မြို့ရွာနယ်မြေများကို ၎င်းတို့၏ သြဇာလွှမ်းမိုးနိုင်ရေး ပြုလုပ်ခဲ့ကြသည်။ ပြီးခဲ့သည့်နှစ်က ကာတာနိုင်ငံ ဒိုဟာမြို့တွင် အမေရိကန်နှင့် တာလီဘန်တို့ ငြိမ်းချမ်းရေးသဘောတူညီမှုတွင် လက်မှတ်ရေးထိုးခဲ့ကြသော်လည်း တာလီဘန်တို့ဘက်မှ သဘောတူညီမှုများကို လိုက်နာရန်ပျက်ကွက်သည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အစိုးရမှ အရာရှိများက ပြောသည်။ သဘောတူညီချက်အားလုံးကို တာလီဘန်များဘက်မှလိုက်နာရန်အတွက် လုပ်ဆောင်စရာများ ရှိသေးသည်ဟု အစိုးရအဖွဲ့ အဆင့်မြင့်အရာရှိတစ်ဦးက ယခုလအစောပိုင်းတွင်ပြောကြားခဲ့"**

## ဆုံးဖြတ်ရတော့မည့်အချိန်

အမေရိကန်တို့ ပါဝင်ပတ်သက်ခဲ့သည့်ကာလရှည်ကြာစစ်ပွဲကို အဆုံးသတ်နိုင်ရေးအတွက် တာလီဘန်တို့နှင့်ငြိမ်းချမ်းရေးသဘောတူညီမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အမေရိကန် တပ်ဖွဲ့ဝင်များ ရုပ်သိမ်းပေးရမည့်အချိန် နီးကပ်လာသည်နှင့်အမျှ အာဖဂန်မြေပေါ်တွင်ရှိနေသည့် အမေရိကန် တပ်ဖွဲ့ဝင် ၂၅၀၀ ကို ဆက်လက်ထားရှိမည်လား သို့မဟုတ် ပြန်လည်ရုပ်သိမ်းမည်လား ဆုံးဖြတ်ရတော့မည့် အချိန်ဖြစ်သည်။

## ခန့်မှန်း ပြောဆိုနေကြ

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်းက သမ္မတထရမ့်အစိုးရအဖွဲ့သည် လာမည့်နှစ် မေလအတွင်းအမေရိကန်တပ်များကို အာဖဂန်မြေပေါ်မှ ရုပ်သိမ်းပေးမည်ဟု တာလီဘန်တို့နှင့် သဘောတူခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်များ အာဖဂန်မြေပေါ်တွင် ဆက်လက်ထားရှိခြင်းရှိ မရှိကို အမေရိကန်သမ္မတဂျိုးဘိုင်ဒင်အစိုးရအဖွဲ့က သတိကြီးကြီးထားကာ မည်သည့်ဆုံးဖြတ်ချက်မှ မပေးခဲ့ပေ။ အမေရိကန်တို့သည် အာဖဂန်မြေပေါ်မှ တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းပေးရမည့်အချိန်ကို ရွှေ့ဆိုင်းသွားဖွယ်ရှိသည်ဟု ကျွမ်းကျင်သူများနှင့် အရာရှိများက ခန့်မှန်းပြောဆိုနေကြသည်။

## ခိုလှုံရာနေရာဖြစ်သွားနိုင်

အမေရိကန် တပ်ဖွဲ့ဝင်များအားလုံးကို အာဖဂန်မြေပေါ်မှ ပြန်လည်ခေါ်ယူရန်မှာ နားမလည်နိုင်အောင်ပင်ဖြစ်သည်ဟု အမေရိကန် သမ္မတဟောင်း အိုဘားမားနှင့် သမ္မတဟောင်းဒေါ်နယ်ထရမ့်တို့လက်ထက် အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန် အရာရှိအဖြစ်လုပ်ဆောင်ခဲ့သူ လော်ရယ်မေလာက ပြောသည်။ နေတိုးတပ်ဖွဲ့ဝင် ထောင်ဂဏန်းလောက်သာချန်ရစ်ထားခဲ့ပြီး လုံခြုံရေးအတွက် တည်ငြိမ်မှုမရှိသေးသည့် အချိန်တွင် အာဖဂန်နစ္စတန်ကိုထားရစ်ခဲ့ပါက အာဖဂန်နစ္စတန်နိုင်ငံသည် အကြမ်းဖက်သမားများ ခိုလှုံရာနေရာတစ်ခုအဖြစ် ထပ်မံရောက်သွားနိုင်သည်ဟု ၎င်းကပြောဆိုခဲ့သည်။

## တောင်းဆိုမှုများ ပိုမိုကြီးထွားလာမည်

ယခုအခါ အမေရိကန်ဘက်မှ တပ်ဖွဲ့ဝင်များ အာဖဂန်မြေပေါ်မှ ရုပ်သိမ်းပေးမည့်အရေးမှာ အချိန်ကာလနောက်ဆုတ်သွားရန် အလားအလာရှိသည်ဟု ၎င်းက ပြောကြားခဲ့သည်။ အမေရိကန် သမ္မတဟောင်း ဘားရက်အိုဘားမားနှင့် ဒေါ်နယ်ထရမ့်တို့လိုပင် သမ္မတဂျိုးဘိုင်ဒင်သည် အာဖဂန်စစ်ပွဲပြီးဆုံးသွားစေရန်အတွက် ရည်ရွယ်သည်။ အာဖဂန်စစ်ပွဲမှာ အမေရိကန် ဒေါ်လာ ထရီလီယံနှင့်ချီကာကုန်ကျပြီး အမေရိကန်တပ်ဖွဲ့ဝင် ၂၀၀၀ ကျော်၏ အသက်များ ဆုံးရှုံးခဲ့ရသည်။ ထို့ပြင် အရပ်သား တစ်သိန်း၏ အသက်များလည်း ဆုံးရှုံးခဲ့ရသည်။ ယခုအခါ သမ္မတဂျိုးဘိုင်ဒင်ကို စစ်ရေး ထိပ်တန်းအကြံပေးပုဂ္ဂိုလ်များက အာဖဂန်မြေပေါ်မှ တပ်ဖွဲ့ဝင်များ ပြန်လည်ဆုတ်ခွာလျှင် ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို ရှင်းပြမည်ဖြစ်သကဲ့သို့ ပါတီနှစ်ခုစလုံးမှ လွှတ်တော်အမတ်များကလည်း အမေရိကန်တပ်ဖွဲ့ဝင်များ အာဖဂန်မြေပေါ်မှ ပြန်လည်ရုပ်သိမ်းမည့်အရေးကို တောင်းဆိုမှုများ ပိုမိုကြီးထွားလာမည် ဖြစ်သည်။

## သြဇာလွှမ်းမိုးနိုင်ရေးပြုလုပ်ခဲ့ကြ

နိုင်ငံခြားတပ်များ လျော့နည်းသွားသည်ကို တာလီဘန်များက အခွင့်ကောင်းယူကာ မြို့ရွာနယ်မြေများကို ၎င်းတို့၏ သြဇာလွှမ်းမိုးနိုင်ရေး ပြုလုပ်ခဲ့ကြသည်။ ပြီးခဲ့သည့်နှစ်က ကာတာနိုင်ငံ ဒိုဟာမြို့တွင် အမေရိကန်နှင့် တာလီဘန်တို့ ငြိမ်းချမ်းရေး သဘောတူညီမှုတွင် လက်မှတ်ရေးထိုးခဲ့ကြသော်လည်း တာလီဘန်တို့ဘက်မှ သဘောတူညီမှုများကို လိုက်နာရန် ပျက်ကွက်သည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အစိုးရမှ အရာရှိများက ပြောသည်။ သဘောတူညီချက်အားလုံးကို တာလီဘန်များဘက်မှ လိုက်နာရန်အတွက် လုပ်ဆောင်စရာများ ရှိသေးသည်ဟု အစိုးရအဖွဲ့ အဆင့်မြင့်အရာရှိတစ်ဦးက ယခုလအစောပိုင်းတွင် ပြောကြားခဲ့သည်။

## တောင်းဆိုခဲ့ကြ

တာလီဘန်များနှင့် အယ်ကိုင်ဒါများ ဆက်ဆံရေး လုံးဝပြတ်တောက်မသွားသေးဟု အမေရိကန်အစိုးရအဖွဲ့က ယုံကြည်နေကြသည်။ အာဖဂန်နစ္စတန် အစိုးရပိုင်းတွင်လည်း ၎င်းတို့အနေဖြင့် တာလီဘန်များနှင့် စစ်ရေးယှဉ်ပြိုင်ရာတွင် အားနည်းချက်များရှိနေသေးသည်ကို သတိထားမိကြသည်။ ထို့ကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ အာဖဂန်မြေပေါ်တွင် ဆက်လက်ရှိနေမည်ကို လိုလားကြပြီး ဒိုဟာသဘောတူညီမှုအတိုင်း စစ်သွေးကြွများဘက်မှ လိုက်နာကြရေး ဖိအားပေးရန်လည်း အာဖဂန်အစိုးရက လိုလားလျက်ရှိသည်။ တာလီဘန်ခေါင်းဆောင်များကမူ ယခင်သဘောတူထားသည့်အတိုင်း အာဖဂန်မြေပေါ်မှ အမေရိကန်တပ်များ ရုပ်သိမ်းပေးရေးကိုသာ လူသိရှင်ကြား တောင်းဆိုခဲ့ကြသည်။

## လေ့လာသုံးသပ်မှုများပြုလုပ်

ဒိုဟာမြို့ရှိ တာလီဘန်နိုင်ငံရေးရုံးမှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက် နင်းမ်က အမေရိကန်တပ်များ အာဖဂန်မြေပေါ်မှ ထွက်ခွာမည့်အချိန် ပြောင်းလဲမှုရှိမရှိကို တရားဝင်ဆက်သွယ်ခြင်းမရှိသေးဟု ပြောကြားခဲ့သည်။ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများက ကျောထောက်နောက်ခံပြုကာ အမေရိကန်နှင့်ပြုလုပ်ထားသည့် သဘောတူညီမှုတွင် လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း ယင်းသဘောတူညီမှုကို လိုက်နာရန် လိုအပ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ အာဖဂန်နစ္စတန်နှင့် ပတ်သက်၍ မူဝါဒကို သမ္မတဂျိုးဘိုင်ဒင်၏ အဆင့်မြင့် အကြံပေးအရာရှိများက လေ့လာသုံးသပ်မှုများ ပြုလုပ်နေကြသည်။

## အလျင်စလိုထွက်ခွာမည်မဟုတ်

အမေရိကန်တပ်ဖွဲ့များ အားလုံးရုပ်သိမ်းသွားလျှင် အာဖဂန်နစ္စတန်နိုင်ငံမှာ ပြည်တွင်းစစ်အတွင်းသို့ ကျရောက်သွားနိုင်ကြောင်း၊ အမေရိကန်ပြည်ထောင်စုကို ပစ်မှတ်ထားကာအကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်လာနိုင်ကြောင်းနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများရှိလာနိုင်သည်ဟု အမေရိကန်တပ်ဖွဲ့ဝင် အကြီးအကဲများက ၎င်းတို့၏ ရှုမြင်သုံးသပ်မှုကို တင်ပြကြသည်။ သိသာထင်ရှားသည့် လုံခြုံရေးနှင့်ထောက်ပံ့ရေးပစ္စည်းများမရှိဘဲ မေ ၁ ရက်တွင် တပ်ဖွဲ့ဝင်များရုပ်သိမ်းရန် အချို့သော အမေရိကန်တပ်ဖွဲ့ဝင် အရာရှိများက သတိပေးကြသည်။ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ကန်ထရိုက်တာများကို လေယာဉ်ဖြင့် ရွှေ့ပြောင်းပေးရမည်ဖြစ်ပြီး အလျင်အမြန်ထွက်ခွာခြင်းဖြင့် ကုန်ကျစရိတ် များပြားမည်ဖြစ်သည့်အပြင် ကဘူးလ်မြို့သံရုံးတွင်လည်း လူဦးရေလျှော့ချမှုများ ပြုလုပ်ရမည်ဖြစ်သည်။ လွန်ခဲ့သည့် လအတွင်းကလည်း ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်က အမေရိကန်တပ်များ အာဖဂန်မြေပေါ်မှ အလျင်စလိုထွက်ခွာခြင်းနှင့် အစီအစဉ်မကျထွက်ခွာခြင်းတို့ကို ပြုလုပ်မည်မဟုတ်ဟု ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် သမ္မတဂျိုးဘိုင်ဒင်၏ အဆိုပြုချက်ဖြစ်သည့် အာဏာခွဲဝေရေး သဘောတူညီမှုကို အာဖဂန်အစိုးရသာမက တာလီဘန်တို့ကပါ ကတိပြုထားခြင်း မရှိသေးပေ။ ။

**ကိုးကား-ဝါရှင်တန်ပို့စ်**

# ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သံဃာတော်များနှင့် သာသနာ့ဝန်ထမ်းသီလရှင်များ၊ လူပုဂ္ဂိုလ်များအား COVID–19 ရောဂါ ကာကွယ်ဆေးထိုးနှံ

**ရန်ကုန် မတ် ၁၄**

ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သောအဖွဲ့သည် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီး /ဆရာလေးများ၊ လူပုဂ္ဂိုလ်များအား COVID–19 ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့က မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးရာ၌ အကြိမ် (၆၀) မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ ကြွရောက်ကြမည့် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ၊ ဓမ္မာစရိယနှင့်ပထမပြန် အထူးအောင် သံဃာတော်များ အပါအဝင် ၂၂၃ ပါး၊ သီလရှင်ဆရာကြီး/ ဆရာလေး ၈ ပါး ၊ အခမ်းအနားသို့တက်ရောက်ကြမည့် လူပုဂ္ဂိုလ် ၁၁ ဦးတို့ကို COVID–19 ရောဂါကာကွယ် ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက သွားရောက်ဖူးမြော် ကြည်ညိုပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။

ဆန်းကျော်ဦး (ပြန် /ဆက်)



# မော်လိုက်မြို့၌ သံဃာတော်များ၊ သီလရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မိသားစုဝင်များအား COVID-19 ရောဂါကာကွယ်ဆေးများ ထိုးနှံပေး

**မော်လိုက် မတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ သံဃာတော်များ သီလရှင်များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များအား ယမန်နေ့က ခရိုင်ပြည်သူ့ဆေးရုံ အပေါ်ထပ် အစည်းအဝေးခန်းမ၌ COVID–19 ရောဂါ ကာကွယ် ဆေးများကို



ဆက်လက်ထိုးနှံပေးသည်။

ထိုသို့ ကာကွယ်ဆေး ထိုးနှံဆောင်ရွက်ရာတွင် ဆေးမထိုးမီ ကျန်းမာရေး ဝန်ထမ်းများနှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ကိုယ်အပူချိန် တိုင်းတာခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်းများ ဆောင်ရွက်ကြပြီး ပုံမှန်အခြေအနေရှိမှသာ တပ်မတော်ဆေးတပ်ဖွဲ့မှ ဆရာဝန်များနှင့် သူနာပြုများက ကာကွယ်ဆေးများကို စနစ်တကျထိုးနှံပေးခဲ့ပြီး ကာကွယ်ဆေး ထိုးနှံပြီးသူများအား မိနစ် ၃၀ ခန့် နားနေစေကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

မော်လိုက် မြို့နယ်တွင် COVID–19 ရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်မှုအနေဖြင့် မတ် ၁၂ ရက်တွင် မြို့ပေါ်ရှိ ဆရာတော် သံဃာတော် ၁၇ ပါး၊ သီလရှင် တစ်ပါး၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင် ၄၁၀၊ စုစုပေါင်း ၄၂၈ ဦးနှင့် မတ် ၁၃ ရက်တွင် မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဆရာတော် သံဃာတော် ၉၂ ပါး၊ သီလရှင် ခြောက်ပါး၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မိသားစုဝင် ၄၇၄ ဦး၊ စုစုပေါင်း ၅၇၂ ဦး တို့ကို ကာကွယ်ဆေးများ ထိုးနှံပေးသည်။

မော်လိုက်မြို့နယ်တွင် ဆရာတော် သံဃာတော်များ၊ သီလရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဝန်ထမ်း မိသားစုဝင်များအား COVID–19 ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးမှုအခြေအနေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်မြင့်ဦးနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

(၁၄၂)

## ၁၄-၃ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၀၄၃၆၆၂ | ၂၂၁၀၈၅၉၆ | ၅၄၆၆၀၅ |
| ၂။ | ဘရာဇီး | ၁၁၄၃၉၂၅၀ | ၁၀၀၃၆၉၄၇ | ၂၇၇၂၁၆ |
| ၃။ | အိန္ဒိယ | ၁၁၃၅၉၀၄၈ | ၁၀၉၈၉၈၉၇ | ၁၅၈၆၄၂ |
| ၄။ | ရုရှား | ၄၃၉၀၆၀၈ | ၃၉၉၅၃၀၉ | ၉၂၀၉၀ |
| ၅။ | ဗြိတိန် | ၄၂၅၃၈၂၀ | ၃၄၂၄၀၉၂ | ၁၂၅၄၆၄ |
| ၆။ | ပြင်သစ် | ၄၀၄၅၁၁၉ | ၂၇၂၆၁၅ | ၉၀၃၁၅ |
| ၇။ | အီတလီ | ၃၂၀၁၈၃၈ | ၂၅၇၉၈၉၆ | ၁၀၁၈၈၁ |
| ၈။ | စပိန် | ၃၁၈၃၇၀၄ | ၂၈၅၇၇၁၄ | ၇၂၂၅၈ |
| ၉။ | တူရကီ | ၂၈၆၆၀၁၂ | ၂၆၈၅၅၆၀ | ၂၉၄၂၁ |
| ၁၀။ | ဂျာမနီ | ၂၅၆၉၈၅၀ | ၂၃၅၈၀၀၀ | ၇၃၉၀၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၄ - ၃ - ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၄၁၉၄၅၅ | ၁၂၄၃၁၁၇ | ၃၈၄၂၆ |
| ဖိလစ်ပိုင် | ၆၂၁၄၉၈ | ၅၆၀၅၁၂ | ၁၂၈၂၉ |
| မလေးရှား | ၃၂၃၇၆၃ | ၃၀၆၂၇၄ | ၁၂၁၀ |
| မြန်မာ | ၁၄၂၁၄၇ | ၁၃၁၇၃၉ | ၃၂၀၂ |
| စင်ကာပူ | ၆၀၁၀၅ | ၅၉၉၆၁ | ၃၀ |
| ထိုင်း | ၂၆၉၂၇ | ၂၆၁၅၄ | ၈၆ |
| ဗီယက်နမ် | ၂၅၅၄ | ၂၀၈၆ | ၃၅ |
| ကမ္ဘောဒီးယား | ၁၃၀၅ | ၆၄၇ | ၁ |
| ဘရူနိုင်း | ၁၉၉ | ၁၈၅ | ၃ |
| လာအို | ၄၈ | ၄၂ | ၀ |

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မတ် ၁၄**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် (၆၅) နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်၊ သီပေါမြို့နယ်နှင့် သိန်းနီမြို့နယ်များအတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာများ၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၊ အေးသာယာမြို့၊ ဟိုပုံးမြို့နယ်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ဆိုက်ခေါင်မြို့၊ ကွန်ဟိန်းမြို့၊ မိုးနဲမြို့၊ မောက်မယ်မြို့၊ လွိုင်လင်မြို့၊ ပင်လုံမြို့နှင့် ကယားပြည်နယ် ဘောလခဲမြို့၊ မိုးဗြဲမြို့များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာများ၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၊ မိုင်းဆတ်မြို့နယ်၊ မိုင်းခုတ်မြို့များရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား သတ်မှတ်နေရာများ၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် သာသနာ့ နွယ်ဝင်သီလရှင်များအား သတ်မှတ်နေရာများ၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိခိုသူမိသားစုဝင်များအား အဆိုပါ ရဲတပ်ဖွဲ့မှူးရုံး၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ပေါ်ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား သတ်မှတ်နေရာများ၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နှင့် မိုးညိုများအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား သတ်မှတ်နေရာများ၌လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက CDM တွင် ပါဝင်ခြင်းမရှိဘဲ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနေသည့် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။


ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး သံဃာတော်များအား ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## Quarantine Center များတွင်ထားရှိသည့် အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများကို လိုအပ်သည့် ဆေးဝါးကုသပေးမှုများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ တပ်မတော် (ရေ) မှ စစ်ရေယာဉ်များဖြင့် သွားရောက်ခေါ်ဆောင်ခဲ့သည့် အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်းမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသား ရေလုပ်သား ၇၀ ကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ မြို့နယ် နယ်မြေခံတပ်ရင်းရှိ ကိုဗစ်-၁၉ ရောဂါ သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိသည့် Quarantine Center ၌ ထားရှိပြီး လိုအပ်သည့် ဆေးဝါးကုသပေးမှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။



ယင်းသို့ ဆောင်ရွက်ပေးရာတွင် နေရပ်ပြန်မြန်မာနိုင်ငံသားများအား တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များက အထွေထွေရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ၎င်းတို့ ကောင်းမွန်စွာ နေထိုင်စားသောက်ရေးများကို တပ်မတော်က စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် Quarantine ထားရှိပြီးပါက ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်နိုင်ရေး လိုအပ်သည်များ ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများကို တပ်မတော်ဆေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၄**

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ် (၁၀) မြို့နယ်အဆောင်၌ Quarantine ထားရှိသည်။

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှပြန်လည်ဝင်ရောက်လာသူ ၁၄၅ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့်သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ် ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက် ကုသပေးနိုင်ပါရန် အကူအညီ တောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အားစေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ဆေးရုံများ၌ တပ်မတော် ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေ အနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေး စောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ရဲစခန်းများကို လေးခွ၊ ဓာတ်ဆီပုလင်းတို့ဖြင့် အကြမ်းဖက်ရန်ပြု၍ ပစ်ခတ်မှုဖြစ်ပွား

**နေပြည်တော် မတ် ၁၄**

နိုင်ငံတော်အတွင်း တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် လုံခြုံရေးကိုမလိုလားသည့် လူစုလူဝေးများ အနေဖြင့် မသမာသူတို့၏ နောက်ကွယ်မှ သွေးထိုးစည်းရုံးလှုံ့ဆော်မှုများဖြင့် လမ်းမပေါ်သို့ လူအုပ်စုများ ရောက်ရှိအောင် ဆူပူအကြမ်းဖက်မှုများ မဖြစ်ဖြစ်အောင် ဆောင်ရွက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထိပ်တိုက်ရန်ပြု၍ မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်မှုများနှင့် ရဲတပ်ဖွဲ့စခန်းများသို့ စီးနင်းဝင်ရောက် အကြမ်းဖက်ရန်ပြုခြင်းများကို တစ်နေ့တခြားပိုမိုတိုးမြင့် လုပ်ဆောင်လာနေသည်ကို တွေ့ရှိရသည်။



ချမ်းအေးသာစံမြို့နယ် အမှတ်(၆)နယ်မြေရဲစခန်း
ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁)နယ်မြေရဲစခန်း

**သွားရောက်ကယ်ထုတ်**

ထိုသို့ဆောင်ရွက်မှုများအဖြစ် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်နေသူ ဦးဇော်လွင်မိသားစု၏ အိမ်ကို အကြမ်းဖက်လူအုပ်စုက သတင်းပေးဟု ခေါင်းစဉ်တပ်အကြောင်းပြု၍ ရိုက်နှက်ဖမ်းဆီးခေါ်ဆောင်ကာ ၅၉ လမ်းနှင့် ၁၁၂ လမ်းထောင့်ရှိ သံဃိသုခမ္မောရုံအတွင်းချုပ်နှောင်ထားရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ကယ်ထုတ်ခဲ့ပြီး လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ရသည်။

ထို့သို့လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဆောင်ရွက်ချက်ကို ကျေနပ်မှုမရှိသော အကြမ်းဖက်လူအုပ်စုက မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် မဟာအောင်မြေမြို့နယ် ချမ်းမြသာစည် (မြောက်) ရပ်ကွက်၊ ၇၈ လမ်းနှင့် ၄၂ လမ်းထောင့်ရှိ ရဲစခန်းကို ၇၈ လမ်းမှ မောင်းနှင်လာသည့် ဆိုင်ကယ် ၅ စီး၊ လူ ၁၀ ဦးခန့် (စိစစ်ဆဲ) တို့က ရဲစခန်းမြောက်ဘက်ပေါက်ကို လေးခွများဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် ရဲစခန်းရှိ တပ်ဖွဲ့ဝင်များမှ ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အဆိုပါ လေးခွဖြင့် အကြမ်းဖက်ပစ်ခတ်သူများမှာ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း၊ ထို့ပြင် အောင်မြေသာစံမြို့နယ် သီရိမာလာ အရှေ့ရပ်ကွက် အကွက် (၂၀၀)၊ ၂၆ လမ်း၊ ၈၉x၉၀ လမ်းကြားရှိ ရဲစခန်းကို ၂၆ လမ်းပေါ်မှ ဆိုင်ကယ် ၆ စီးဖြင့် လူ ၁၂ ဦးခန့် (စိစစ်ဆဲ) မောင်းနှင်ရောက်ရှိလာပြီး လမ်းလယ်မျဉ်းနေရာမှ ရဲစခန်းဝင်းအတွင်းသို့ မီးရှို့ထားသော ဓာတ်ဆီပုလင်း ၂ လုံး၊ ရဲစခန်းရှေ့မျက်နှာစာသို့ ဓာတ်ဆီပုလင်း ၁ လုံးတို့ဖြင့် အကြမ်းဖက်ရန်ပြု ပစ်ပေါက်ခဲ့ရာ ရဲစခန်းဝင်းရှိ စစ်ရေးပြကွင်း၊ နေအိမ်လိုင်းခန်းရှေ့နှင့် ရဲစခန်းဝင်ပေါက် အနီးတို့တွင် ကျရောက်ခဲ့သဖြင့် ရဲစခန်းရှိ တပ်ဖွဲ့ဝင်များက ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အဆိုပါ အကြမ်းဖက်သူများမှာ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ ခန့်တွင် မဟာအောင်မြေမြို့နယ် ၈၃ လမ်း၊ ၃၅x၃၆ လမ်းရှိ ရဲစခန်းကို ဆိုင်ကယ် ၁ စီးနှင့် လူ ၂ ဦး(စိစစ်ဆဲ) မှ ဓာတ်ဆီပုလင်း တစ်လုံးအား မီးရှို့၍ အကြမ်းဖက်ရန်ပြုပစ်ပေါက်ခဲ့ရာ ရဲစခန်းခြံစည်းရိုးကို ထိမှန်ကျရောက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အဆိုပါအကြမ်းဖက်သူများမှာ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း၊ မွန်းလွဲ ၃ နာရီခန့်တွင် ပြည်ကြီးတံခွန်မြို့နယ် မြဝတီမင်းကြီးလမ်းနှင့် ၆၂ လမ်းထောင့်ရှိ ရဲစခန်းကိုဆိုင်ကယ် ၁ စီးနှင့် လူ ၂ ဦး(စိစစ်ဆဲ)မှ ဓာတ်ဆီပုလင်း ၁ လုံးကိုမီးရှို့ကာ အကြမ်းဖက်ရန်ပြုပစ်ပေါက်ခဲ့ရာ ရဲစခန်းအတွင်းရှိ အိမ်ထောင်သည် လိုင်းခန်းအနီး ကျရောက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အဆိုပါ အကြမ်းဖက်သူများမှာ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

**မင်းမဲ့စရိုက်လုပ်ဆောင်**

အလားတူ မဟာအောင်မြေမြို့နယ် ၈၁ လမ်း၊ လမ်း ၄၀ နှင့် ၄၁ လမ်းကြား၊ ရပ်ကွက်အတွင်း လမ်းများပိတ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား သတင်းပေးဟု စွပ်စွဲကာ အကြမ်းဖက်သူလူအုပ်စုက ဝင်/ထွက် လမ်းများတွင် တာယာကွင်းများပုံ၍ မီးရှို့ခြင်း၊ အသံပေးလက်လုပ်ဗုံးများ ပစ်ခတ်ခြင်း၊ ဩသံပေးအော်ဟစ်ခြင်းစသည်ဖြင့် မင်းမဲ့စရိုက်ဆန်ဆန် လုပ်ဆောင်လာသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အချိန်မီသွားရောက်၍ ဒေသတွင်း အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးအတွက် လူစုခွဲဆောင်ရွက်ခဲ့ရသည်။

ဖြစ်စဉ်များတွင် ဆူပူအကြမ်းဖက်သူများ၏ ဓာတ်ဆီပုလင်းဖြင့် ပစ်ခတ်မှုနှင့်လေးခွဖြင့် ပစ်ခတ်မှုတို့ကြောင့် တပ်ဖွဲ့ဝင်နှင့် အဆောက်အဦများ ထိခိုက်ပျက်စီး၊ ဒဏ်ရာရရှိမှုမရှိကြောင်း၊ လူစုခွဲခြင်း ဆောင်ရွက်စဉ် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိကာ ဆူပူအကြမ်းဖက်သူ အမျိုးသား ၁၅ ဦးအား ဥပဒေအရ အရေးယူနိုင်ရေး ထိန်းသိမ်းထားရှိကြောင်းနှင့် အကြမ်းဖက်လုပ်ရပ် ကျူးလွန်သူများအား ဥပဒေနှင့်အညီ စိစစ်ဖော်ထုတ်အမှုဖွင့်လှစ်အရေးယူနိုင်ရေး ဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပဲခူးမြို့နှင့် မိုးဖြဲမြို့တို့တွင် ဆူပူအကြမ်းဖက်သူများကို လူစုခွဲစဉ် ပြန်လည်ခုခံသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံး ၆ ဦး ဒဏ်ရာရ

**နေပြည်တော် မတ် ၁၄**

ပဲခူးမြို့နှင့် မိုးဖြဲမြို့တို့တွင် ဆူပူအကြမ်းဖက်သူများကို လူစုခွဲစဉ် ပြန်လည်ခုခံသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးကာ ၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် လိပ်ပြာကန်ရပ်ကွက်၊ မဂ္ဂတစ်လမ်းဆုံ၌ ဦးဆောင်သူ (စိစစ်ဆဲ) လူစုလူဝေးအင်အား ၁၀၀ ခန့်သည် ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ က အများပြည်သူသွား လမ်းမအား အတားအဆီးများဖြင့် ကာရံပိတ်ဆို့ပြီး သွားလာ၍ မရအောင်ပြုလုပ်၍ နိုင်ငံတော်ဆန့်ကျင်ရေး ကြွေးကြော်သံများ အော်ဟစ်ကြွေးကြော်ကာ ဆူပူအော်ဟစ် ဆန္ဒပြနေကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အခြေအနေအား ဥပဒေနှင့်အညီ ထိန်းသိမ်းနိုင်ရေး သွားရောက်ဆောင်ရွက်ခဲ့ရကြောင်း။

အဆိုပါ ဆူပူဆန္ဒပြလူစုလူဝေးများအား လူစုခွဲရန် ဥပဒေနှင့်အညီ ညှိနှိုင်းဖြေလျှော့ခဲ့သော်လည်း လိုက်နာမှုမရှိဘဲ ဖြေလျှော့နေစဉ် အတွင်းမှာပင် လူအုပ်စုအတွင်းမှ အုတ်ခဲ၊ ကျောက်ခဲ၊ လောက်လေးခွ၊ သေနတ် (စိစစ်ဆဲ) တို့ဖြင့် အကြမ်းဖက်ရန်ပြုပစ်ခတ်ခဲ့ရာ ဒုရဲအုပ် ကျော်နိုင်ဦးမှာ ယာဘက်ရင်ဘတ် ထိခိုက်ဒဏ်ရာရရှိကာ ကျဆုံးခဲ့ပြီး ရဲတပ်သား တင်ဇာမျိုး၊ ရဲတပ်သား ရဲလင်းအောင်နှင့် ရဲတပ်သား အောင်ကျော်လင်း တို့မှာ ထိခိုက်ဒဏ်ရာများရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အဓိကရုဏ်းနှိမ်နင်းရေး လုပ်ငန်းစဉ်များနှင့်အညီ ခြောက်လှန့်ပစ်ခတ်၍ လူစုခွဲခဲ့ရကြောင်း။

ဆူပူဆန္ဒပြသူ လူအုပ်စုအတွင်းမှ အမျိုးသား ၃ ဦး (စိစစ်ဆဲ) မှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရပြီး ဆူပူဆန္ဒပြသူ အမျိုးသား ၆ ဦး၊ အမျိုးသမီး ၁ ဦး စုစုပေါင်း ၇ ဦးတို့အား ဖမ်းဆီး ထိန်းသိမ်းရမိခဲ့သည့်အတွက် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

ဆူပူအကြမ်းဖက်မှု ဖြစ်စဉ်အတွင်း ထိခိုက်ဒဏ်ရာရရှိကာ ကျဆုံးခဲ့သူ ဒုရဲအုပ် ကျော်နိုင်ဦး၏ ခန္ဓာကိုယ်အား ခွဲစိတ်စစ်ဆေးရာ ဝဲဘက်လက်မောင်း အနောက်ဘက်အား ရုပ်ထိပြီး နံရိုး နံပါတ် ၈ နှင့် ၉ ကြားမှ ဖောက်ဝင်ကာ အူလမ်းကြောင်းအား ဖြတ်၍ ဆီးအိမ်အနီး၌ ကျည်ဆန်ထိပ်ဖူးအား တွေ့ရှိရကြောင်း၊ တွေ့ရှိရသည့် ကျည်ဆန်ထိပ်ဖူးမှာ ပွိုင့် ၂၂ ကျည်ဆန်ထိပ်ဖူးဖြစ်ပြီး အမဲပစ်သေနတ်များတွင် အသုံးပြုပစ်ခတ်သော ကျည်အမျိုးအစားဖြစ်ကြောင်း၊ ဒဏ်ရာရရှိမှုအနေအထားအရ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အဆောက်အဦ အမြင့်တစ်ခုမှနေရာယူ၍ ပစ်ခတ်သည်ဟု သုံးသပ်တွေ့ရှိရကြောင်း၊ ကျန်ဒဏ်ရာရရှိသူ ရဲတပ်ဖွဲ့ဝင် ၃ ဦး၏ ဒဏ်ရာများနှင့် ပတ်သက်၍လည်း စိစစ်လျက်ရှိကြောင်း။

အလားတူ ယနေ့ နံနက် ၉ နာရီခွဲခန့်တွင် ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ် မိုးဖြဲမြို့ မိုးဖြဲ-ပီကင်းသွား ကားလမ်းမပေါ်၌ ဦးဆောင်သူ (စိစစ်ဆဲ)၊ ဆူပူဆန္ဒပြသူ အင်အား ၃၀၀ ခန့်သည် ကားလမ်းမအား ပိတ်ဆို့ကာ နိုင်ငံတော် ဆန့်ကျင်ရေး ကြွေးကြော်သံများ ကြွေးကြော်၍ ဆူပူအော်ဟစ် ဆန္ဒပြနေကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က အခြေအနေအား ဥပဒေနှင့်အညီ ထိန်းသိမ်းနိုင်ရေး သွားရောက်ဆောင်ရွက်ခဲ့ရကြောင်း။



လုံခြုံရေး တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့မှ အဆိုပါ ဆူပူဆန္ဒပြလူစုလူဝေးများအား လူစုခွဲရန် ညှိနှိုင်းဖြေလျှော့ခဲ့သော်လည်း လိုက်နာမှုမရှိသည့်အပြင် လူအင်အား ၁၅၀ စီဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအား ရှေ့နောက် ပိတ်ဆို့ဝန်းရံကာ အုတ်ခဲ၊ လေးခွတို့ဖြင့် အကြမ်းဖက် ရန်ပြုပစ်ခတ်ခဲ့သဖြင့် ဒုရဲမှူး သန်းလွင် ဝဲဘက်ခြေသလုံး ပေါက်ပြဲ၊ ရဲတပ်သား မင်းသိန်းထွေး နဖူးထိမှန်ဒဏ်ရာ၊ ဒုတပ်ကြပ် ကျော်ဌေးနိုင် နဖူးပေါက်ပြဲဒဏ်ရာများ ရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့သုံး မော်တော်ယာဉ် ၄ စီးတွင် လေကာမှန်ကွဲ၊ ကားဘော်ဒီများ ပွန်းပဲ့ပျက်စီးခဲ့ရသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက အဓိကရုဏ်း နှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်အညီ ခြောက်လှန့်ပစ်ခတ်၍ လူစုခွဲခဲ့ရာ မွန်းတည့် ၁၂ နာရီတွင် လူစုကွဲသွားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမှန်အတိုင်း စိတ်ထဲရှိတာ မကွယ်မဝှက်ဘဲ ပြောရရင် CDM လှုပ်ရှားမှုထဲ ပါဝင်ဖြစ်တာက နိုင်ငံရေးခံယူချက်နဲ့လား၊ ဘာလား/ညာလား မေးရင် မဖြေတတ်ဘူး

**မောင်သုတအောင်**

## အင်တာဗျူး - မြင့်မိုရ်

> “CDM လှုပ်ရှားမှုဟူ၍သာ အမည်နာမပေး လမ်းမပေါ်ထွက် အော်ဟစ်ဆူပူလှုပ်ရှားနေကြပေမယ့် ဝန်ထမ်းအများစုမှာ ပါဝင်လာခြင်းမရှိဘဲ အနည်းငယ်သာ ပါဝင်ကြသည်များရှိ၊ တစ်ချိန်က နိုင်ငံရေးကို အထူးစိတ်ဝင်တစားလုပ်လာကြသော ပြည်တွင်း/ပြည်ပ အတွေ့အကြုံရင့်/ဝါရင့် နိုင်ငံရေးသမားများကို တကယ့်မြေပြင်အခြေအနေ၌ တွေ့မြင်ရမှုမရှိဘဲ အွန်လိုင်းပေါ်မှသာ နိုင်ငံရေးစိတ်ဝင်စားမှုမရှိသော၊ နိုင်ငံရေးအသိအမြင်မရှိသေးသောလူငယ်များကို နောက်ကွယ်မှ လေလှိုင်းဖြင့် သွေးထိုးမြှောက်ပင့်ကာ လှုံ့ဆော်မှုများ ပြုလုပ်နေကြသည်ကို CDM လှုပ်ရှားမှုတွင် ပါဝင်ပတ်သက်နေသော ခေတ်ပညာတတ်လူငယ်များအနေဖြင့် သတိချပ်သင့်”

CDM ( Civil Disobedience Movement) လှုပ်ရှားမှုကို အကြောင်းပြုပြီး ဌာနဆိုင်ရာ ဝန်ထမ်းထုနှင့် နိုင်ငံရေးအသိအမြင်နုနယ်သေးသော မျိုးဆက်သစ်လူငယ်များအား ပြည်တွင်း မငြိမ်မသက်ဖြစ်အောင် သွေးထိုးလှုံ့ဆော်နေမှုများသည် နိုင်ငံရေးအမြတ်ထုတ်သူများ၏ လက်မည်းကြီးသဖွယ် နောက်ကွယ်မှနေ၍ တွန်းအားပေး လုပ်ဆောင်နေကြခြင်းဖြစ်သည်ကို ပြည်သူအများ သိမြင်လာကြပြီဖြစ်သည်။ သိမြင်လာကြ၍လည်း နိုင်ငံရေးပရိယာယ် နားလည်သော ပြည်သူအများစုမှာ သွေးထိုးလှုံ့ဆော်မှုအမျိုးမျိုးကို ရောယောင်လိုက်ပါခြင်းမရှိဘဲ အေးချမ်းတည်ငြိမ်စွာ အခြေအနေမပျက် စောင့်ကြည့်နေကြသည်။ နိုင်ငံရေးအမြင်နှင့် အတွေ့အကြုံကို အသက်နှင့်အမျှကြုံတွေ့ခံစားခဲ့ဖူးသူမှန်သမျှသည် ယနေ့ သံယောင်မလိုက်၊ လမ်းမှားမကြိုက်၊ ပြောရရင် နိုင်ငံရေးပါးနပ်သွားပြီဟု ဆိုရမည်ဖြစ်သည်။ တချို့ဆိုလျှင် ငါတို့က ဘဝနဲ့ရင်းပြီး ပေးဆပ်ခဲ့ရပြီးပြီဟု ဆိုသည်။ သို့ဖြစ်၍ ယနေ့လူငယ်ထုအများစုပါဝင်နေသော CDM လှုပ်ရှားမှုနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့ရသမျှကို ပြန်လည်မျှဝေ ရေးသားဖော်ပြလိုက်ပါသည်။

### ရပ်ကွက်ထိပ်မှာ လူကိုတရားခံလိုစစ်ဆေး

“ CDM လှုပ်ရှားမှုကို တဖြည်းဖြည်းချုပ်ငြိမ်းသွားစေချင်ပြီ။ ရုံးသွားတဲ့အခါ ခိုးကြောင်ခိုးဝှက်နဲ့သွားနေရတာ စိတ်ကုန်လာတယ်။ တစ်နေ့တစ်နေ့ ရုံးဖွင့်ရက်ဆိုလည်း ရုံးပိတ်ရက်မြန်မြန်ရောက်ပါစေလို့ ဆုတောင်းရတာ။ ရုံးပိတ်ရက်ဆိုလည်း ရုံးဖွင့်ရက်ရောက်မှာ ကြောက်နေရတယ်။ ဒါတွေအားလုံးဟာ နိုင်ငံရေးအခြေအနေပေါ် ခုတုံးလုပ် အမြတ်ထုတ်နေသူတချို့က ဝန်ထမ်းထုအကြားလှုံ့ဆော်နေတဲ့ CDM လှုပ်ရှားမှုကြောင့်ပဲ။ တစ်နေ့မနက် ရုံးသွားတုန်းကဆို ရပ်ကွက်ထိပ်မှာ လူကိုတရားခံလို စစ်ဆေးနေကြတာ။ ကျွန်တော့်ကို ဝန်ထမ်းမှန်းသိနေတော့ ဘယ်သွားမှာလဲ၊ ဘာလုပ်မလဲ၊ ရုံးသွားမလို့လား၊ CDM လှုပ်ရှားမှုထဲ ပါဝင်လိုက်ပါလားနဲ့ အတော်လေးကို စိတ်တိုသွားမိတယ်။ ပြောပြန်ရင်လည်း အလွန်ဖြစ်မှာစိုးလို့၊ အဲဒီလို ကျွန်တော်တို့ကို လမ်းမှာ စစ်လားဆေးလား၊ လုပ်နေကြတဲ့သူတွေ အများစုက အလုပ်အကိုင်မရှိကြတဲ့သူတွေ၊ ရပ်ကွက်ထဲမှာ ယောင်ခြောက်ဆယ်တွေက အများကြီး။ ဒါကျန်တဲ့ကဏ္ဍာ မပြောသေးဘူး။ ကလေးတွေဆိုလည်း တချို့ မိဘစကားလည်း နားမထောင်၊ ကိုယ်ထင်ရာစိုင်းပြီး CDM, CDMနဲ့ တစ်ချိန်လုံး CDM နေကြတာ၊ အိမ်မှာ မိဘတွေက စားဝတ်နေရေးအတွက် ဘယ်လိုတွေ ရုန်းကန်နေရတယ်ဆိုတာ မသိဘူး။ သူတို့က သူဌေးသားသမီးတွေလို နေ့စဉ် လမ်းမပေါ်ထွက် CDM လှုပ်ရှားမှုထဲ ပါနေကြတာ။ ပြောပြန်ရင်လည်း ခင်ဗျားက နိုင်ငံရေးခံယူချက်မရှိ၊ ကိုယ်ချင်းမစာဘူး အပြစ်အမျိုးမျိုးပြောဝေဖန်ကြဦးမယ်။

### သူတို့အရွယ်တွေက လက်တည့်စမ်းချင်ကြတဲ့ အရွယ်

“ မနေ့က ဟိုဘက်လမ်းက အသိမိတ်ဆွေ ကလေးတစ်ယောက်ဆို၊ CDM လှုပ်ရှားမှုသွားမှာတဲ့၊ တကယ့်မင်းသားအရှိုးပေးရတယ်။ ဘောင်းဘီရှည်၊ ရှူးဖိနပ် အကောင်းစားနဲ့ ခေါင်းကိုလည်း ပိတ်စတစ်ခုက စည်းထားလိုက်သေးတယ်။ ပြီးတော့ ဂစ်တာတစ်လက်က ကျောမှာ ပိုးထားသေး။ ငါ့တူ ဘယ်လဲကွဆိုတော့ CDM ပွဲဦးရာတဲ့။ ဦးတို့ကသာ နိုင်ငံကို မချစ်တာ၊ နိုင်ငံအပေါ်နေရက်တာ၊ သားတို့က မနေသာဘူးလေတဲ့။ ကျွန်တော်သာ ဦးလို ဌာနဆိုင်ရာတစ်ခုက ဝန်ထမ်းဆို CDM လှုပ်ရှားမှုကို ဦးဆောင်ပြီး အစွမ်းကုန် လုပ်ဖြစ်မှာ။ အခုတော့ ဦးတို့က သားတို့အရွယ်တွေ လမ်းမတွေပေါ် အခုလိုတွေထွက် အော်ဟစ်နေကြတာကို ထိုင်ကြည့်ရက်ကြတယ်တဲ့။ သြော် ကိုယ့်တူ၊ ကိုယ့်သားအရွယ်မို့ ပြောဆိုဆုံးမပြန်ရင်လည်း ရန်သူလိုမြင်ကြတာ များတော့ သူတို့ပြောတာကို ပြုံးပြနှုတ်ဆက်ပြန်လာခဲ့ရတယ်။ တကယ်တော့ သူတို့အရွယ်တွေက လက်တည့်စမ်းချင်ကြတဲ့အရွယ်တွေလေ။ ကိုယ်တိုင်က ငါသိ၊ ငါတတ်၊ ငါတို့က ခေတ်လူငယ်တွေဆိုတဲ့ ငါအစွဲရှိတဲ့လူငယ်မျိုးတွေ၊ ငါအစွဲစွန့်ခွာနိုင်တဲ့ လူငယ်ထဲမှာ မပါဝင်လောက်တော့ ပြောလည်းနားမဝင်လောက်ဘူးဆိုတာ သိနေတယ်။ မြတ်စွာဘုရားတောင်မှ သတ္တဝါတိုင်းကို ချွတ်ပေးနိုင်ခဲ့တာမဟုတ်ဘူးလေ၊ တစ်ခါတလေ ရေငုံနှုတ်ပိတ်နေရတာ ပိုအဆင်ပြေပါတယ်လေဆိုပြီး ပြန်လာခဲ့ရတယ်။ တကယ်ဆို အခုလို CDM လှုပ်ရှားမှုမှာ ပါဝင်ဖို့ လွှတ်ထားတဲ့ သူ့မိဘတွေကိုပဲ အံ့သြမိတယ်” ဟု ဌာနဆိုင်ရာတစ်ခုမှာ လက်ထောက်မန်နေဂျာ တာဝန်ထမ်းဆောင်နေသော ဦးခင်မောင်ဆွေ (အမည်လွှဲ) က ယနေ့ခေတ်လူငယ်များ CDM လှုပ်ရှားမှုနှင့် ပတ်သက်၍ ပြန်လည်ပြောကြားသည်။

လတ်တလော ဖြစ်ပေါ်နေသော CDM လှုပ်ရှားမှုသည် မြို့နေရာအနှံ့အပြား၌ အညွန့်ကျိုးစပြုနေသော်လည်း စုန်းပြူးပမာ သက်ဝင်လှုပ်ရှားနေသည့် လူငယ်များနှင့် ဝန်ထမ်းအချို့ ကျန်ရှိနေသေးသည်။ CDM လှုပ်ရှားမှုတွင် ပါဝင်သော တချို့ဝန်ထမ်းများသည် ဌာနမှထုတ်ပယ်လိုက်သည်ဆိုသော အကြောင်းကြားစာများ ယခုရက်ပိုင်းအတွင်း လက်ဝယ်သို့ ရောက်ရှိလာ၍ မျှော်လင့်မထားဘဲ ဘဝနဲ့ရင်းနှီးခဲ့သမျှအရာအားလုံး သဲထဲရေသွန်သလို ဆုံးရှုံးလိုက်ရပြီဖြစ်သည်။

### အကြောင်းအမျိုးမျိုးရှာပြီး ထွက်ရတော့

“ ကျွန်တော် ဒီနေ့တော့ CDM လှုပ်ရှားမှု မလုပ်ဖြစ်ဘူးခင်ဗျ။ သူငယ်ချင်းတွေကတော့ တချို့ ထွက်သွားကြတယ်။ ကျွန်တော်က ဒီနေ့မှ မလိုက်ဖြစ်တာပါ။ ကောင်မလေးက နေမကောင်းလို့လေ။ ခါတိုင်း CDM လှုပ်ရှားမှုသွားတိုင်း ကောင်မလေးနဲ့ နှစ်ယောက် အတူသွားကြတာပါ။ သူနဲ့က ကိုဗစ်-၁၉ ကာလတုန်းကလည်း မတွေ့ဖြစ်ဘူးလေ။ အခုလို CDM လှုပ်ရှားမှုလုပ်ဖြစ်မှ ကောင်းကောင်းတွေ့ရတာ။ သူ့အိမ်ကလည်း ခုလိုအခါမျိုးမှာ ပေးလွှတ်တယ်လေ။ သူ့မိဘတွေကလည်း အားပေးတော့ ဒီ CDM လှုပ်ရှားမှုက ကျွန်တော်တို့နှစ်ယောက်အတွက်ကတော့ ကောင်းကောင်းအခွင့်အရေးပဲ။ ခါတိုင်းရက်တွေဆို သူ့အိမ်က အကြောင်းအမျိုးမျိုးရှာပြီး ထွက်ရတော့ တွေ့ဖို့မလွယ်ဘူး။ အခုဆို CDM လှုပ်ရှားမှု စလုပ်တဲ့ ဖေဖော်ဝါရီလဆန်းပိုင်းကတည်းက ကောင်မလေးနဲ့ အမြဲလိုလို တွေ့ရတယ်။ တကယ်တော့ ဒီ CDM လှုပ်ရှားမှုက ဂီတာတွေတီး၊ သီချင်းတွေလည်း ဝိုင်းဆိုလိုက်ကြ၊ အုပ်စုနဲ့လည်း အော်ရတာဆိုတော့ ပျော်ဖို့တော့ကောင်းတယ်။ ဒါပေမယ့် လုံခြုံရေးရဲတပ်ဖွဲ့နဲ့ တွေ့ရင်လည်း ရင်တထိတ်ထိတ်နဲ့ ပြေးရတဲ့ရက်တွေလည်း ရှိခဲ့တယ်။

### CDM လှုပ်ရှားမှု အကြောင်းပြုပြီးထွက်

“ အမှန်အတိုင်း စိတ်ထဲရှိတာ မကွယ်မဝှက်ဘဲပြောရမယ်ဆိုရင်တော့ CDM လှုပ်ရှားမှုထဲ ပါဝင်ဖြစ်တာက နိုင်ငံရေးခံယူချက်နဲ့လား၊ ဘာလား/ညာလား မေးရင် မဖြေတတ်ဘူး။ နိုင်ငံရေးလည်း ဘာမှမသိသလို ဝါသနာလည်း မပါဘူး။ အိမ်ကတော့ အခုလို လိုက်လုပ်တာ လုံးဝမကြိုက်ဘူး။ ကျွန်တော်ကလည်း ကောင်မလေးနဲ့က အခုလို CDM လှုပ်ရှားမှုလုပ်မှ ကောင်းကောင်းတွေ့ရတာလေ။ ပြီးတော့ ကျွန်တော်တို့ နှစ်ယောက်စလုံးက ကျောင်းတွေလည်း ပိတ်ထားတာဆိုတော့ အခုအချိန်တွေမှာက အားနေကြတာ။ အိမ်မှာနေလည်း ဒီအတိုင်းပဲဆိုတော့ အပျင်းပြေသဘောမျိုးလည်းဖြစ်တာပေါ့။ အမေကတော့ ကောင်မလေးလည်းပါလို့ အခုလိုတွေ CDM လှုပ်ရှားမှု အကြောင်းပြုပြီးထွက်နေတယ်ဆိုတာ ရိပ်မိလောက်တယ်။ အဖေကတော့ CDM လှုပ်ရှားမှုမှာပါတာ လုံးဝကိုမကြိုက်ဘူး။ စကားလည်း အခုအချိန်ထိ မပြောဘူးလေ။ ဘာမှမပြောချင်တော့လို့သာ လွှတ်ထားတဲ့သဘော။ တကယ်တော့ ကျွန်တော်တို့လည်း နောက်ရက်တွေမှာတော့ CDM လှုပ်ရှားမှုထဲ ထပ်မပါတော့ဘူးလို့တော့ ကောင်မလေးနဲ့ နှစ်ယောက် တိုင်ပင်ထားပါတယ်။ တစ်ခုခုဖြစ်ရင် ကိုယ်တွေက အရင်ခံရမှာလေ။ မိဘတွေလည်း ရင်ကျိုးဦးမယ်။ သူငယ်ချင်းတစ်ယောက်ဆို လုံခြုံရေးအဖွဲ့က ဆွဲသွားတာ အခုအချိန်ထိ ပြန်မရောက်သေးဘူး” ဟု ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် မြန်မာစာ ဒုတိယနှစ်တွင် ပညာသင်ကြားနေသော မောင်သုတအောင် (အမည်လွှဲ) က CDM လှုပ်ရှားမှုနှင့် ပတ်သက်၍ ပွင့်ပွင့်လင်းလင်း ဖွင့်ဆိုခဲ့သည်။

နိုင်ငံတစ်ဝန်း နိုင်ငံရေးအခြေအနေ တစ်ရပ်ကြောင့် ဖြစ်ပေါ်လာသော CDM လှုပ်ရှားမှုတွင် အများစုပါဝင်လှုပ်ရှားနေကြသည်မှာ ကျောင်းနေအရွယ် ပညာသင်ဆည်းပူးဆဲ ကလေးများနှင့် လတ်တလော လက်ဝယ်၌ အလုပ်လက်မဲ့ဖြစ်နေသော လူငယ်အများစုပါဝင်နေကြသည်ကို တွေ့ရသည်။ CDM လှုပ်ရှားမှုဟူ၍သာ အမည်နာမပေး လမ်းမပေါ်ထွက် အော်ဟစ် ဆူပူလှုပ်ရှားနေကြပေမယ့် ဝန်ထမ်းအများစုမှာ ပါဝင်လာခြင်းမရှိဘဲ အနည်းငယ်သာ ပါဝင်ကြသည်များ ရှိသည်။ တစ်ချိန်က နိုင်ငံရေးကို အထူးစိတ်ဝင်တစားလုပ်လာကြသော ပြည်တွင်း၊ ပြည်ပ အတွေ့အကြုံရင့် / ဝါရင့်နိုင်ငံရေးသမားများကို တကယ့်မြေပြင်အခြေအနေ၌ တွေ့မြင်ရမှုမရှိဘဲ အွန်လိုင်းပေါ်မှသာ နိုင်ငံရေးစိတ်ဝင်စားမှုမရှိသော၊ နိုင်ငံရေးအသိအမြင်မရှိသေးသော လူငယ်များကို နောက်ကွယ်မှ လေလှိုင်းဖြင့် သွေးထိုးမြှောက်ပင့်ကာ လှုံ့ဆော်မှုများ ပြုလုပ်နေကြသည်ကို CDM လှုပ်ရှားမှုတွင် ပါဝင်ပတ်သက်နေသော ခေတ်ပညာတတ် လူငယ်များအနေဖြင့် သတိချပ်သင့်နေပြီ ဖြစ်သည်။

# မြစ်ကြီးနား အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကုသမှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူများ ယုံကြည်စိတ်ချစွာဖြင့် ဆေးဝါးကုသမှုခံယူနိုင်ပြီ

**မြစ်ကြီးနား မတ် ၁၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ခုတင် (၅၀၀) အထွေထွေရောဂါကုဆေးရုံကြီးတွင် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးဝါးကုသရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူများ ယုံကြည်စိတ်ချစွာဖြင့် ဆေးဝါးကုသမှုလုပ်ငန်းများ လာရောက်ခံယူနိုင်ပြီဖြစ်ကြောင်း မိဘပြည်သူများသို့ အသိပေးနှိုးဆော်ခြင်း အခမ်းအနားကို ယမန်နေ့က အဆိုပါ ဆေးရုံဝင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားသို့ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်နှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး ပြည်နယ်ကောင်စီဥက္ကဋ္ဌက လက်ရှိအခြေအနေတွင် ပြည်နယ်သူ/ ပြည်နယ်သားများ၏ မျက်နှာကိုသာကြည့်ပြီး ကျန်းမာရေးစောင့်ရှောက်မှုရရှိအောင်၊ ဆေးဝါးကုသခွင့်ပြန်လည်ရရှိအောင် ယခုလိုကြိုးစား၍ တာဝန်ထမ်းဆောင်လျက်ရှိကြသော ကျန်းမာရေးဝန်ထမ်းများအား ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ဆက်လက်၍လည်း မိမိတို့ ပြည်နယ်နှင့် ပြည်နယ်သူ၊ ပြည်နယ်သားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ဆေးဝါးကုသမှုလုပ်ငန်းများ ကြိုးစားဆောင်ရွက်စေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်နယ်ကောင်စီဥက္ကဋ္ဌနှင့် ပြည်နယ်ကောင်စီအဖွဲ့ဝင်များက ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးဝါးကုသရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူများအနေဖြင့် ယုံကြည်စိတ်ချစွာ ဆေးဝါးကုသမှုခံယူနိုင်ပြီဖြစ်ကြောင်း မိဘပြည်သူများသို့ အသိပေးနှိုးဆော်ခြင်း ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်နယ်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ပြည်သူ့ ကျန်းမာ/ကုသရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ပြည်သူ့ဆေးရုံကြီးအတွင်း ကျောက်ကပ်တုသွေးသန့်စင်ဌာန၊ အရေးပေါ်ကုသရေးဌာနတို့တွင် တက်ရောက်ဆေးဝါးကုသမှုခံယူနေသော ပြည်သူများအား ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်နှင့် သူနာပြုများ၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ဆရာဝန်များ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကုသမှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**






အမြို့မြို့အနယ်နယ်

ပျံ့နှံ့သည့် သတင်းစာ

မြန်မာ့အလင်း

သတင်းစာတွင်

ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄ - ၃ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၅ | ကျပ် | ၈၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀ | ကျပ် | ၈၇၅ | ကျပ် |
| အောက်တိန်း ၉၂ | ၈၀၅ | ကျပ် | ၈၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၉၀၅ | ကျပ် | ၉၈၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၆၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၀ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၅ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၄၀၀ | ၉၄၀၀ | ၁၁၀ | ၁၀၃၄၀၀၀ |
| MTSH | ၃၅၅၀ | ၃၅၀၀ | ၁၆၄၀ | ၅၅၉၅၇၅၀ |
| MCB | 8400 | 8400 | 91 | 764400 |
| FPB | – | – | – | – |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁ | ၂၇၅၀ |
| EFR | ၃၃၀၀ | ၃၃၀၀ | ၂ | ၆၆၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီမွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ဒီမိုကရေစီကို ရေးရှုတဲ့ နည်းလမ်းနဲ့သာ ချဉ်းကပ်ကြိုးစားရမည်

## ထွန်းထွန်း(ခရေရိုပ်)

**မိတ်ဆွေတစ်ယောက်က သူတို့ရုံးဌာနမှ ဝန်ထမ်းတစ်ဦး CDM မှာပါဝင်သွားတယ်လို့ ပြောပါတယ်။ မထူးဆန်းသည်မို့ သိပ်ပြီး ထူးထူးထွေထွေ မခံစားမိ။ ဒါပေမယ့် မိတ်ဆွေက ဆက်ပြောပါတယ်။ သူက ချော်လဲရောထိုင်သွားတာတဲ့။ ဘာကြောင့်ပါလိမ့် စိတ်ဝင်စားသွားလို့ မေးကြည့်တော့ အပြင်ကုမ္ပဏီတွေမှာ သူနဲ့အတူတူ နိုင်ငံခြားကို ပညာသင်သွားထားတဲ့သူတွေ လစာ ၁၀ သိန်းကျော်ရနေတဲ့အတွက် အစောကတည်းက အလုပ်ထွက်ချင်နေတာလို့ ဆိုပါတယ်။**

သူ့ကို ဌာနက ဂျပန်ကို ပညာသင် ၂ နှစ် လွှတ်ပေးထားပြီး ပညာသင်ဆုအတွက် ဟိုမှာ နေထိုင်စရိတ်၊ စားစရိတ်တွေရတဲ့အပြင် ဒီမှာလည်း လစာရနေတာဆိုတော့ တော်တော်လေးလည်း စုမိဆောင်းမိရှိနေပြီ။ ဒ့ါအပြင် အခု ဒီကထွက်ပြီး ဟိုမှာအလုပ်သွားလုပ်ရင်လည်း အချိတ်အဆက်ကရနေပြီ။

နောက်ပြီး မြန်မာနိုင်ငံအတွင်းမှာပဲ အပြင်ကုမ္ပဏီတွေမှာ လုပ်ရင်လည်း ဒီလိုအသိအမှတ်ပြုလက်မှတ်တွေနဲ့ဆိုတော့ လစာက ၁၀ သိန်း၊ သိန်း၂၀ လောက်ရမှာဆိုတော့ သူက ရုတ်တရက်ဖြစ်ပေါ်လာတဲ့ အခြေအနေနဲ့ အခန့်သင့်ပဲ CDM ကို အကြောင်းပြပြီး အလုပ်ထွက်သွားတာလို့ ဆိုပါတယ်။ ဒါမျိုးတွေလည်း ရှိတာပဲလားလို့ တွေးနေမိပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလဆန်းကစတင်ကာ မလွှဲသာမရှောင်သာ အခြေအနေတွေကြောင့် တပ်မတော်က နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို ထိန်းသိမ်းရယူခဲ့ရပါတယ်။ ဒီအခြေအနေကိုဆုပ်ကိုင်ကာ ပြည်သူလူထုအကြားမှာ စိတ်ဝမ်းကွဲပြားမှုတွေ ဖြစ်ပေါ်အောင် တိုင်းပြည်အကျိုး မလိုလားသူတွေက သွေးထိုးလှုံ့ဆော်ကြပါတယ်။

### လူထုအုံကြွမှုရဲ့ ရှေ့တန်းကိုတွန်းပို့

အကျိုးဆက်အဖြစ် လူထုတွေ လမ်းပေါ်ရောက်လာပါတယ်။ လူငယ်တွေကို ဂျန်နရေးရှင်းဇက်လို့ နာမည်တွေပေးပြီး နွေဦးတော်လှန်ရေးလို့ ခေါင်းစဉ်တပ်ထားတဲ့ လူထုအုံကြွမှုရဲ့ ရှေ့တန်းကို တွန်းပို့ကြပါတယ်။ ဒ့ါအပြင် အစိုးရရဲ့ လုပ်ငန်းယန္တရား ရပ်ဆိုင်းသွားရင် နွေဦးတော်လှန်ရေး အောင်မြင်ပြီဆိုပြီး နိုင်ငံ့ဝန်ထမ်းတွေ ရုံးမတက်နဲ့ ရှန်းထွက်ဆိုတဲ့ ဆောင်ပုဒ်တွေနဲ့ CDM မှာ ပါဝင်ဖို့ စည်းရုံးလှုံ့ဆော်ကြပါတော့တယ်။

နိုင်ငံရေးခံယူချက်ရှိသူ၊ ယုံကြည်ချက်ပြင်းထန်သူတွေဟာ CDM လှုပ်ရှားမှုမှာ ပါဝင်ကြသလို စောစောက မိတ်ဆွေပြောသလို အကြောင်းအမျိုးမျိုးကြောင့် အလုပ်ထွက်ချင်သူတွေ၊ ထွက်ရမှာ ခက်နေတဲ့သူ၊ အားနာနေတဲ့သူတွေဟာ CDM လုပ်ကြပါတယ်။

ဒ့ါအပြင် သူငယ်ချင်းကြောင့် ၊ ချစ်သူရည်းစားကြောင့် စသဖြင့် ကိုယ့်ပိုင်ဆန္ဒမပါဘဲ အများရဲ့ တိုက်တွန်းချက်တွေကြောင့် CDM လုပ်ကြသလို အချို့ကတော့ ခြိမ်းခြောက်အကျပ်ကိုင်မှုတွေကြောင့် CDM မှာ ပါဝင်လာကြပါတယ်။

လူမှုကွန်ရက်ပေါ်မှာ ကျွန်တော်/ ကျွန်မတော့ CDM မှာ ဘယ်နေ့၊ ဘယ်ရက်မှာပါဝင်ပြီး အဆုံးထိတိုင်အောင် ပါဝင်သွားမှာ ဖြစ်ပါတယ် စသဖြင့် ဓာတ်ပုံတွေနဲ့ တင်လိုက်ကြပါတယ်။ ပြီးရင် CDM လုပ်တဲ့ ဝန်ထမ်းတွေကို အထောက်အပံ့ပေးနေတဲ့အဖွဲ့တွေနဲ့ ချိတ်ဆက်ပြီး ငွေကြေးမှအစ သင်တန်းစတာတွေကို အကူအညီတွေရယူကြပါတယ်။ ဒ့ါအပြင် ကြားနေရတဲ့ သတင်းတွေအရတော့ CDM မှာ တစ်ယောက်ပါဝင်ဖို့ စည်းရုံးနိုင်ရင် ငွေကြေးဘယ်လောက် စသဖြင့် ပေးတယ်လို့တောင် ကြားသိရပါတယ်။

အစောပိုင်းကတော့ နိုင်ငံ့ဝန်ထမ်းတွေ CDM မှာ ပါဝင်ဖို့ကို မတ်လ ၇ ရက် နောက်ဆုံးလို့ သတ်မှတ်ထားကြပါတယ်။ ငယ်သူငယ်ချင်း ကျောင်းဆရာမတစ်ယောက်ကတော့ မတ်လ ၇ ရက်နေ့ နံနက်စောစောမှာ စာရေးသူထံ ဖုန်းဆက်လာပါတယ်။ သူအချိန်မီလေး CDM လုပ်လိုက်ရင် ကောင်းမလားလို့ ဆိုပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ CDM က ဒီနေ့ နောက်ဆုံးမို့လို့တဲ့။ သူ့ကို အခြားသူငယ်ချင်းတွေက အနာဂတ်အတွက် စွန့်စားလိုက်ပါ၊ ရဲရဲတင်းတင်း ဆုံးဖြတ်လိုက်ပါတဲ့ နောက်ရက်တွေ ဝင်လို့မရတော့ဘူး၊ မဝင်ရင်တော့ သူ့ကို လူမှုပြစ်ဒဏ် (Social Punishment) ပေးမယ်လို့လည်း ပြောကြတယ်လို့ ဆိုပါတယ်။

သူငယ်ချင်းရဲ့ ခင်ပွန်းသည်ကလည်း လေဖြတ်သလို ဖြစ်နေတာကြောင့် မိသားစုက သူ့ကိုပဲ မှီခိုနေရတဲ့အတွက် CDM မလုပ်ချင်ဘူးလို့လည်း ပြောပါတယ်။ ဒ့ါအပြင် သူ့မှာ နိုင်ငံရေးနဲ့ ပတ်သက်ပြီး ဒီလောက်လည်း ပြင်းပြတဲ့စိတ်ဆန္ဒလည်း မရှိဘူးတဲ့၊ ဒါကြောင့်လည်း အခုထိ သူ CDM မလုပ်ဖြစ်တာလို့ ပြောပါတယ်။ ဒါပေမယ့် သူတို့ပေးတဲ့ လူမှုအပြစ်ဒဏ်ကြောင့် သူ့သား၊ သမီးတွေ တစ်သက်လုံး ခေါင်းမဖော်ရဲမှာလည်း စိုးရိမ်တယ်တဲ့၊ သူဘာလုပ်ရမလဲလို့ ဆိုပါတယ်။

စာရေးသူအနေနဲ့ကတော့ ဖြစ်သင့်ဖြစ်ထိုက်တာတွေကို သူ ဆင်ခြင်စဉ်းစားနိုင်ဖို့နဲ့ ရဲရင့်ခြင်းဆိုတာ တိုက်ရဲခိုက်ရဲတာလည်း ရဲရင့်ခြင်းဖြစ်သလို မလုပ်သင့်တာ၊ မမှန်ကန်တာကို မလုပ်တာ၊ ကိုယ့်စိတ်ကို ထိန်းသိမ်းနိုင်တာ၊ လုပ်သင့်လုပ်ထိုက်တာကို မှန်မှန်ကန်ကန် ဆုံးဖြတ်ရဲတာကလည်း ရဲရင့်ခြင်းဖြစ်တဲ့အကြောင်း စသည်ဖြင့် သူရွေးချယ်သင့်တဲ့ လမ်းကြောင်းတွေကို ဝေဖန်ဆန်းစစ်ပြီး ကျန်တာတော့ စိတ်ဆန္ဒရှိတဲ့အတိုင်းသာ ဆုံးဖြတ်ပါလို့ ပြောလိုက်ပါတယ်။

ဘွဲ့ရပညာတတ်ဖြစ်တဲ့ သူငယ်ချင်းလည်း အဖြေတစ်ခုရသွားလို့ထင်ပါတယ်၊ ဖုန်းဆက်ခါစကလို လေသံက လေးလေးတွဲ့တွဲ့နဲ့ မဟုတ်တော့ဘဲ ရန်ကုန်ရောက်ရင် ဆုံရအောင်တဲ့ ရယ်ရယ်မောမောနဲ့ ဆိုပြီး ဖုန်းချသွားပါတယ်။

လူတစ်ဦးမှာ မွေးဖွားလာကတည်းက လူ့အခွင့်အရေး၊ မွေးရာပါ လူသားဂုဏ်သိက္ခာ ဆိုတာရှိပါတယ်။ အလားတူ လူမှုပတ်ဝန်းကျင်မှာလည်း သိုက်သိုက်ဝန်းဝန်း ဂုဏ်သိက္ခာရှိရှိ နေထိုင်လိုကြပါတယ်။

လူမှုပြစ်ဒဏ်ပေးတဲ့အနေနဲ့ မခေါ်မပြောတော့တာ၊ လူမှု အသိုက်အဝန်းက ဖယ်ကြဉ်တာတွေကြောင့် နောင်မှာ ကိုယ့်သား၊ သမီးလေးတွေ မျက်နှာငယ်ရလိမ့်မယ်ဆိုပြီး ပြောဆိုစည်းရုံးတာတွေကလည်း သူတစ်ပါးရဲ့ အားနည်းချက်ကို ဆုပ်ကိုင်ပြီး အတင်းအကျပ် ဆွဲဆောင်စည်းရုံးနေတာဖြစ်ပါတယ်။

နိုင်ငံရေး၊ စီးပွားရေးစနစ်တွေ၊ အစိုးရတွေ ဘယ်လိုပင် ပြောင်းလဲစေကာမူ နိုင်ငံတော်မှ အကောင်အထည်ဖော်နေတဲ့ လုပ်ငန်းယန္တရားကို ပုံမှန်လည်ပတ်နိုင်အောင် ဆောင်ရွက်တာဟာ နိုင်ငံ့ဝန်ထမ်းတွေ၊ ပြည်သူကို ဝန်ဆောင်မှုပေးနေတဲ့ ပြည်သူ့ဝန်ထမ်းတွေအနေနဲ့ နိုင်ငံနဲ့ ပြည်သူအပေါ် သစ္စာစောင့်သိတာ၊ တာဝန်ကျေပွန်တာပဲ ဖြစ်ပါတယ်။

သူတို့စည်းရုံးတဲ့အတိုင်း CDM မလုပ်တာက နိုင်ငံ့ဝန်ထမ်းတစ်ယောက်အဖို့တော့ တာဝန်မကျေတာမဟုတ်ပါဘူး။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာ ပြောဆိုခွင့်၊ ဆုံးဖြတ်လုပ်ကိုင်ခွင့်ရှိကြပါတယ်။

အယူအဆ၊ ခံယူချက်၊ အတွေးအမြင်၊ သဘောထားတွေက တစ်ဦးနဲ့တစ်ဦး မတူနိုင်သလို၊ မတူတာတွေကိုလည်း လွတ်လပ်စွာ ကွဲလွဲခွင့်ပေးရမှာ ဖြစ်ပါတယ်။ စိတ်ခံစားမှုတွေကိုအခြေခံပြီး ကိုယ်နဲ့ အယူအဆမတူတိုင်း ဆန့်ကျင်တိုက်ခိုက်နေလို့ မရပါဘူး။ ရန်သူသဖွယ် ဆက်ဆံနေလို့မရပါဘူး။

ဒီမိုကရေစီရဲ့ အနှစ်သာရမှာ မတူကွဲပြားမှုတွေကို အင်အားအဖြစ် စုစည်းပြီး ငြိမ်းငြိမ်းချမ်းချမ်း ညီညီညွတ်ညွတ်နဲ့ အောင်မြင်မှုရအောင် စုပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီဆိုတာ စနစ်တစ်ခုဆိုတာထက် ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပါတယ်။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ချင်တယ်ဆိုရင်တော့ ဒီမိုကရေစီကို ရေးရှုတဲ့ နည်းလမ်းနဲ့သာ ချဉ်းကပ်ကြိုးစားရမှာ ဖြစ်ပါကြောင်း။

**❒ နိုင်ငံရေး၊ စီးပွားရေးစနစ်တွေ၊ အစိုးရတွေ ဘယ်လိုပင် ပြောင်းလဲစေကာမူ နိုင်ငံတော်မှ အကောင်အထည်ဖော်နေတဲ့ လုပ်ငန်းယန္တရားကို ပုံမှန်လည်ပတ်နိုင်အောင် ဆောင်ရွက်တာဟာ နိုင်ငံ့ဝန်ထမ်းတွေ၊ ပြည်သူကို ဝန်ဆောင်မှုပေးနေတဲ့ ပြည်သူ့ဝန်ထမ်းတွေအနေနဲ့ နိုင်ငံနဲ့ ပြည်သူအပေါ် သစ္စာစောင့်သိတာ၊ တာဝန်ကျေပွန်တာပဲဖြစ်**

**❒ သူတို့စည်းရုံးတဲ့အတိုင်း CDM မလုပ်တာက နိုင်ငံ့ဝန်ထမ်းတစ်ယောက်အဖို့တော့ တာဝန်မကျေတာ မဟုတ်ပါဘူး။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာ ပြောဆိုခွင့်၊ ဆုံးဖြတ်လုပ်ကိုင်ခွင့်ရှိကြ**

---

*○ ကျောဖုံးမှ*

ရောဘတ် ဆန်းချက်ဇ်၊ ဇက်မန်း၊ ဘန်း၊ ဒွန့်ခ်၊ ပွိုက်၊ လယ်လာနာ၊ ဝဲလ်ဘတ်၊ ထရိုဆတ်၊ မော်ပေးစသည့် ကစားသမားများဖြင့် ဆောက်သမ်တန်အသင်းကို ရင်ဆိုင်လာခဲ့သည်။

ပွဲချိန် ၁၆ မိနစ်တွင် ဘရိုက်တန်အသင်းက ဦးဆောင်ဂိုးကို စတင်ရရှိခဲ့သည်။ အဆိုပါ ဂိုးကို ဒွန့်ခ်က သွင်းယူပေးနိုင်ခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးခဲ့ရပြီးနောက် ဆောက်သမ်တန်အသင်း ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ပွဲချိန် ၂၇ မိနစ်တွင် ချေပဂိုးရရှိခဲ့သည်။ အဆိုပါ ဂိုးကို အဒမ်စ်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် နှစ်သင်းစလုံး ဂိုးထပ်မံသွင်းယူနိုင်ခြင်း မရှိသောကြောင့် ပထမပိုင်းကို တစ်ဖက်တစ်ဂိုးစီဖြင့် အဆုံးသတ်ခဲ့သည်။

ဒုတိယပိုင်း ပွဲချိန် ၅၆ မိနစ်တွင် ဘရိုက်တန်အသင်း ဒုတိယဂိုးရရှိခဲ့သည်။ အဆိုပါဂိုးကို ဝဲလ်ဘတ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ထရိုဆတ်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ပွဲချိန်ပြီးဆုံးသည်အထိ နှစ်သင်းစလုံး ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိသောကြောင့် ဘရိုက်တန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဆောက်သမ်တန်အသင်းသည် မန်စီးတီးအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ထားမှုကို ယနေ့ပွဲစဉ်တွင် ချေဖျက်ရန် ကြိုးစားလာခဲ့သော်လည်း အရှုံးရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ဘရိုက်တန်အသင်းက ယနေ့ပွဲစဉ်ကို အနိုင်ရရှိခဲ့သောကြောင့် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ငါးပွဲတွင် နိုင်ပွဲမရရှိမှုကို အဆုံးသတ်နိုင်ခဲ့သည်။

ဆောက်သမ်တန်အသင်းသည် ယနေ့ပွဲစဉ်ကို ရှုံးနိမ့်ခဲ့သောကြောင့် ၂၉ ပွဲကစားပြီး ၃၃ မှတ်ဖြင့် အဆင့်(၁၄)နေရာတွင် ရပ်တည်နေသည်။ ဘရိုက်တန်အသင်းက ၂၈ ပွဲကစားပြီး ၂၉ မှတ်ဖြင့် အဆင့် (၁၆) နေရာတွင် ရပ်တည်နိုင်ခဲ့သည်။ **အောင်ဇော်**



အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပျဉ်းမနားမြို့ သူဌေးကုန်း အခြေခံပညာ မူလတန်းကျောင်းတွင် တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သူဇာလှိုင်နှင့် ရပ်မိရပ်ဖများက မတ် ၁၃ ရက်က ကျောင်းဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်စဉ်။ မင်းမင်းလတ်(ရုပ်ဗေဒ)

# ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် ဆူပူအကြမ်းဖက်သူ လူစုလူဝေးများအား ဖြိုခွဲရှင်းလင်းရာမှ အကြမ်းဖက်အဖွဲ့အစည်းအသုံးပြုသည့် လက်လုပ်မိုင်းများနှင့် WY ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၄**

နိုင်ငံတော်အတွင်း တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် လုံခြုံရေးကို မလိုလားသည့် လူစုလူဝေးများအနေဖြင့် စည်းရုံးလှုံ့ဆော်မှုများဖြင့် လမ်းပေါ်သို့ လူအုပ်စုများရောက်ရှိအောင် ဆူပူအကြမ်းဖက်မှု မဖြစ်ဖြစ်အောင် ဆောင်ရွက်ပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များအား ထိပ်တိုက် ရန်ပြုအကြမ်းဖက်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်လာနေသည်ကို တွေ့ရှိရသည်။

ထိုသို့လုပ်ဆောင်လျက်ရှိပြီး မတ် ၁၃ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင်လည်း ပြည်မြို့ ပြည်သာယာရပ်ကွက် ရွှေတစ်ချောင်းလမ်းမပေါ်တွင် လူစုလူဝေးများဖြင့် ဆူပူလျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့များမှ လူစုခွဲခဲ့ရာ နံနက် ၉ နာရီ ၄၅ မိနစ်တွင် လူစုကွဲသွားခဲ့ကြောင်း သတင်းထုတ်ပြန်ထားရှိပြီးဖြစ်သည်။

ယင်းဖြစ်စဉ်တွင် ပါရှိခဲ့သူ ထက်ဝေယံ (ခ) အိုးလေး (၂၃) နှစ် (ဘ) ဦးအေးချို ပြည်မြို့နေသူအား ဖမ်းဆီးရမိခဲ့ပြီး ၎င်းထံမှ သတင်းဖော်ထုတ်မှုအရ အကြမ်းဖက်အဖွဲ့အနေဖြင့် အသုံးပြုသည့် လက်လုပ်မိုင်း ၂၆ လုံး၊ အဆိပ်ငွေ့ ဗုံး ၂ လုံး၊ ဓား ၂ ချောင်း၊ ဒိုင်း ၆ ခု၊ ကျည်ကာ ၃ ခု၊ မီးသတ်ဆေးဘူး ၇ ဘူး၊ အခြားပစ္စည်းမျိုးစုံ ၇ မျိုးနှင့် WY စိတ်ကြွရူးသွပ်ဆေးပြား ၇၃၉ ပြားကို ထပ်မံသိမ်းဆည်းရရှိခဲ့၍ ဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အကြမ်းဖက် ဆူပူသူများအနေဖြင့် အသက်အန္တရာယ်ရှိသော လက်နက်များကို အသုံးပြုခြင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများကို ကိုယ်တိုင်သုံးစွဲခြင်း၊ လူငယ်လူရွယ်များထံ ဝေငှ၍ သောက်သုံးစေခြင်းဖြင့် အမှားအမှန်ခွဲခြားနိုင်မှုမရှိ၊ ဆင်ခြင်ပိုင်းခြားနိုင်မှုမရှိအောင် သွေးထိုးလှုံ့ဆော် ဆောင်ရွက်လာခြင်းကြောင့် ပြည်သူလူထုအနေဖြင့် မိမိတို့၏ သားသမီးများ၊ ဆွေမျိုးများ အကြမ်းဖက်မှုတွင် မပါဝင်စေရေး အသုံးချခံမဖြစ်စေရေး သတိရှိကြရန် အသိပေးထုတ်ပြန်ထားသည်။




သတင်းစဉ်

# ပဲခူးမြို့ မီးရထားရဲစခန်းကို လူစုလူဝေးမှ အကြမ်းဖက်ရန်ပြု မီးကွင်းပစ်ခတ်မှုအား လူစုခွဲ

**နေပြည်တော် မတ် ၁၄**

နိုင်ငံတော်အတွင်း တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် လုံခြုံရေးကို မလိုလားသည့် လူစုလူဝေးများအနေဖြင့် မသမာသူတို့၏ နောက်ကွယ်မှ သွေးထိုးစည်းရုံး လှုံ့ဆော်မှုများဖြင့် လမ်းမပေါ်သို့ လူအုပ်စုများရောက်ရှိအောင် ဆူပူအကြမ်းဖက်မှုများ မဖြစ်ဖြစ်အောင် ဆောင်ရွက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထိပ်တိုက် ရန်ပြု၍ မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်မှုများနှင့် ရဲတပ်ဖွဲ့စခန်းများသို့ စီးနင်းဝင်ရောက် အကြမ်းဖက်ရန်ပြုခြင်းများကို တစ်နေ့တခြား ပိုမိုတိုးမြှင့်လုပ်ဆောင်လာနေသည်ကို တွေ့ရှိရသည်။

ယနေ့မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ပဲခူးမြို့ ပဲခူးဘူတာနှင့် ကိုက် ၁၅၀ ခန့် အကွာရှိ ပဲခူးမီးရထားရဲစခန်းကို ဦးဆောင်သူ (စိစစ်ဆဲ)၊ ဆူပူအကြမ်းဖက်သူ အင်အား ၂၀၀ ခန့်သည် ဂျင်ကလိ၊ လေးခွ၊ မီးကွင်းတို့ဖြင့် အကြောင်းမဲ့ အော်ဟစ်ဆဲဆိုကာ အကြမ်းဖက်ရန်ပြု ပစ်ခတ်တိုက်ခိုက်ခဲ့ကြသဖြင့် မီးရထားရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်သူ လူစုလူဝေးအား ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရသည်။

ဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်သူများ၏ မီးကွင်းဖြင့်ပစ်ခတ်မှုကြောင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိသော်လည်း မီးကွင်းမှာ စခန်းအတွင်းရှိ အမှိုက်ပုံပေါ်သို့ ကျရောက်မီးလောင်ခဲ့သဖြင့် တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရကြောင်းနှင့် မီးရထားရဲစခန်းလုံခြုံရေးအတွက် တပ်ဖွဲ့ဝင်အင်အား တိုးမြှင့်ကာ လုံခြုံရေးရယူ ဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ဆူပူဆန္ဒပြရာတွင် အသုံးပြုသည့်လက်လုပ်ဒိုင်းများနှင့် ဆက်စပ်ပစ္စည်းများအား ပြုလုပ်ရောင်းချသူနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၄**

နိုင်ငံတော်အတွင်း ဆူပူဆန္ဒပြမှုများကို အကြောင်းပြု၍ ဆူပူအကြမ်းဖက်မှုများကို ပိုမိုအရှိန်မြှင့်စေရန် ရည်ရွယ်ချက်ဖြင့် လူစုလူဝေးများအတွင်း အသုံးပြုရန်အတွက် ကိုယ်ကျိုးရှာစီးပွားရေးသမားများက လက်လုပ်ဒေသန္တရပစ္စည်းများကို တီထွင်ရောင်းချနေကြကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ စက်မှုဇုန်နယ်မြေ(၈)၊ ဗိုလ်တေဇလမ်းနှင့် ၃၄ လမ်းထောင့် ဖိုးတွဲတွင်ခုံလုပ်ငန်းတွင် ဆူပူဆန္ဒပြရာတွင် အသုံးပြုသည့် လက်လုပ်ဒိုင်းများ ပြုလုပ်နေကြောင်း သတင်းအရ မတ် ၁၃ ရက် ညနေ ၆ နာရီခန့်တွင် သွားရောက်ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ တွင်ခုံပိုင်ရှင်ဖြစ်သူ သန့်ဇင်ဦး ၄၅ နှစ်၊ (ဘ)ဦးတင်ညွန့်ကို အသင့်ပြုလုပ်ပြီး အနက်ရောင် သံပြားဒိုင်းကာ ၇ ခု၊ ခါကီရောင် စတီးဒိုင်းကာ ၉ ခု၊ ဖြတ်စက် ၁ ခု၊ ဆေးဘူးများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ အေးမြသာယာရပ်ကွက် ဓမ္မစေတီလမ်းရှိ လူမနေသည့် အိမ်ဟောင်းတစ်လုံးတွင်လည်း ဆူပူဆန္ဒပြမှုများတွင် အသုံးပြုသည့် ဒိုင်းများ သိမ်းဆည်းထားရှိကြောင်း သိရသဖြင့် မတ် ၁၃ ရက် ညနေပိုင်းတွင် လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက် သိမ်းဆည်းခဲ့ရာ ဆူပူဆန္ဒပြမှုများတွင် အသုံးပြုသည့် ဒိုင်း ၁၀ ခုကို သိမ်းဆည်းရမိခဲ့ပြီး ထိုသို့ သိမ်းဆည်းနေစဉ် ၎င်းအိမ် အနောက်ဘက်တွင် နေထိုင်သူများက ဟန့်တားနှောင့်ယှက်ခဲ့သဖြင့် ဝတ္တရားနှောင့်ယှက်သူ ၄ ဦးအား ဥပဒေအရဆောင်ရွက်နိုင်ရေး ထိန်းသိမ်းခဲ့သည်။

ဆူပူဆန္ဒပြမှုများတွင် အသုံးပြုရန် ရည်ရွယ်ပြုလုပ်ထားရှိပြီး တရားမဝင်ပစ္စည်းများ လက်ဝယ်ထားရှိသူ သန့်ဇင်ဦးအား မုံရွာမြို့မရဲစခန်းတွင် ဥပဒေအရ အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# Rescue Task Force (RTF) အဖွဲ့ဝင် ၇ဦး သထုံမြို့သို့ ပြန်လည်ရောက်ရှိမှု

**နေပြည်တော် မတ် ၁၄**

Rescue Task Force (RTF) အဖွဲ့ဝင်အချို့သည် မတ် ၈ ရက်တွင် ကျိုက်ထိုမြို့ ဟိုတယ်တစ်ခုသို့ ရောက်ရှိခဲ့စဉ် လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ၎င်းတို့ပြောပြချက်အရ (RTF) အဖွဲ့ဝင် ၁၇ ဦးခန့်သည် ဒုဥက္ကဋ္ဌ မင်းခန့်ကျော် ဦးစီး၍ မတ်လ ပထမပတ်အတွင်း ရန်ကုန်မှ ဘီးလင်း ယင်းမှတစ်ဆင့် KNU နယ်မြေအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခံရမည်ကို စိုးရိမ်၍ တိမ်းရှောင်သွားခဲ့ကြောင်း သတင်း ထုတ်ပြန်ထားရှိပြီးဖြစ်သည်။

ယင်းဖြစ်စဉ် တိမ်းရှောင်သွားသူ ၁၇ ဦးအနက်မှ အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၂ ဦး စုစုပေါင်း ၇ ဦးသည် မတ် ၁၃ ရက် ညပိုင်းတွင် သထုံမြို့သို့ ပြန်လည်ရောက်ရှိခဲ့သဖြင့် လိုအပ်သည့် စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ခဲ့ရာ ၎င်းတို့အဖွဲ့ ၁၇ ဦးသည် မတ် ၅ ရက်တွင် ရန်ကုန်မြို့မှ အငှားယာဉ်ဖြင့် ထွက်ခွာခဲ့ကာ ဘီးလင်းမြို့နယ် မဲလန်ကျေးရွာသို့ရောက်ရှိပြီး ဘုန်းကြီးကျောင်းတွင် ညအိပ်ခဲ့ကြောင်း၊ ယင်းနောက် ခေါင်းဆောင်ဖြစ်သူ မင်းခန့်ကျော်မှ KNU နယ်မြေအတွင်း ဆေးဝါးကုသခြင်း သင်တန်းပေးမည်ဟု သိရှိရ၍ ကရင်အမျိုးသား ၂ ဦးမှ ၎င်းတို့အဖွဲ့ကို လာရောက်ခေါ်ဆောင်ခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ကရင်တိုင်းရင်းသားကျေးရွာ တစ်ရွာအတွင်း စာသင်ကျောင်းတစ်ခုသို့ ရောက်ရှိခဲ့ကြောင်း၊ ယင်းနေရာတွင် KNU အဖွဲ့ဝင်ဟု ယူဆရသူ အရပ်ဝတ်ဖြင့် လူအချို့ လာရောက်ခဲ့ကာ လေ့ကျင့်သင်ကြားပေးမှုမရှိသဖြင့် ယင်းတို့အဖွဲ့မှ ၁၀ ဦးသည် ၎င်းတို့အဖွဲ့ ၇ ဦးထက် နှစ်ရက်စောကာ ထိုနယ်မြေမှ ပြန်လည်ထွက်ခွာသွားကြောင်း သိရှိရပြီး၎င်းတို့အဖွဲ့ ၇ ဦးသည် မတ် ၁၃ ရက်တွင် သထုံမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

ဖော်ပြပါ ဖြစ်စဉ်များအရ လူငယ်ထုများသည် အတွေးအမြင် စဉ်းစားဆုံးဖြတ်နိုင်မှု အားနည်းစွာဖြင့် သွေးထိုးမြှောက်ပင့် စည်းရုံး လှုံ့ဆော်နေသူများ၏ ဝါဒမှိုင်းတိုက်မှုကြောင့် လမ်းမှားသို့ ရောက်ရှိနိုင်သည့် အခြေအနေသို့ ဦးတည်နေသည်ကို တွေ့ရှိရပါသဖြင့် မိဘဖြစ်သူ လူထုအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နေ့အပူချိန်များ

**နေပြည်တော် မတ် ၁၄** – နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၆ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **မိုး/ဇလ**

# ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ရဲတပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို လှည့်လည်ကြည့်ရှု

**ပုသိမ် မတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး ရဲရိပ်သာတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ ရဲအကူတပ်ဖွဲ့နှင့် ပုသိမ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတို့မှရဲတပ်ဖွဲ့ဝင် ၂၂၄ ဦး၊ စာရေးဝန်ထမ်း ၁၁ ဦး၊ မိသားစုဝင် ၁၅ ဦး စုစုပေါင်း ၂၅၀ တို့ကို ယနေ့ နံနက်ပိုင်းက ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးစတင်ထိုးနှံပေးသည်။



ထိုသို့ကာကွယ်ဆေးထိုးပေးရာတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်ရင်းမှ ပါရဂူများ၊ ဆရာဝန်များက ကာကွယ်ဆေးများထိုးပေးကြပြီး ကာကွယ်ဆေးထိုးပေးရာသို့ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

မောင်မောင်မြင့်၊ မြင့်ဟန် (ပြန်/ဆက်)

# မြောက်ဦးမြို့၌ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်စတင်ထိုးနှံ

**မြောက်ဦး မတ် ၁၄**

ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား ပထမအကြိမ်အဖြစ် ဆေးရုံအခြေပြု စတင်ထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းက ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် စုရပ်အဖြစ် စတင်ထိုးနှံပေးသည်။



အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် စတင်ထိုးနှံခြင်းကို ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် စုရပ်အဖြစ်စတင်ထိုးနှံရာ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ ခင်မောင်သန်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးလာရောက်ထိုးနှံကြသည့် ခရိုင်/မြို့နယ်အဆင့်ဝန်ထမ်းများကို ကိုယ်ပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းများကို ဆောင်ရွက်ပေးပြီးနောက် ပုံမှန်အနေအထားရောက်မှသာ စနစ်တကျ ကာကွယ်ဆေးစတင်ထိုးနှံပေးပြီး ဆေးထိုးနှံပြီးသူများကို မိနစ် ၃၀ ခန့်အနားယူစေကာ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ ပထမအကြိမ် ကာကွယ်ဆေးစတင်ထိုးနှံပေးခြင်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာလမ်းညွှန်ချက်များနှင့်အညီ ထိုးနှံပေးလျက်ရှိရာ မြောက်ဦးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရန်အတွက် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ စုစုပေါင်းဝန်ထမ်း ၃၁၄၁ ဦး ရှိသည့်အနက် ယမန်နေ့ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံခြင်းအဖြစ် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်၊ ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများကို မတ် ၁၃ ရက်မှစ၍ ခရိုင်/မြို့နယ်ဌာနဆိုင်ရာ ၁၆၄ ဦးကိုလည်းကောင်း၊ ယနေ့တွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ ၁၁၆ ဦးကိုလည်းကောင်း ပထမအကြိမ် ကာကွယ်ဆေးစတင် ထိုးနှံပေးခဲ့ပြီး ကျန်ရှိနေသေးသော မြို့နယ်အဆင့် ဌာနဆိုင်ရာရုံးများမှ ဝန်ထမ်းများကိုလည်း ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်ထွန်း**
**(ပြန်/ဆက်)**

# မိုင်းဖြတ်၌ နမ့်မယ်ဟုတ်ချောင်းနှင့် နမ့်ဟိုင်းချောင်း သဲနုန်းပြန်လည်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်

**မိုင်းဖြတ် မတ် ၁၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် ယမန်နေ့က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ် တည်ဆောက်ရေးကော်မတီဝင်များက မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်သည့် နမ့်မယ်ဟုတ်ချောင်း၊ နမ့်ဟိုင်းချောင်း သဲနုန်းပြန်လည်တူးဖော်ခြင်းနှင့် တုတ်တန်းရိုက် သဲအိတ်ချကာရံခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင်နှင့် မြို့နယ်တည်ဆောက်ရေး ကော်မတီဝင်များက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေ ၁၀၅ ဒသမ ၁၇ သန်းဖြင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် အလျားပေ ၃၀၀၀၊ အောက်ခြေပေ ၆၀ မြေကြီးလုပ်ငန်းနှင့် အလျား ပေ ၅၇၀ ရှိ တုတ်တန်းရိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယခင်က မိုးရာသီကာလများတွင် နမ့်မယ်ဟုတ်ချောင်းနှင့် နမ့်ဟိုင်းချောင်းတို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်သည့်အတွက် ဒေသခံတောင်သူများ၏ စိုက်ပျိုးမြေများ ရေလွှမ်းမှုများနှင့် ကြုံတွေ့ရပြီး ယခုအခါ အဆိုပါချောင်းများတွင် သဲနုန်းပြန်လည်တူးဖော်ခြင်းနှင့် တုတ်တန်းရိုက် သဲအိတ်ချ ကာရံခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးစီးပြီဖြစ်သည့်အတွက် ဒေသခံတောင်သူများ၏ စိုက်ပျိုးမြေ ဧက ၆၆၀ ခန့်ကို ရေကြီးရေလျှံမှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းထွန်းအေး (ပြန်/ဆက်)**





# မယ်စဲ့မြို့နယ်တွင် တောမီး၊ တောင်ယာမီးရှို့မှုများကြောင့် မီးခိုးများဖုံးလွှမ်းကာ လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်

**မယ်စဲ့ မတ် ၁၄**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် တောမီး၊ တောင်ယာမီးရှို့မှုများကြောင့် မီးခိုးများဖုံးလွှမ်းကာ လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်၍ မီးခိုးငွေ့များ ရှူရှိုက်ရသဖြင့် အသက်ရှူကျပ်ခြင်း၊ မျက်ခမ်းစပ်ခြင်း၊ မျက်ရည်ကျခြင်းများ ခံစားနေရကြောင်း မီးခိုးငွေ့အန္တရာယ် ခံစားနေရသူ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ယခုအချိန် ကာလတွင် တောလိုက်သူအချို့က တောမီးရှို့ပြီး အမဲလိုက်ဖမ်းဆီးခြင်းများ ပြုလုပ်ခြင်းနှင့် အချို့က တောင်ယာစိုက်ခင်းများအတွက် တောင်ယာမီးရှို့ခြင်းတို့ ပြုလုပ်ကြသဖြင့် တောမီးလောင်ကျွမ်းမှုများ မကြာခဏ ဖြစ်ပေါ်လေ့ရှိသည်။

ယင်းသို့ ပြုလုပ်မှုကြောင့် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် နေရာများတွင် တောမီး၊ တောင်ယာမီး လောင်ကျွမ်းမှုကြောင့် သစ်ပင်များ ဓာတ်အားလိုင်းပေါ်သို့ ပြိုလဲ၍ ဓာတ်တိုင်များ ကျိုးပဲ့ခြင်းနှင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများလည်း မကြာခဏ ဖြစ်ပေါ်လေ့ရှိသည်။

အိမ်နီးချင်း ထိုင်းနိုင်ငံမှလည်း မြန်မာနိုင်ငံ ဘက်ခြမ်းမှ တောမီးရှို့မှုများ မပြုလုပ်စေရေးနှင့် မီးခိုးငွေ့များ ထိုင်းနိုင်ငံဘက်သို့ ပျံ့လွင့်ပြီး လေထုညစ်ညမ်းမှုများကို ထိုင်းပြည်သူများ ခံစားနေရသဖြင့် စည်းကမ်းမဲ့ တောမီးရှို့မှုများ မပြုလုပ်ရန် နှစ်နိုင်ငံ နယ်ခြားကော်မတီအစည်းအဝေး၌ ထည့်သွင်းဆွေးနွေးသည်။

ထို့ကြောင့် တောမီးသည် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်၊ ဇီဝမျိုးစုံမျိုးကွဲနှင့် လူ့အသက်အိုးအိမ်စည်းစိမ်တို့ကို ထိခိုက်ဆုံးရှုံးနိုင်သဖြင့် တောမီးလောင်ကျွမ်းမှု မရှိစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ တောမီးအန္တရာယ်နှင့် ပတ်သက်၍ အသိပညာပေးခြင်း လုပ်ငန်းများကို ပြည်သူများ သိရှိအောင် ဆောင်ရွက်လျက်ရှိပြီး ပြည်သူများကလည်း အထူးလိုက်နာရန် လိုအပ်ကြောင်း သိရသည်။

**ဝတ်ရည် (ပြန်/ဆက်)**

# ငရုတ်ကောင်းပင်ကို ဘူးပင်ကဲ့သို့ စင်စနစ်ဖြင့် စိုက်ပျိုးလို့ ရ မရ

**ငရုတ်ကောင်းဈေးကွက် ခိုင်မာကောင်းမွန်ပုံကို သိရှိလာကြပြီး ငရုတ်ကောင်းပင် စီးပွားဖြစ် စိုက်ပျိုးရေးကို အများစု စိတ်ပါဝင်စားလာကြပါတယ်။ ငရုတ်ကောင်းပင်ကို သီးသန့်စိုက်ခင်းတစ်ခုအဖြစ် စိုက်ပျိုးချင်တယ်ဆိုရင် ဘယ်လိုတိုင်မျိုးတွေသုံးနိုင်သလဲ၊ ဘူးပင်လိုမျိုး စင်နဲ့ရော စိုက်ပျိုးလို့ရသလား မေးမြန်းကြသူတွေအတွက် သိသင့်သိထိုက်တဲ့ အခြေခံအချက်လေးတွေကို ရေးသားဖော်ပြပေးလိုက်ပါတယ်။**

### မူခြားမြစ်ပါတဲ့အပင်

“ငရုတ်ကောင်းပင်က ဘူးစင်လိုမျိုး စင်နဲ့စိုက်ပျိုးလို့ မသင့်တော်ပါဘူး။ ငရုတ်ကောင်းပင်ဟာ မူခြားမြစ်ပါတဲ့ အပင်အမျိုးအစား ဖြစ်တဲ့အတွက် ထိပ်ဆုံးအနွယ်က တွယ်ကပ်တိုင်နဲ့ကပ်နေမှ အဆင်ပြေတာပါ။ ထိပ်ဆုံးအနွယ် (အညွန့်) က တွယ်ကပ်တိုင်ကနေ လန်ကျသွားလို့မရပါဘူး။ လန်ကျသွားရင် အပင်က အပေါ် ဆက်မတက်နိုင်တော့ဘဲ အားယုတ်သွားတတ်ပါတယ်။ ဒါက ငရုတ်ကောင်းပင်ရဲ့ အဓိက လျှို့ဝှက်ချက်တစ်ခုပါ”ဟု KKO pepper ငရုတ်ကောင်း စိုက်ပျိုးထုတ်လုပ်ရေးမှ ဦးအောင်ဆန်းဦးက ရှင်းပြပါတယ်။

ငရုတ်ကောင်းပင်ကို အိမ်ခြံတွေ၊ ဘုန်းကြီးကျောင်းတွေက အပင်ကြီးတွေပေါ်မှာ တွယ်ကပ်ပေါက်နေတာကို မြင်ဖူးကြမှာပါ။ ဒါ့အပြင် ငရုတ်ကောင်းပင်ကို အုန်း၊ ကွမ်းသီး၊ သရက်၊ ဒူးရင်း၊ သီဟိုဠ်၊ ပိန္နဲ စတဲ့အသီးထွက်ရှိတဲ့ နှစ်ရှည်ပင်/သစ်မာ စိုက်ခင်းတွေမှာလည်း သီးညှပ်စိုက်ပျိုးနိုင်ပါတယ်။ နှစ်ရှည်ပင်ကို တွယ်တိုင်အဖြစ် အသုံးပြုစိုက်ပျိုးတဲ့အခါ အပင်ခြေမှာ နှစ်ရှည်ပင်ရဲ့အမြစ်ကို မထိခိုက်စေဘဲ တစ်ပေမှ နှစ်ပေ အကွာအဝေးမှာ စိုက်ကျင်းတူးပြီး စိုက်ပျိုးသင့်ပါတယ်။ ကွမ်းသီးပင်၊ အုန်းပင်တွေနဲ့ စီးပွားဖြစ်သစ်မာစိုက်ခင်းတွေမှာ ရှစ်ပေ ပတ်လည်ဝန်းကျင် ပင်ကြား တန်းကြားစိပ်တဲ့ နှစ်ရှည်ပင်မျိုးတွေမှာ ငရုတ်ကောင်းပင်ကို သီးညှပ်စိုက်ပျိုးနိုင်သလို ပေ ၃၀ ပတ်လည် ပင်ကြား တန်းကြားနဲ့ စိုက်ပျိုးထားတဲ့ နှစ်ရှည်ပင်စိုက်ခင်းဆိုရင်တော့ ပင်ကြား ၁၀ ပေ၊ တန်းကြား ၁၀ ပေစီ အကွာမှာ ငရုတ်ကောင်းစိုက်တန်း နှစ်တန်းကို ဖိုခုံနောက်ဆိုင် စိုက်ပျိုးနိုင်ပါတယ်။



### အပင်ရဲ့အမြင့်ကိုထိန်းသိမ်း

“ကိုယ့်ဒေသက အပင်ကြီးတွေမှာ ကပ်စိုက်ရင်လည်း ရပေမယ့် ငရုတ်ကောင်းပင်ရဲ့ အမြင့်က ၁၂ ပေ (လေးမီတာ) မကျော်သင့်ဘူး။ ၁၂ ပေကျော်သွားတာနဲ့ ငရုတ်ကောင်းပင်က အထွက်နှုန်းနည်းသွားမယ်။ တွယ်ကပ်ပင်ရဲ့ အမြင့်အတိုင်း ငရုတ်ကောင်းပင်ကပါ လိုက်မြင့်တဲ့အခါ ငရုတ်ကောင်းက ဒီနှစ်သီးရင် နောက်နှစ်မသီးတာမျိုး၊ နှစ်ခြားသီးတာတွေ ဖြစ်လာလိမ့်မယ်။ ဒါ့ကြောင့် စီးပွားဖြစ်စိုက်မယ်ဆိုရင် အပင်ရဲ့အမြင့်ကို ထိန်းသိမ်းပေးနိုင်ရမယ်။ အရိပ်ကို တစ်ဝက်တစ်ပျက်အရိပ် (အပင်အရိပ်ကျရောက်မှု ၅၀ ရာခိုင်နှုန်း) ရရှိရမယ်။ တွယ်ကပ်ပင် ရွေးချယ်ရာမှာတော့ အပင်သက်တမ်း အနည်းဆုံး ၁၅ နှစ်အထိ ရှင်သန်နိုင်တဲ့ အပင်မျိုးဖြစ်ဖို့ လိုတယ်။ ငရုတ်ကောင်းက နှစ်ရှည်ပင်ဖြစ်လို့ပါ”ဟု ဦးအောင်ဆန်းဦးက ဆက်လက် ပြောပြပါတယ်။

ငရုတ်ကောင်းပင်ကို စီးပွားဖြစ် စိုက်ခင်းတစ်ခုအဖြစ် စိုက်ပျိုးချင်ရင် ပထမဆုံးအနေနဲ့ တွယ်ကပ်တိုင် ပြုလုပ်နိုင်မယ့် သက်ရှိအပင်တိုင်တွေကို အရင်စိုက်ပျိုးရပါတယ်။ ငရုတ်ကောင်းစိုက်ကျင်း အနီးအနားမှာ ငရုတ်ကောင်းပင်တွယ်တက်ဖို့နဲ့ အမြစ်ကုပ်တွယ်နိုင်ဖို့ တွယ်ပင်၊ တွယ်တိုင်တွေကို သတ်မှတ်စိုက်တန်း အကွာအဝေးအတိုင်း အရင်စိုက်ပျိုးရတာပါ။ အသက်ရှင်သန်နေဆဲ (ခုတ်ယူပြီး ပြန်လည် စိုက်ပျိုးလို့ရတဲ့) နဘဲတိုင်၊ ချဉ်ယုတ်တိုင်၊ ဒီးဒူတိုင်၊ လက်ပံတိုင်၊ ကြောင်လျှာတိုင်၊ တောငွေးတိုင်၊ လဲမှို့တိုင်တွေကို ငရုတ်ကောင်း စိုက်ပျိုးမယ့် စိုက်ခင်းမှာ ကနဦး စိုက်ပျိုးထားရမှာပါ။

ဒီလိုမျိုး ငရုတ်ကောင်းပင် သီးသန့် စိုက်ပျိုးမှုအတွက် ပင်ကြားတန်းကြားအကွာအဝေး ရှစ်ပေ ခြောက်ပေ(သို့) ခုနစ်ပေ ပတ်လည် သို့မဟုတ် ရှစ်ပေ ပတ်လည် ခန့်ထားနိုင်ပါတယ်။ ပင်ကြား တန်းကြား ရှစ်ပေ ခြောက်ပေ အကွာအဝေးနဲ့ စိုက်ပျိုးပါက တိုင်အရေအတွက် ၉၀၈ တိုင် စိုက်ပျိုးနိုင်ပြီး ခုနစ်ပေပတ်လည် စိုက်ပျိုးပါက တိုင်အရေအတွက် တိုင် ၈၉၀၊ ရှစ်ပေပတ်လည် အကွာအဝေးဖြင့် စိုက်ပျိုးပါက တိုင် ၆၈၀ စိုက်ပျိုးနိုင်မှာပဲ ဖြစ်ပါတယ်။

**နန်းထက်ထက်ချစ်**

# ဈေးကောင်းသလို ရောင်းအားလည်းကောင်း၍ မင်းဘူး (စကု)မြို့နယ်မှမေမြို့ပန်းစိုက်သူများအဆင်ပြေ



**မင်းဘူး မတ် ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ် ကျောက်တန်းကျေးရွာတွင် မေမြို့ပန်းစိုက် တောင်သူများသည် ပန်းများလှိုင်လှိုင်ပေါ်ပြီး ဈေးကောင်းသလို ရောင်းအားလည်းကောင်းလို့ အဆင်ပြေကြကြောင်း ကျောက်တန်းကျေးရွာ ပန်းစိုက်တောင်သူများထံမှ သိရသည်။

ပန်းများမှာ စားသောက်ကုန်ပစ္စည်း မဟုတ်သော်လည်း မြန်မာလူမျိုးတို့အတွက် ဘုရားတင်၊ နတ်ဆက်၊ အလှူမင်္ဂလာ၊ ပွဲလမ်းသဘင်များအပြင် လူနေအိမ်များ၊ ပွဲရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ မိုတယ်တို့၏ ဧည့်ခန်းများတွင် လှပခံ့ညားစေရန် အလှပန်းအိုးများတွင် စိုက်ထိုးထားကြသော အသုံးအဆောင်ပစ္စည်းတစ်မျိုးလည်း ဖြစ်သည်။

ပန်းများမှာ အမျိုးပေါင်းများစွာ ရှိသော်လည်း မေမြို့ပန်းကို ငါးလခန့်အချိန်ယူ စိုက်ပျိုးရပြီး ထွန်ယက်ခ၊ ပေါင်းဆွဲခ၊ ပျိုးပင်များ ပြန်လည်စိုက်ပျိုးခနဲ့ဆို တစ်ဧကငွေကျပ် သုံးသိန်းဝန်းကျင်ခန့် ကုန်ကျကြောင်းလည်း သိရသည်။

ပန်းများကို ရေဖျန်းခြင်းမဟုတ်ဘဲ ရေသွင်းခြင်းစနစ် စိုက်ပျိုးပြီး မြေကြီးအစိုအခြောက်အပေါ် မူတည်၍ ငါးရက်တစ်ခါ ခုနစ်ရက်တစ်ခါ စသည်ဖြင့် ရေသွင်းပေးရသည်။

ပိုးသတ်ဆေးများကို ပိုးကျသည့်အခါမှ ဖျန်းပြီး အပင်ကောင်းဆေးများလည်း စိုက်ပျိုးမည့်အချိန်တွင် နွားချေး၊ မြေဆွေးများ ခံထားသည့်အတွက် လိုအပ်မှသာ ပက်ဖျန်းပေးရကြောင်းလည်း သိရသည်။ ပန်းများပေါ်သည့်အချိန်တွင် တစ်ပြိုင်တည်းလှိုင်လှိုင်ပေါ်သည့်အတွက် နေ့စဉ်ရက်ဆက် ရောင်းချနေရပြီး မေမြို့ပန်းတစ်ပင် ငွေကျပ် ၈၀၊ သုံးပင်စည်းတစ်စည်းလျှင် ငွေကျပ် ၂၀၀ ဖြင့် လှိုင်လှိုင်ရောင်းချနေရသဖြင့် စိုက်ပျိုးသူများ အဆင်ပြေကြောင်း မင်းဘူး (စကု)မြို့နယ် ကျောက်တန်းကျေးရွာ မေမြို့ပန်းစိုက် တောင်သူ ဒေါ်မြကြည်ထံမှ သိရသည်။ **ဇေယျာထက် (မင်းဘူး)**

# ငဖဲမြို့နယ် သရက်ပင်ကျေးရွာတွင် မြစိမ်းရောင်(မျိုးကောင်းမျိုးသန့်) ဒေသနွားအမကောင်ရေ ၅၀ မွေးမြူထားရှိရာ ၂၁ ကောင်တိုးပွားလျက်ရှိ



**ငဖဲ မတ် ၁၄**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် ရည်ရွယ်၍ နိုင်ငံတော်ထောက်ပံ့ ငွေကျပ်သိန်း ၃၀၀ ဖြင့် ချောင်းဖြူကျေးရွာအုပ်စု သရက်ပင်ကျေးရွာတွင် မြစိမ်းရောင် (မျိုးကောင်းမျိုးသန့်) နွားမွေးမြူရေးလုပ်ငန်းအဖြစ် ရွှေနီမျိုးနွားအမ ကောင်ရေ ၅၀ ကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် စတင်မွေးမြူလာခဲ့ရာ ယနေ့အချိန်အထိ နွားများ အသေအပျောက်မရှိဘဲ နွားပေါက်ကောင်ရေ ၂၁ ကောင် တိုးပွားရရှိနေပြီဖြစ်ကြောင်း မြစိမ်းရောင်နွားမွေးမြူရေးအဖွဲ့ခေါင်းဆောင် ဦးမင်းအောင်ထံမှ သိရသည်။

သရက်ပင်ကျေးရွာမှ လက်ခံရရှိထားသော နွားအမကောင်ရေ ၅၀ ကို အိမ်ထောင်စုတစ်စုလျှင် တစ်ကောင်နှုန်းဖြင့် သတ်မှတ်စည်းကမ်းနှင့်အညီ သုံးနှစ်အထိ ကျွေးမွေးစောင့်ရှောက်၍ သုံးနှစ်ပြည့်မြောက်ပြီးပါက မူလလက်ခံရရှိသော တစ်နှစ်ခွဲသား အရွယ်အစားအတိုင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ တစ်အိမ်ထောင်လျှင် တစ်ကောင်နှုန်း ပြန်လည်ပေးအပ်ရမည်ဖြစ်ပြီး ဆက်လက်၍ မွေးမြူလိုပါကလည်း မွေးမြူနိုင်ကြောင်း သိရသည်။

အဆိုပါ သရက်ပင် ကျေးရွာအနီးရှိ ပါရမီတောင်ခြေရင်း တစ်ဝိုက်တောထဲတွင် နွားစာပေါများပြီး ဖွံ့ဖြိုးရေးကန်မှ ရေကိုလည်း သောက်သုံးနိုင်သဖြင့် တောထဲသို့ နေ့စဉ် လွှတ်ကျောင်းပေးကြောင်းနှင့် နွားများအတွက် ရောဂါကာကွယ်ဆေးများကိုလည်း မြို့နယ်ရုံးဝန်ထမ်းများက လာရောက် ထိုးနှံပေးကြောင်း သိရသည်။

**မယု(ငဖဲ)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကုန်တင်ယာဉ်များ၊ အဝေးပြေးခရီးသည်တင်ယာဉ်များ သွားလာမှုအဆင်ပြေ ချောမွေ့ရေးအတွက် လိုက်နာရမည့်အချက်များ ရှင်းလင်းဆွေးနွေး

**မုံရွာ မတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကုန်တင်ယာဉ်များ၊ အဝေးပြေးခရီးသည်တင်ယာဉ်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း သွားလာမှု အဆင်ပြေချောမွေ့ရေးအတွက် လိုက်နာရမည့်အချက်များ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို မတ် ၁၂ ရက်က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**အဆင်ပြေချောမွေ့ရေး**

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လင်းက ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း အဝေးပြေးခရီးသည်တင်ယာဉ်များနှင့် ကုန်တင်ယာဉ်များသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် လိုက်နာ ဆောင်ရွက်ရမည့် အခြေအနေများနှင့် ပတ်သက်၍ ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များက ကုန်တင်ယာဉ်များ၊ အဝေးပြေးခရီးသည် တင်ယာဉ်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း လိုက်နာရမည့်အချက်များနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးကြပြီး ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်း ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၊ အတွင်းရေးမှူး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းဟန်က ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ အခမ်းအနားသို့ တက်ရောက်လာသူများက ဆွေးနွေးတင်ပြကြသည်။

**ညှိနှိုင်းပေါင်းစပ်**

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ကုန်တင်ယာဉ်များ၊ အဝေးပြေး ခရီးသည်တင်ယာဉ်များ သွားလာမှုအဆင်ပြေချော မွေ့စေရေးအတွက် လိုက်နာရမည့်အချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

အဆိုပါ ဆွေးနွေးပွဲ အခမ်းအနားသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၂) ဒေါ်ရီရီသန်း၊ တိုင်းဒေသကြီး စီမံအုပ်ချုပ် ရေးကောင်စီအတွင်းရေးမှူး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မော်တော်ယာဉ်လိုင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# တောင်ကြီးမြို့ပေါ်ရှိ ပုဂ္ဂလိကအထွေထွေရောဂါကုဆေးရုံ လုပ်ငန်းရှင်ကြီးများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

**တောင်ကြီး မတ် ၁၄**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ပေါ်ရှိ ပုဂ္ဂလိကအထွေထွေရောဂါကုဆေးရုံ လုပ်ငန်းရှင်ကြီးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က တောင်ကြီးမြို့ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက နှစ်ဦး နှစ်ဖက် ပူးပေါင်း၍ ပြည်သူများအား ဆေးကုသပေးနိုင်ရေးနှင့် ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသည့် အထွေထွေရောဂါကုဆေးရုံများဖြစ်သည့် ထွန်းဆေးရုံ၊ ပတ္တမြားဆေးရုံ၊ မိုးသုခဆေးရုံ၊ မြတ်တော်ဝင်ဆေးရုံ၊ ပန်းလှိုင်ဆေးရုံ၊ ခိုင်မေတ္တာဆေးရုံတို့မှ ဆေးရုံအုပ်ကြီးများက ဆွေးနွေးတင်ပြကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမှာစကား ပြောကြားကြောင်း သိရသည်။

မောင်မောင်သန်း( တောင်ကြီး)

# လဟယ်မြို့တွင် ဓာတ်ပေါင်းစုစေတီကုန်း ဆုတောင်းပြည့်ဘုရား စုပေါင်းသန့်ရှင်း

**လဟယ် မတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် တည်ထားကိုးကွယ်တော်မူသော ဓာတ်ပေါင်းစုစေတီတော်ကုန်း ဆုတောင်းပြည့်စေတီဘုရားရင်ပြင် ချဲ့ခြင်းနှင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများ စုပေါင်းလှူဒါန်းငွေ ဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိရာ အဆိုပါ ဆုတောင်းပြည့်စေတီဘုရားရင်ပြင်၌ ကျောက်ကြမ်းခင်းခြင်း၊ မြေပြင်ညှိခြင်း၊ ရေဖျန်းခြင်းလုပ်ငန်းတို့ကို လဟယ်မြို့ရှိ ရပ်ကွက်ပြည်သူများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများစုပေါင်း၍ လုပ်အားဒါနပြုခြင်းကို ယမန်နေ့က အဆိုပါ စေတီကုန်းပေါ်၌ ပူးပေါင်းဆောင်ရွက်သည်။

ထိုသို့ စုပေါင်းလုပ်အားပေးဆောင်ရွက်နေမှုကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အတွင်းရေးမှူး ဦးနေမင်းသူ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးညီညီနှင့်အဖွဲ့ဝင်များ ကြည့်ရှုအားပေးကြောင်း သိရသည်။

ရှားဆက်(လဟယ်)

# မိုင်းဖြတ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မိုင်းဖြတ် မတ် ၁၄**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် ကျေးရွာ ဖွံ့ဖြိုးရေးလမ်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယမန်နေ့က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ် တည်ဆောက်ရေး ကော်မတီဝင်များက ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တာဝန်ယူဆောင်ရွက်သည့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးတက်တိုးက ကျေးရွာသုံးရွာ၌ ကျောက်ချောလမ်းနှင့် မြေသားလမ်းဖောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီအောင်နှင့် အဖွဲ့သည် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၂၁ ဒသမ ၅၀ ဖြင့် ဆားလို့ပေါ်-ဆားလို့အောက် ကျေးရွာသို့ ဆက်သွယ် သွားလာနိုင်မည့် (၁/၁) မိုင် ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့သည် ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေကျပ် ၇၇ ဒသမ ၅၇ သန်းဖြင့် ဝမ်ပုံ-နမ့်ယွန်းလမ်း(၀/၆)မိုင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း၊ ခွင့်ပြုရန်ပုံငွေကျပ် ၈၇ ဒသမ ၄၂ သန်းဖြင့် အိုက်လုံ-အိုက်ငို့ကျေးရွာသို့ ဆက်သွယ်သွားလာနိုင်မည့် (၂/၇)မိုင်ရှိ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

သန်းထွန်းအေး(ပြန်/ဆက်)

# ကျေးလက်နေလူငယ်များအတွက် အခြေခံဆိုင်ကယ်ပြင် သင်တန်းကို နောင်မွန်မြို့၌ ဖွင့်လှစ်

**နောင်မွန် မတ် ၁၄**

ကျေးလက်နေလူငယ်များအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံဆိုင်ကယ်ပြုပြင်ခြင်းသင်တန်းကို ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ်၌ ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိသည်။

အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံဆိုင်ကယ် ပြုပြင်ခြင်းသင်တန်းကို မတ်လ ၁၀ ရက်မှ ၂၆ ရက်အထိ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ သင်ကြားပို့ချပေးလျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

အဆိုပါသင်တန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် သုံးသန်းအကုန်အကျခံကာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသားစုစုပေါင်း ၁၅ ဦး တက်ရောက်သည်။

အလုပ်အကိုင်ရရှိစေမည့် အသက်မွေးဝမ်းကျောင်းပညာများ နားလည်တတ်မြောက်ကျွမ်းကျင်ရေးအတွက် ဆိုင်ကယ်ပြင်သင်တန်း တက်ရောက်ရခြင်းဖြစ်ပြီး သင်တန်းပြီးဆုံးပါက လက်တွေ့နယ်ပယ်တွင် ဝင်ငွေရရှိရေး ဆောင်ရွက်မည်ဖြစ်ကြောင်း သင်တန်းသားတစ်ဦးက ပြောသည်။

မင်းမြင့်မိုရ်

# ရန်ကုန်မြို့နှင့် အနီးဆုံး ခရီးသွားအပန်းဖြေရာနေရာဖြစ်လာမည့် တဘူးလှဆည်

အောင်သပြေ

မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာကျရာ ရန်ကုန်မြို့သည် လူဦးရေများသော တိုင်းဒေသကြီးတစ်ခုဖြစ်သည်နှင့်အညီ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများသော ပင်လယ်ဆိပ်ကမ်းမြို့ကြီး ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကို အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ ကြုံတွေ့ရသော မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ၏ စီးပွားရေးကဏ္ဍကို ပြန်လည်ဦးမော့ရာ၌ ခရီးသွားလုပ်ငန်းသည် မြန်ဆန်သော တိုင်းပြည်ဝင်ငွေကို ဖော်ဆောင်ပေးနိုင်သောကြောင့် ရန်ကုန်တိုင်းဒေသကြီးနှင့် အခြားသော တောင်ပေါ်၊ မြေပြန့်မကျန် သဘာဝပတ်ဝန်းကျင်လှပသော ဒေသတို့၌ ပြည်တွင်း၊ ပြည်ပခရီးသွားတို့ကို ဆွဲဆောင်နိုင်မည့် ခရီးစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

## ကြိုဆိုလျက်ရှိ

ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကုန်မြို့နေပြည်သူများအနေဖြင့် ကိုဗစ်ကာလ ပြီးဆုံးသည်ဖြစ်စေ၊ ဖြေလျှော့သည်ဖြစ်စေ ပင်လယ်ကမ်းခြေနှင့် အေးချမ်းဆိတ်ငြိမ်သောနေရာတို့တွင် မိသားစု စိတ်လက်ပေါ့ပါးစွာ အနားယူအပန်းဖြေနိုင်မည့်နေရာအချို့ ရန်ကုန်မြို့နှင့် အနီးဆုံးတွင် တည်ရှိသောကြောင့် တစ်နေ့တာ သွားရောက် လည်ပတ်နိုင်မည် ဖြစ်သည်။ ပင်လယ်ကမ်းခြေဆိုလျှင် ကားဖြင့် နှစ်နာရီခွဲကြာ မောင်းနှင်သွားလာနိုင်သော ကွမ်းခြံကုန်းမြို့ နယ် ဆယ်အိမ်တန်းကမ်းခြေနှင့် ထိုခရီးအကွာအဝေးသာရှိသည့် တိုက်ကြီးမြို့နယ် ဥက္ကံမြို့ အရှေ့ဘက်ရှိ တဘူးလှဆည် အပန်းဖြေ ခရီးစဉ်တို့က ကြိုဆိုလျက်ရှိသည်။

## အံ့ဩဖွယ်ရှုခင်းအလှ

ရန်ကုန်တိုင်းဒေသကြီး၏ နယ်နိမိတ်အဆုံးသည် ဥက္ကံမြို့ဖြစ်ပြီး ကပ်လျက်မှာ ပဲခူးတိုင်းဒေသကြီး၏သာယာဝတီမြို့နယ်နှင့် ထိစပ်လျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိကအသက်မွေးသော ဥက္ကံမြို့သည် ပဲခူးတိုင်းဒေသကြီးနှင့် ကပ်လျက်ရှိသည့် တဘူးလှဆည်၏ ဂုဏ်သတင်းကြောင့် ပို၍ထင်ရှားလာလျက်ရှိသည်။ ဥက္ကံမြို့နှင့် ၁၇ မိုင်ကျော်ဝေးကွာသော တဘူးလှဆည်ဝန်းကျင်တွင် သစ်ရိပ်၊ ဝါးရိပ်တို့ဖြင့် စိမ်းစိုလျက်ရှိသည်။ ပဲခူးရိုးမမှ သစ်နှင့်ဝါးကို တဘူးလှဆည်မှ ဖြတ်သန်း၍ ပြည်ကားလမ်းသို့ သွားလာနိုင်သောကြောင့် တစ်ချိန်က ဥက္ကံမြို့နှင့် သာယာဝတီမြို့သည် သစ်လုပ်ငန်းဖြင့် စည်ကားခဲ့သည်။ ယခုအခါ ကျေးလက်လမ်းနှင့် ခရိုင်ချင်းဆက်လမ်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုဖြင့် မြို့ပြနှင့် ကျေးလက် ခရီးသွားလာမှု မြန်ဆန်ချောမွေ့လာလျက်ရှိပြီး သစ်ရှားပါးမှုကြောင့် တဘူးလှဆည်မှ ဝါးများကိုသာ အများဆုံး တင်ပို့လျက်ရှိသည်။ စိမ်းညို့နေသော တဘူးလှဆည်ကို တမံတစ်ကျေးရွာ စေတီတောင်ကုန်းပေါ်မှ ကြည့်ပါက အစုလိုက် စိမ်းစိုနေသော ကျွန်းစုလေးများကို တွေ့မြင်ရမည်ဖြစ်ပြီး ဝေဟင်မှ ကြည့်ရှုပါက အမေဇုန်တော၏ ကျွန်းစုလေးများ



သဖွယ် ရေပြင်စိမ်းစိမ်းနှင့် ကျွန်းစုလေးများကို ရန်ကုန်မြို့၏ အနီးတွင် တွေ့မြင်ရသောကြောင့် အံ့ဩဖွယ်ရှုခင်းအလှကို တွေ့မြင်ရသည်မှာ ပေါင်းလောင်းဆည်နှင့် မြင်မှတ်မှားလေ့ရှိသည်။

## အရေးပါသောဆည်ကြီးတစ်ခုအဖြစ်

ထိုတဘူးလှဆည်ဝန်းကျင်သည် တောရိပ်၊ တောင်ရိပ်များ ကျန်ရှိနေပြီး သစ်တောစိုက်ခင်းများဖြင့် ဆည်ကြီးရေရှည်တည်တံ့ခိုင်မြဲမှုကို အထောက်အပံ့ပြုလျက်ရှိသည်။ နှစ်စဉ်မိုးရာသီတွင် ပဲခူးရိုးမနှင့် အနီးဝန်းကျင်ရှိ တော၊ တောင်၊ လျှိုမြောင်တို့မှ စီးဆင်းလာသောရေဖြင့် တဘူးလှဆည်သည် နွေစပါးစိုက်ပျိုးသော တောင်သူတို့ကို အကျိုးပြုလျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် တဘူးလှဆည်သည် လူသိနည်းသော်လည်း သဘာဝအရင်းအမြစ်များနှင့် အေးချမ်းသော နေရာတစ်ခုအဖြစ် တွေ့မြင်ရဆဲ ဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်ခုတ်၊ ဝါးခုတ်ဖြင့် အသက်မွေးကြသောကြောင့် တဘူးလှဆည်ကြီးသည် ကျေးလက်ပြည်သူများကိုသာမက ရန်ကုန်တိုင်းဒေသကြီးအတွက် အရေးပါသော ဆည်ကြီးတစ်ခုအဖြစ် တွေ့မြင်ရမည် ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်နှင့် မှော်ဘီမြို့နယ်အတွင်းရှိ လယ်ယာမြေဧရိယာ ၅၂၀၀၀ဧက အတွက် စိုက်ပျိုးရေးကဏ္ဍအတွက် ရေပေးဝေနိုင်ရန် ရည်ရွယ်ပြီး ၁၉၉၃ ခုနှစ် ဇန်နဝါရီ ၁ရက်တွင် နိုင်ငံတော်က တဘူးလှ(ဥက္ကံ) ရေလှောင်တမံကြီးကို တည်ဆောက်ခွင့်ပြုခဲ့ခြင်း ဖြစ်သည်။ ထိုစီမံကိန်းကို ဖော်ဆောင်ရာ၌ သတ်မှတ်လျာထားချက်ထက် တစ်နှစ်စော၍ ၁၉၉၅ ခုနှစ် မေ ၂၇ ရက်တွင် အောင်မြင်စွာ တည်ဆောက် ပြီးစီးရာ ယနေ့တိုင် တောင်သူတို့၏ စိုက်ပျိုးရေးကို အထောက်အပံ့ဖြစ်စေလျက်ရှိသည်။

## အသီးအပွင့်ကိုရရှိခံစား

အဆိုပါ တဘူးလှဆည်ကြီးကို မြန်မာကျပ်ငွေ ၈၈၅ သန်းဖြင့် စက်အား၊ လူအားဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ မြေထိုးစက် ၁၄ စီး၊ မြေတူးစက် ငါးစီး၊ မြေတင်စက် လေးစီး၊ မြေသယ်ယာဉ် ၁၇ စီး၊ မြေညှိစက် သုံးစီး၊ ဝန်ချီစက် နှစ်စီး၊ မြေသား ကြိတ်စက် ငါးစီး၊ ဘိလပ်မြေဖျော်စက် နှစ်စီး၊ ယာဉ်မျိုးစုံ အစီး ၃၀ ၊ ရေကား ခြောက်စီးတို့ဖြင့် မြန်ဆန်စွာ တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်သည်။ ပြည်သူတို့၏ စုပေါင်းပါဝင်မှုဖြင့် မြန်ဆန်စွာ တည်ဆောက်ပြီးစီးခဲ့ရာ ထိုအသီးအပွင့်ကို ယနေ့တိုင် ကျေးလက်နေပြည်သူများ ခံစားရရှိလျက်ရှိသည်။

## ဖြည့်ဆည်းထောက်ပံ့ပေးလျက်ရှိ

တဘူးလှဆည်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး နယ်နိမိတ်အဆုံးတွင် တည်ရှိပြီး ဆည်ရေကို ဥက္ကံချောင်းအတိုင်း ပို့လွှတ်လျက်ရှိသည်။ ပဲခူးရိုးမနှင့် ထိစပ်နေသောကြောင့် နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၈၄ လက်မ ရရှိပြီး နှစ်စဉ်ပျမ်းမျှစီးဝင်ရေမှာ ဧကပေ ၂၈၀၀၀၀ ရှိသည်။ ရေဆင်းဧရိယာမှာ ၈၆ စတုရန်းမိုင်ရှိပြီး ရေလှောင်တမံအမျိုးအစားမှာ မြေသားရေလှောင်တမံ ဖြစ်သည်။ ရေလှောင်တမံအမြင့်သည် ၉၅ ပေရှိ၍ အလျားမှာ ၁၃၀၅ ပေရှိကာ ရေပိုလွှဲအလျား ၃၀၃ ပေ ၊ ရေပိုလွှဲအကျယ် ပေ၂၀၀ နှင့် ရေပိုလွှဲ ရေလွှတ်အားမှာ ၅၃၀၀ ကုဗပေ/ စက္ကန့်ရှိသည်။ ရေထုတ်ပြွန်အရွယ်အစားသည် ၆ x ၄ ပေ သုံးခုနှင့် အလျားမှာ ပေ ၆၀၀ ရှိပြီး ရေထုတ်အားမှာ ၈၀၀ ကုဗပေ/ စက္ကန့်ရှိသည်။ ဆည်ရေလှောင်ပမာဏမှာ ဧကပေ ၁၉၄၆၀၀ ရှိသောကြောင့် ကန်အတွင်း ရေသေပမာဏ ဧကပေ ၂၄၃၅၀ သိုလှောင်နိုင်ပြီး ဆည်ရေပြည့် ရေပြင်ကျယ်ဧရိယာမှာဧက ၇၈၀၀ ကျယ်ဝန်းသည့်အတွက် မြေပြင်နှင့် ဝေဟင်မှ တွေ့မြင်ရသော ဆည်၏အလှမှာ အခြားသော ဆည်များနှင့်မတူဘဲ အစု အစု ကျွန်းစုလေးများဖြင့် လှပနေခြင်း ဖြစ်သည်။ ဆည်ရေသောက် ဧရိယာမှာ ဧက ၅၂၀၀၀ ရှိရာ မြို့နယ်နှစ်ခု၏ သီးနှံစိုက်ပျိုး ဧရိယာဧက ၁၀၄၀၀၀ ကို အကျိုးပြုလျက်ရှိသည်။ ထိုတဘူးလှဆည်ကို ၁၉၉၃-၁၉၉၄ ခုနှစ်တွင် စီမံကိန်း စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၉၅ ခုနှစ် မေ ၂၇ ရက်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့သောကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွက် လိုအပ်သော ဆန်စပါးနှင့် သီးနှံစိုက်ပျိုးရေး ကဏ္ဍကို ယနေ့တိုင် ဖြည့်ဆည်းထောက်ပံ့ပေးလျက်ရှိသည်။

## မိသားစုတစ်ရက်တာအနားယူနိုင်

နေ့ပူညချမ်း တပေါင်းလဆန်းဆိုသည့်စကားနှင့် အညီ တဘူးလှဆည်အနီးကျေးရွာတို့မှာ ညပိုင်း

*စာမျက်နှာ ၂၆ သို့*

**“တဘူးလှဆည်ဝန်းကျင်သည် တောရိပ်၊ တောင်ရိပ်များ ကျန်ရှိနေပြီး သစ်တောစိုက်ခင်းများဖြင့် ဆည်ကြီးရေရှည်တည်တံ့ခိုင်မြဲမှုကို အထောက်အပံ့ ပြုလျက်ရှိသည်။ နှစ်စဉ် မိုးရာသီတွင် ပဲခူးရိုးမနှင့်အနီးဝန်းကျင်ရှိ တော၊ တောင်၊ လျှိုမြောင်တို့မှ စီးဆင်းလာသောရေဖြင့် တဘူးလှဆည်သည် နွေစပါးစိုက်ပျိုးသော တောင်သူတို့ကို အကျိုးပြုလျက်ရှိ”**



# ဗန်းမောက်မြို့နယ် မံကပ်ဒေသစိတ်အတွင်းရှိ မံလုံချောင်းရေများညစ်ညမ်းနေသဖြင့် ချောင်းတိမ်ကောသွားမည်ကို ဒေသခံပြည်သူများ စိုးရိမ်နေ

ဗန်းမောက် မတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မံကပ်ဒေသစိတ်အတွင်းရှိ မံလုံချောင်းရေမှာ နောက်ကျိပြီး ရေများညစ်ညမ်းလာသဖြင့် ချောင်းတိမ်ကောသွားမည်ကို ချောင်းရိုးတစ်လျှောက်တွင် နေထိုင်လျက်ရှိသော ယင်းချောင်းရေအား မှီခိုအားထားနေရသည့် ကျေးရွာ ၁၅ ရွာမှ ဒေသခံပြည်သူများ ရေအရင်းအမြစ် ပျောက်သွားမည်ကို စိုးရိမ်လျက်ရှိသည်။



အဆိုပါ မံလုံချောင်းရေသည် ယခင်နှစ်များက ကြည်လင်အေးမြပြီး ချောင်းတစ်လျှောက်တွင် နေထိုင်လျက်ရှိသော ကျေးရွာ ၁၅ ရွာမှ ဒေသခံပြည်သူ ၁၀၀၀ ကျော်က နွေရာသီ ကျေးလက်ဒေသအချို့တွင် တွင်းရေများ ခန်းခြောက်ပါက ယင်းချောင်းရေကို ချိုးရေ၊ သောက်သုံးရေ၊ လယ်ယာမြေများအတွက် လိုအပ်သောရေများနှင့် ကျွဲ၊ နွား တိရစ္ဆာန်များ သောက်သုံးရန်အတွက် မှီခိုအားထားနေရသော ချောင်းရေဖြစ်သည်။ ယခုအခါ ယင်းမံလုံချောင်းဖျားထိပ်နှင့် ချောင်းရိုးတစ်လျှောက်တွင် တရားမဝင် ရွှေသတ္တုတူးဖော်နေကြသည့် ဘက်ဟိုးများ၊ ခြောက်လုံးထိုး အင်ဂျင်ကြီးများ၊ ၁၂ လုံးထိုး အင်ဂျင်ကြီးများ၊ ကုတ်ဖျော့များ၊ ဖြုန်းစုပ်များဖြင့် ရွှေတူးဖော်ခြင်းများ လုပ်ကိုင်နေကြရာ အဆိုပါ ရွှေမျှော့များမှ စွန့်ပစ်ခဲ့သော မျှော့စာများ၊ ရွှံ့နွံများနှင့် ရွှံ့စေးများသည် ချောင်းအတွင်းသို့ရောက်ရှိလာကာ ရေများနောက်ကျိပြီး ရွှံ့စေးရေများသာ စီးဆင်းလာသဖြင့် အသုံးပြု၍ မရကြောင်း ဒေသခံပြည်သူများက ပြောသည်။

"ဟိုးလွန်ခဲ့တဲ့ ငါးနှစ် ခြောက်နှစ်ကတော့ မံလုံရေက ကြည်လင်အေးမြပြီး ကျွန်တော်တို့ ကျွဲ၊ နွား တိရစ္ဆာန်တွေအတွက် သောက်သုံးရေသာမက ချောင်းရိုးတစ်လျှောက်မှာ နေထိုင်တဲ့ ကျေးရွာဒေသခံတွေဟာ နွေရာသီမှာ ရေတွင်းတွေ ရေခန်းခြောက်လာပြီဆိုရင် ဒီမံလုံချောင်းထဲမှာ ရေချိုးအဝတ်လျှော် သောက်သုံးဖို့ပါ အသုံးပြုရတယ်။ အခုတော့ မြင်တဲ့အတိုင်းပဲ။ ဒီချောင်းဖျားထိပ်မှာ ဘက်ဟိုးယန္တရားကြီးတွေနဲ့ တရားမဝင်ရွှေတွေ တူးနေကြတယ်။ ပြီးတော့ မြေစာတွေကို ဒီချောင်းထဲ စွန့်ပစ်ကြတော့ ရေတွေနောက်ကျိလာတယ်။ စီးတဲ့ရေတွေကလည်း ရွှံ့စေးရေတွေ ဖြစ်တယ်၊ ကြာရင် ဒီချောင်းဟာ တိမ်ကောသွားတော့မှာ။ ဒါကြောင့်မို့ ဒီလုပ်ရပ်ကို တာဝန်ရှိသူတွေ တားမြစ်ပေးစေချင်တယ်ဗျာ" ဟု ကျေးရွာမှဒေသခံတစ်ဦးက ပြောသည်။

ဆက်လက်ပြီး ရွှေလုပ်ငန်းများ လုပ်ကိုင်နေပါက ထိုချောင်းအား ရွှေမျှော့မှ စွန့်ပစ်သည့် မြေစာများ တဖြည်းဖြည်းဖို့လာနေသဖြင့် ချောင်းတိမ်ကောသွားပြီး ရေအခက်အခဲများ ဖြစ်ပေါ်လာကာ လယ်ယာလုပ်ငန်းကိုပါ ထိခိုက်လာနိုင်သဖြင့် ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းကို တာဝန်ရှိပုဂ္ဂိုလ်များက တားမြစ်ပေးကြပါရန် ဒေသခံပြည်သူများက မျှော်လင့်နေကြကြောင်း သိရသည်။

အဆိုပါ မံလုံချောင်းတစ်လျှောက်တွင် တရားမဝင် ရွှေသတ္တုတူးဖော်နေသော ရွှေမျှော့များ ၄၀ ခန့်ရှိသည်ဟု ဒေသခံများထံမှ သိရသည်။ မံလုံချောင်းသည် ခမ်းပတ်တောင်မှ ချောင်းဖျားခံ၍ အနောက်မှ အရှေ့သို့ စီးဆင်းပြီး ၁၈ မိုင်မျှရှိကာ မဲဇာချောင်းအတွင်းသို့ တောင်ချောင်းပေါက်ကျေးရွာအနီးတွင် စီးဝင်သွားသော ချောင်းဖြစ်သည်။

**လှိုင်ဘွား(ဗန်းမောက်)**

# ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသနဌာနမှ မျိုးကောင်းမျိုးသန့် တစ်သျှူးငှက်ပျောများ သုတေသနပြုလုပ်ပြီး ဖြန့်ဖြူးပေးလျက်ရှိ

ကျောက်ဆည် မတ် ၁၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသနဌာနမှ ပိုးမွှားကင်းစင်ပြီး မျိုးကောင်း၊ မျိုးသန့် တစ်သျှူးငှက်ပျောမျိုးများ သုတေသနပြုပြီး ငှက်ပျောစိုက်တောင်သူများအား ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။

အဆိုပါ သုတေသနဌာနအနေဖြင့် နိုင်ငံအတွင်းရှိ ငှက်ပျောစိုက်တောင်သူများ ဝင်ငွေတိုးပြီး မိသားစုစားဝတ်နေရေးအဆင်ပြေစေရေးအတွက် ရွှေနီ၊ ခွံ့ဝါ၊ ဖီးကြမ်းငှက်ပျောမျိုးများကို အပင်တစ်သျှူးမျိုးပွားသုတေသနပြုလုပ်ပြီး ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည့်အပြင် နာနတ်၊ စတော်ဘယ်ရီ၊ နဂါးမောက်၊ပန်းသီး၊ သစ်ခွ၊ ပိန်းပန်းနှင့် ဆေးဘက်ဝင် တစ်ပင်တိုင် မြနန်းပင်များကို တစ်သျှူးမျိုးပွားသုတေသနပြုလုပ်လျက် ရှိကြောင်း သုတေသနဓာတ်ခွဲဌာနမှ တာဝန်ခံ ဒေါက်တာကေသီက ပြောပြသည်။



ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသနဌာနသည် ငှက်ပျောစိုက်တောင်သူများအား မျိုးကောင်းမျိုးသန့် တစ်သျှူးမျိုးပွားငှက်ပျောများ ရောင်းချပေးနေသော်လည်း သုတေသနပြုလုပ်သည့်ဌာနဖြစ်သည့်အတွက် တောင်သူများ လိုအပ်သလောက် ငှက်ပျောမျိုးများ ရောင်းချပေးနိုင်ခြင်းမရှိကြောင်း၊ ထို့ကြောင့် ငှက်ပျောစိုက်တောင်သူများအား ပိုးမွှားကင်းစင်သော မျိုးကောင်းမျိုးသန့် ငှက်ပျောမျိုးများ ကိုယ်တိုင်ပြုလုပ်တတ်စေရန်အတွက် ငှက်ပျောမျိုးပွား စိုက်ပျိုးနည်းပညာများကို ၂၀၁၈ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၉ ခုနှစ်တွင် တစ်ကြိမ် အဆိုပါ ဇီဝနည်းပညာသုတေသနတွင် သင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ရာ ရွှေဘို၊ မော်ကျွန်း၊ ရန်ကုန်၊ မြစ်ကြီးနား၊ ပြင်ဦးလွင်၊ ထားဝယ်ဒေသများမှ ငှက်ပျောစိုက်တောင်သူများ တက်ရောက်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း မိတ်ဆက်ရှင်းလင်း

ကသာ မတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကျေးလက်ဦးစီးဌာနမှ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းမိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မတ် ၁၁ ရက်က ကသာမြို့နယ် မဲဟင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ ဓမ္မာရုံ၌ ပြုလုပ်သည်။

မြို့နယ် ကျေးလက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးစိုးသန်းနှင့် ဝန်ထမ်းများက စီမံကိန်းမိတ်ဆက် ရှင်းလင်းရာ ကျေးရွာတောင်သူများ၊ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အလားတူ မတ် ၁၂ ရက်ကလည်း အဆိုပါ အဖွဲ့သည် ကသာမြို့နယ် လှေဘိုကျေးရွာတွင်လည်းကောင်း၊ ကြာအင်းကျေးရွာတွင်လည်းကောင်း ကျေးရွာနေတောင်သူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**လူအောင်(ကသာ)**

*စာမျက်နှာ ၂၅ မှ*

အအေးဓာတ်လွှမ်းခြုံလျက် နံနက်ခင်းပိုင်း မြူနှင်းတို့ ဝေသီလျက်ရှိသည်မှာ စိတ်ကြည်နူးဖွယ်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ဥက္ကံတဘူးလှဆည် ကျေးလက် ကွန်ကရစ်လမ်းကို ခင်းထားပြီး ကျန်ရှိသော ၃ မိုင် ၃ ဖာလုံ မြေသားလမ်းကို ဆက်လက်ခင်းကျင်းလျက်ရှိရာ တစ်ချိန်က နွေရာသီဖုန်ထူထူနှင့် မိုးရာသီရွှံ့ဗွက်တို့ဖြင့် အချိန်ရှစ်နာရီကြာ တဘူးလှဆည်မှ ဥက္ကံမြို့သို့ သွားလာရသော ကျေးလက်နေ ပြည်သူတို့၏ လူမှုဘဝအခက်အခဲများ လွင့်ပျောက် ကင်းစင်ခဲ့ပြီဖြစ်သည်။ ၁၇ မိုင်ကျော်ခရီးကို ယခု အခါ ဆိုင်ကယ်ဖြင့် နာရီဝက်ကျော်ကြာ သွားလာနိုင်ပြီဖြစ်သောကြောင့် ကျေးလက်ပြည်သူတို့၏ လူမှုဘဝအခက်အခဲများ ကင်းဝေးခဲ့ပြီး မြို့ပြနှင့် ကျေးလက်ဒေသ၏ ကုန်စည်စီးဆင်းမှုကို ပိုမိုမြန်ဆန်စေခဲ့ပြီ ဖြစ်သည်။ ရာသီမရွေးသွားလာနိုင်ပြီဖြစ်သော အဆိုပါ ကျေးလက်ဖွံ့ဖြိုးရေးလမ်းပိုင်းမှ တဘူးလှဆည်ကြီး၏ သဘာဝအလှကို ကြည့်ရှု ခံစားနိုင်သည့်အပြင် ဥက္ကံချောင်းအတွင်း အများ ပြည်သူ ရေကူးအပန်းဖြေခြင်းနှင့် သစ်ရိပ်၊ ဝါးရိပ်တွင် မိသားစုတစ်ရက်တာ အနားယူနိုင်မည်ဖြစ်သည်။

### အေးချမ်းသာယာမှုကိုပြသ

ဥက္ကံတဘူးလှဆည် ကျေးလက်ဖွံ့ဖြိုးရေးလမ်းတစ်လျှောက်တွင် ကျေးရွာများရှိပြီး ဆန်းစပါးနှင့် ဆီထွက်သီးနှံများစိုက်ပျိုး၍ ဆောင်းရာသီ၌ ဟင်းသီးဟင်းရွက်နှင့် စားသောက်ကုန်သီးနှံတို့ကို စိုက်ပျိုးလေ့ ရှိသည်။ ယခု မတ်လတွင်လည်း ဖရဲသီး၊ ဘူးသီး၊ ပန်းဂေါ်ဖီ၊ ပန်းဂေါ်ဖီစိမ်း၊ ပဲသီး၊ ပဲတောင့်ရှည်၊ ခရမ်းသီး၊ ရုံးပတီသီး၊ ကျောက်ဖရုံသီးတို့ လှိုင်လှိုင်ပေါများသောကြောင့် ဒေသခံတို့သာမက ခရီးသွားများလည်း လတ်ဆတ်သော ဟင်းသီးဟင်းသီးဟင်းရွက်တို့ကို စားသုံးနိုင်လျက်ရှိသည်။ ဥက္ကံတဘူး လှဆည်ကျေးလက်ဖွံ့ဖြိုးရေးလမ်းတစ်လျှောက်နှင့် ပြည်ကားလမ်းတစ်လျှောက်တွင် နွေစပါးစိုက်ခင်းတို့မှာ မြစိမ်းရောင် ကောဇောကြီးခင်းထားသည့်ပမာ စိမ်းစိုလျက်ရှိပြီး နွေစပါးအောင်ရေသွင်းသူ၊ မြေဩဇာကျွေးသူတို့ဖြင့် နွေစပါးတောင်သူတို့ နှင်းမှုန်းဖွေဖွေနှင့်အတူ လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိသည်။ နံနက်ခင်းအေးမြသော မြူနှင်းတို့ ဝေသီလျက်ရှိပြီး ရှစ်ခွင်တိုင်းမှုန်မှိုင်းသည့်ပမာ လောကတစ်ခွင်ကို လေထုအေးနှင့် နှင်းမှုန်ဖွေးတို့က ဖုံးလွှမ်းလျက်ရှိသည်။ ရန်ကုန်မြို့တွင် နံက်ခင်းအအေးဓာတ် ပျောက်ဆုံးနေသော်လည်း တဘူးလှဆည်ဝန်းကျင်ရှိ ကျေးလက်တို့မှာ နံနက် ၇ နာရီထိုးသည့်တိုင် အရှေ့ရပ်ရိုးမပေါ်မှ နေဝန်းသည် ရောင်ဝါမထွန်း ချမ်းရာလွန်း၍ မြူနှင်းကမ္ဗလာ လွှမ်းခြုံထားသည့်ပမာ နှင်းမှုန်တို့ကြား ငြိမ်းသက်လျက် ကျေးလက်ဒေသ၏ အေးချမ်းသာယာမှုကို ပြသလျက်ရှိသည် ။

### အပန်းဖြေအနားယူရာနေရာသစ်

ဇန်နဝါရီလဆန်းပိုင်းတွင် တဘူးလှဆည်သို့ ရန်ကုန်မြို့မှ မိသားစုလိုက် လာရောက်အပန်းဖြေမှုများရှိခဲ့ပြီး ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် ဆည်တမံပေါ်အထိ သွားလာမှုကို တားမြစ်သောကြောင့် လကုန်ပိုင်းတွင် အပန်းဖြေသွားလာမှု ရပ်ဆိုင်းခဲ့သည်။ ဆည်အောက်ခြေတွင်ရှိသော တမံတစ်ရွာတွင် ကားများရပ်နား၍ အနီးတွင် တသွင်သွင် စီးဆင်းနေသည့် ဥက္ကံချောင်း၌ မိသားစု အပန်းဖြေအနားယူနိုင်ပြီး ချောင်းဘေးတွင် အုပ်ဆိုင်းနေသော သစ်ပင်ကြီးများက ရန်ကုန်တိရစ္ဆာန်ဥယျာဉ်နှင့် တိုင်းရင်းသားကျေးရွာကဲ့သို့ စိမ်းစိုသော သစ်တောများပမာ အပူဒဏ်ကို ကာကွယ်ပေးလျက်ရှိသည်။ သို့ပါသောကြောင့် ဥက္ကံတဘူးလှဆည်ကြီးသည် တစ်ချိန်တွင် ရန်ကုန်မြို့၏ ခရီးသွားကဏ္ဍကို ပြန်လည်ဖော်ဆောင် ရာ၌ ရန်ကုန်တိုင်းဒေသကြီး၏ အနီးဆုံး အပန်းဖြေအနား ယူရာနေရာသစ်တစ်ခုအဖြစ် တွေ့မြင်ရလျက် ကျေးလက်ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကိုလည်း ခရီးသွားကဏ္ဍမှ ဒေသခံပြည်သူများ ရရှိစေမည် ဖြစ်ပါကြောင်း ...။ ။

## နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် အိမ်တိုင်ရာရောက်ရေရရှိရေး ဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

**မကွေး မတ် ၁၄**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ညောင်ပင်သာကျေးရွာ ဘုရားကုန်းစုရပ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ကျေးရွာနေပြည်သူများ၏ ထည့်ဝင်ငွေတို့ဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် ရေတင်၍ အိမ်တိုင်ရာရောက် ရေရရှိရေးလုပ်ငန်းကို မတ်လဒုတိယပတ်က စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ညောင်ပင်သာကျေးရွာ ဘုရားကုန်းစုရပ် အိမ်တိုင်ရာရောက်ရေရရှိရေးအတွက် ၂၀၁၇ ခုနှစ်က ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ စက်ရေတွင်းတူးဖော်ခြင်းနှင့် အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြောင်း၊ အိမ်တိုင်ရာရောက် ရေရရှိရေးအတွက် ကျေးရွာနေပြည်သူများကိုယ်တိုင် ကိုယ့်အား ကိုယ်ကိုး ဆောင်ရွက်ကြောင်း၊ ယခုအခါ အဆိုပါ စက်ရေတွင်းတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် ရေရရှိရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် သိန်း ၃၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၇၀ အကုန်အကျခံကာ ဆိုလာ ၁၀ ကီလိုဝပ်တပ်ဆင်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သောကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်စိုးထံမှ သိရသည်။

မကွေးမြို့နယ်အတွင်း ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် နှစ်စဉ်လိုလိုသောက်သုံးရေရှားပါး၍ ရေပေးဝေရသည့် ကျေးရွာများ၊ ယခင်နှစ်က ရေပေးဝေရသည့် ကျေးရွာများနှင့် အခြားရေရှားပါးပြတ်လပ်နိုင်သည့် ကျေးရွာ ၂၀ ကို ဦးစားပေးကာ စက်ရေတွင်း ရှစ်တွင်း တူးဖော်ခြင်း၊ မြေသားရေကန် ခြောက်ကန် တိုးချဲ့တူးဖော်ခြင်း၊ ရေမြှုပ်ပန့်တပ်ဆင်ခြင်းလုပ်ငန်း သုံးခု၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင် ရေစင်တည်ဆောက်ခြင်းလုပ်ငန်း ကိုးခု၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် ခြောက်ကန်တည်ဆောက်ခြင်းလုပ်ငန်း တစ်ခုနှင့် အလျား ၁၀ ပေ၊ အနံ ၈ ပေ၊ အမြင့် ၈ ပေ ရှိ ရေစက်ရုံ ကိုးခုတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၉၉ ဒသမ ၁ သန်း၊ တိုင်းဒေသကြီး ရန်ပုံငွေကျပ် ၁၀၆ ဒသမ ၆၁ သန်းတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

**သန်းလွင်(မကွေး)**





ညောင်ကုန်းရပ်ကွက်ရှိ မဟာသကြိန် ရေကန်ကြီး၌ သောက်သုံးရေအတွက် ဒေသခံများ တန်းစီခပ်ယူနေကြစဉ်။

## ဒလမြို့နယ်၌ နွေရာသီကာလအတွင်း ရေရှားပါးပြတ်လပ်မှုမဖြစ်စေရေး သောက်သုံးရေများ အချိန်ပိုင်းဖြင့် ခပ်ယူခွင့်ပြု

**ရန်ကုန် မတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်း သောက်သုံးရေကန်များ၌ ရေတဖြည်းဖြည်း လျော့နည်းလာလျက်ရှိပြီး ဒေသခံပြည်သူများ သောက်သုံးရေ ရှားပါးမှုမဖြစ်စေရေးနှင့် လုံလောက်မှုရရှိစေရေးအတွက် ရေကန်များအား အချိန်ပိုင်းဖြင့်သာ ပေးဝေလျက်ရှိရာ လက်ရှိအချိန်တွင် ရပ်ကွက်အများစုမှာ တစ်ရက်လျှင် နံနက်ပိုင်း နှစ်နာရီနှင့် ညနေပိုင်း နှစ်နာရီ ခပ်ယူခွင့်ပြုထားပြီး တချို့ရပ်ကွက်များ၌ ရေခပ်သည့်အချိန်ကို တစ်နာရီသာ ခပ်ယူခွင့်ပြုထားကြောင်း သိရသည်။

မိုးရာသီတွင် ရေကန်များ၌ ရေကိုသိုလှောင်ပြီး ဆောင်းရာသီအကုန် နွေရာသီကာလနှင့် မိုးဦးမကျမီအထိ ပြန်လည်သုံးစွဲရသောကြောင့် နှစ်စဉ်နှစ်တိုင်း နွေရာသီကာလတွင် ရေကန်များ တဖြည်းဖြည်း ခန်းခြောက်ကာ မြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာများ၌ ရေကိုချွေတာသုံးစွဲနေရခြင်းပင် ဖြစ်သည်။

"ဒီသောက်သုံးရေကန်ကြီးက တစ်ရက်ကို တစ်ကြိမ်ပဲပေးတာ။ ညနေ ၄ နာရီကနေ ၅ နာရီအထိ တစ်နာရီပဲ ခပ်ယူရတယ်။ သောက်ရေအတွက်ပဲ ခပ်ကြတာ၊ တစ်နာရီပဲ ခပ်ယူခွင့်ရတာဆိုတော့ မြန်မြန်ခပ်ရတယ်။ သုံးရေက စည်ပင်ကလာတဲ့ရေကိုရလို့ အဆင်ပြေတယ်။ တချို့လည်း ဝယ်သုံးရတာ ရှိတာပေါ့။ ကိုယ့်ရပ်ကွက်မှာ ရေကန်လည်းနည်း၊ ရေလည်းနည်းနေလို့ ဒီဘက်ရပ်ကွက်မှာ လာခပ်ကြတာများတယ်။ လူများတဲ့အခါ အိမ်နဲ့နီးရင် ရေထမ်းပုံး(တစ်စုံ) ရှစ်ထမ်းလောက်ရတယ်။ အိမ်ဝေးရင်တော့ ငါးထမ်း၊ ခြောက်ထမ်းလောက်ရတာပေါ့။ ရေကတော့ နှစ်တိုင်းရှားမှာပဲ။ လောလောဆယ် အခြေအနေမှာ အဆင်ပြေနေသေးတယ်" ဟု ရာဇသင်္ကြန်ရပ်ကွက်မှ ညောင်ကုန်းရပ်ကွက်ရှိ မဟာသကြိန် သောက်သုံးရေကန်ကြီး၌ လာရောက်ရေခပ်သည့် ပြည်သူတစ်ဦးက ပြောသည်။

ရေကိုခပ်ယူသုံးစွဲကြရာတွင် မြေသားရေကန်များကိုသာ အဓိကအားထားကြပြီး မိုးရေသိုလှောင်ကန်၊ ရေစုရေကန်များ နည်းပါးခြင်းကြောင့် ချွေတာစွာသုံးစွဲကြရသည်။ ပူပြင်းခြောက်သွေ့သော နွေရာသီ၌ သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် မြို့နယ်အတွင်း သက်ဆိုင်ရာမှ သောက်သုံးရေကို စနစ်တကျ ဖြန့်ဝေသုံးစွဲကြရန် ကြိုတင်အစီအမံများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဒေသခံပြည်သူအများစုမှာ ကန်ရေကိုသာ အဓိကအားထား သုံးစွဲနေရခြင်း၊ မြို့နယ်အတွင်းရှိ သောက်ရေကန်များသည် တိုးပွားလာသော လူဦးရေနှင့် မျှတမှု မရှိခြင်းတို့ကြောင့် နွေရာသီကာလ၌ ရွှေ၊ ငွေများထက်ပင် ရေသည် တန်ဖိုးကြီးလှသည်။

နွေရာသီကာလ၌ သောက်သုံးရေပြတ်လပ်မှုကြောင့် ဒေသခံပြည်သူများ စိုးရိမ်နေရသည့် အခက်အခဲများကို ဖြေလျှော့ပေးနိုင်ရန်၊ ရေကို တန်ဖိုးရှိစွာ အသုံးပြုတတ်စေရန်နှင့် ချွေတာစွာ သုံးစွဲတတ်စေရန် ယခုအခါ မြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ အချိန်ဖြင့်သာ သောက်သုံးရေကို ဝေပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ ရေကန်များအနေဖြင့် မြို့ပေါ်ရပ်ကွက် ၂၄ ရပ်ကွက်၌ မြေသားရေကန်ပေါင်း ၁၂၄ ကန်ရှိပြီး ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာပေါင်း ၅၄ ရွာတွင် မြေသားရေကန် ၂၀၈ ကန် စုစုပေါင်း ၃၃၂ ကန်ရှိကာ အဆိုပါရေကန်များကိုပင် သောက်ရေ၊ သုံးရေအဖြစ် အဓိကအားထားသုံးစွဲနေကြသော မြို့နယ်တစ်ခုဖြစ်သည်။ တွံတေးမြို့နယ် ရန်ကုန်ပေါက် ရေပေးဝေရေးစခန်းမှ တစ်ရက်လျှင် ရေဂါလန် ၁ ဒသမ ၂ သန်း ရရှိပြီး ဒလမြို့ပေါ်ရှိ ရပ်ကွက် ၂၄ ရပ်ကွက်မှ ရေမီတာသုံးစွဲသူ အိမ်ထောင်စုပေါင်း ၄၆၂၂ စုကို ပိုက်လိုင်းစနစ်ဖြင့် တစ်နေ့လျှင် ၁၈ နာရီ အလှည့်ကျ ပေးဝေလျက်ရှိကြောင်း မြို့နယ်ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့မှ သိရသည်။

နှစ်စဉ် နွေရာသီ ကာလသို့ရောက်ရှိလျှင် ဒလမြို့နယ်အတွင်း သောက်သုံးရေကန်များ တဖြည်းဖြည်း ခန်းခြောက်လာခြင်းကြောင့် အချိန်ပိုင်းဖြင့် ရေကို ပေးဝေကြရပြီး ပြည်သူများမှာ ချွေတာသုံးစွဲနေကြရသော ဒေသတစ်ခုပင် ဖြစ်သည်။ နွေရာသီကာလအတွင်း သောက်သုံးရေရှားပါးမှုကို ၂၀၁၀ ပြည့်နှစ်က စတင်ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ တစ်နှစ်ထက်တစ်နှစ် ရာသီဥတုမှာ ပူပြင်းခြောက်သွေ့လာလျက်ရှိသည်။ ပြည်သူများ၏ သောက်သုံးရေအတွက် လိုအပ်မှုမှာလည်း တစ်နှစ်ထက်တစ်နှစ် တိုးလာလျက်ရှိသလို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ နှစ်စဉ် လူဦးရေ တိုးပွားလာမှု၊ အနယ်နယ်အရပ်ရပ်မှ ရွှေ့ပြောင်းနေထိုင်ကြသူများနှင့် များပြားလာလျက်ရှိခြင်းကြောင့် သောက်သုံးရေအတွက် ပိုမိုလိုအပ်လျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

## မြန်အောင်မြို့ မြစ်ကမ်းထိန်းလုပ်ငန်းများ လုပ်ငန်းဒီဇိုင်းပြောင်းလဲခြင်း ရှင်းလင်း

**မြန်အောင် မတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မကျီးစုမြစ်ကမ်းထိန်းလုပ်ငန်း၊ လွန်ဆေးမြိုင်ပန်းခြံအနီး မြစ်ကမ်းထိန်းလုပ်ငန်းနှင့် ရွှေကျင်ကျေးရွာအုပ်စု ဘုရားလှကျေးရွာအနီး မြစ်ကမ်းထိန်းလုပ်ငန်းများ လုပ်ငန်း ဒီဇိုင်းပြောင်းလဲခြင်းအတွက် မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီအား ရှင်းလင်းတင်ပြခြင်းကို ယမန်နေ့က မြန်အောင်မြို့ လွန်ဆေးမြိုင်ပန်းခြံ ရှင်းလင်းဆောင်၌ ကျင်းပသည်။

မြန်အောင်မြို့ မြစ်ကမ်းထိန်းလုပ်ငန်းများ လုပ်ငန်းဒီဇိုင်းပြောင်းလဲခြင်းကို ဟင်္သာတခရိုင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ရှင်းလင်းတင်ပြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးချိုချိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်း မြစ်ကမ်းထိန်းလုပ်ငန်းများကို မြန်အောင် မကျီးစုတာမြစ်ကမ်းထိန်းလုပ်ငန်းကို Geotextile ကပ်နံရံ အလျားပေ ၄၀၀၊ ရေထဲပိုင်း Geo-Bag ချခြင်းလုပ်ငန်း အလျားပေ ၂၀၀ နှင့် တည်ဆောက်ပြီး ကျောက်ပြားကပ်တမံရှေ့ ရေထဲပိုင်း Geo-Bag ချခြင်းလုပ်ငန်း အလျားပေ ၅၈၀ လုပ်ငန်းများကို တင်ဒါအောင်မြင်သောကုမ္ပဏီက ငွေကျပ်သန်း ၁၉၃ ဒသမ ၂၀ ဖြင့်လည်းကောင်း၊ မြန်အောင်တာမိုင် ၆/၇ နှင့် ၇/၀ အတွင်း လွန်ဆေးမြိုင်ပန်းခြံ မြစ်ကမ်းထိန်းလုပ်ငန်းကို Geotextile ကပ်နံရံနှင့် ရေထဲပိုင်း Geo-Bag ချခြင်း အလျားပေ ၃၂၀ တည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သောကုမ္ပဏီက ငွေကျပ်သန်း ၁၉၃ ဒသမ ၂၀ ဖြင့် လည်းကောင်း၊ မြန်အောင်မြို့နယ် ရွှေကျင်ဘုရားလှကျေးရွာ မြစ်ကမ်းထိန်းလုပ်ငန်းကို



တင်ဒါအောင်မြင်သော ကုမ္ပဏီက ငွေကျပ်သန်း ၁၉၄ ဒသမ ၂၀ ဖြင့်လည်းကောင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေး မှူးထံမှ သိရသည်။ **ဝင်းဗိုလ် (ပြန်/ဆက်)**

## မိုင်းယောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း စာသင်ဆောင် ဆောက်လုပ်

မိုင်းယောင်း မတ် ၁၄
ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ အန္တရာယ်ရှိကျောင်းဆောင်ကို ဖျက်သိမ်း၍ စာသင်ဆောင်အသစ်ဆောက်လုပ်လျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါစာသင်ဆောင်သည် RCC နှစ်ထပ်အမျိုးအစားဖြစ်ပြီး အလျားပေ ၁၀၀၊ အနံပေ ၃၀ အကျယ်ရှိကာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၇၈ သန်းဖြင့် ပြည်ကျော်ဟိန်းကုမ္ပဏီက တာဝန်ယူဆောက်လုပ်နေကြောင်း သိရသည်။

မိုင်းယောင်းမြို့နယ် ပညာရေးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် သိပ္ပံဆောင်များ အသစ်ဆောက်လုပ်ခြင်း၊ အန္တရာယ်ကျောင်းများ ဖျက်သိမ်း၍အသစ်ဆောက်လုပ်ခြင်း၊ KG ကျောင်းဆောင် တည်ဆောက်ခြင်း၊ ဆရာ ဆရာမ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ စာကြည့်တိုက်အသစ်ဆောက်လုပ်ခြင်း၊ ရုံးအဆောက်အအုံများ အသစ်ဆောက်လုပ်ခြင်း၊ မပြီးပြတ်သေးသော ကျောင်းဆောင်များ အပြီးသတ်ဆောက်လုပ်ခြင်းစသည့် တည်ဆောက်ရေးလုပ်ငန်းများ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**



## ကျောက်ဖြူမြို့တွင် ပင်လယ်ကမ်းခြေလှပသာယာရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်

ကျောက်ဖြူ မတ် ၁၄
ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ ပင်လယ်ကမ်းခြေလှပသာယာရေးအတွက် ယမန်နေ့က ဌာနဆိုင်ရာပူးပေါင်းအဖွဲ့တို့က အဆိုပါ ကမ်းခြေတစ်လျှောက် စုပေါင်းအမှိုက်ကောက်သန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ ဦးဆောင်သည့် ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများက ဒီရေတက်ချိန်တွင်ပါလာပြီး ကမ်းခြေတွင်တင်ကျန်ခဲ့သည့် အမှိုက်များနှင့် ပြည်သူများ စွန့်ပစ်ထားရှိသည့် အမှိုက်များကို အမှိုက်အိတ်များထဲသို့ထည့်ကာ သတ်မှတ်နေရာများသို့ ပို့ဆောင်ပေးခြင်း၊ မီးရှို့ခြင်းများနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

အဆိုပါကမ်းခြေတွင် ပြည်သူများအနေဖြင့် နံနက်စောစောထ လမ်းလျှောက်ခြင်း၊ ကျန်းမာရေးအားကစားလေ့ကျင့်ခန်းပြုလုပ် ခြင်း၊ ညနေပိုင်းတွင် လူငယ်များ သဲသောင်ပြင်ဘောလုံးအားကစားပြုလုပ်ခြင်း၊ ရေကူးခြင်း၊ စွန်လွှတ်ခြင်းတို့အပြင် မိသားစုအပန်းဖြေရာ နေရာတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း (ပြန်/ဆက်)**



# နိုင်ငံ့ဝန်ထမ်းများအား Social Bullying ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှုပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှု ပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social Bullying ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

# ဝုဖ်ကို အနိုင်ယူပြီး ပရီမီယာလိဂ် ရှုံးပွဲဆက်နေမှုကို ချေဖျက်သွားရမယ့် လီဗာပူး

# လာလီဂါတိုက်စစ်အကောင်းဆုံးအသင်းနဲ့ ခံစစ်ဆိုးရွားတဲ့ အသင်းတို့ဆုံတွေ့မှုက ဘယ်လိုဖြစ်လာမလဲ





■ မိုးဇက် – စုစည်းသည်

## ဝုဖ် vs လီဗာပူး

ပ_ကျော့ရလဒ် လီဗာပူး ၄-၀ ဝုဖ်

ပရီမီယာလိဂ်ပွဲစဉ် (၂၈) အဖြစ် ဝုဖ်အသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်ကို မတ် ၁၆ ရက် နံနက် ၂ နာရီခွဲမှာ ဝုဖ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ ဒီနှစ်သင်းတွေ့ဆုံခဲ့တဲ့ ပထမအကျော့ လီဗာပူးအိမ်ကွင်းမှာ လီဗာပူးအသင်းက လေးဂိုးပြတ်နဲ့ ဝုဖ်အသင်းကို အနိုင်ရရှိထားပါတယ်။ ဝုဖ်အသင်းအနေနဲ့ နောက်ဆုံးသုံးပွဲမှာ နိုင်ပွဲရရှိထားခြင်း မရှိဘဲ နှစ်ပွဲသရေကျပြီး တစ်ပွဲရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းကျဆင်းနေတာကို တွေ့ရတယ်။ လီဗာပူးအသင်းက ယခုနှစ်ရာသီ ချန်ပီယံလိဂ်မှာ ရလဒ်ကောင်းတွေ ပိုင်ဆိုင်ထားပေမယ့်လည်း ပရီမီယာလိဂ်မှာတော့ ရလဒ်တွေ ဆိုးရွားနေပါတယ်။ ပြီးခဲ့တဲ့ ပရီမီယာလိဂ် ငါးပွဲကိုကြည့်ရင် လီဗာပူးအသင်းအနေနဲ့ ရှက်ဖီးလ်ကိုသာ နှစ်ဂိုး–ဂိုးမရှိနဲ့ အနိုင်ရရှိထားပြီး လက်စတာ၊ အဲဗာတန်၊ ချယ်ဆီး၊ ဖူလ်ဟမ်စတဲ့ အသင်းများကို ရှုံးနိမ့်ထားပါတယ်။

### သွင်းဂိုးစုစုပေါင်းက ဂိုး ၃၀ ရှိ

အမှတ်ပေးဇယားရပ်တည်မှုမှာ လီဗာပူးအသင်းက ၂၈ ပွဲကစားပြီး ၄၃ မှတ်နဲ့ ဝုဖ်အသင်းအထက်မှာ ရပ်တည်နေပါတယ်။ ယခုနှစ်ရာသီ ပရီမီယာလိဂ်မှာ လီဗာပူးအသင်းတိုက်စစ်မှ ဖာမီနို၊ ဆာလာ၊ မာနေးတို့ရဲ့ သွင်းဂိုးစုစုပေါင်းက ဂိုး ၃၀ ရှိနေပါတယ်။ အဆိုပါ ကစားသမားတွေရဲ့ သွင်းဂိုးအရေအတွက်ဟာ ဝုဖ်အသင်းရဲ့ ပရီမီယာလိဂ် သွင်းဂိုးထက်ပင် ပိုများနေတာကို တွေ့ရတယ်။ ဝုဖ်အသင်းက ပရီမီယာလိဂ် ၂၈ ပွဲကစားပြီး ၂၈ ဂိုးသာ သွင်းယူထားနိုင်သေးတာ တွေ့ရတယ်။ ဝုဖ်အသင်းရဲ့ ယခုနှစ်ရာသီ ပရီမီယာလိဂ်မှာ ယှဉ်ပြိုင်ကစားထားတဲ့ အိမ်ကွင်း၊ အဝေးကွင်းစွမ်းဆောင်ရည်ကို နှိုင်းယှဉ်ကြည့်ရင် အိမ်ကွင်းအားသာတတ်တာကို တွေ့ရတယ်။ လီဗာပူးအသင်းရဲ့ ယခုနှစ်ရာသီ အိမ်ကွင်း၊ အဝေးကွင်း စွမ်းဆောင်ရည်ကို နှိုင်းယှဉ်ကြည့်ရင် အဝေးကွင်းမှာ အားနည်းတတ်တာကို တွေ့ရတယ်။ လီဗာပူးအသင်းအနေနဲ့ ယခုပွဲစဉ်မတိုင်မီ ချန်ပီယံလိဂ်ပြိုင်ပွဲကစားထားရတာကြောင့် ပွဲပန်းနေနိုင်ပါတယ်။ ဒဏ်ရာရကစားသမားများလည်း အများအပြားရှိနေပေမယ့် ပရီမီယာလိဂ်မှာ နောက်ဆုံးနှစ်ပွဲဆက်ရှုံးနိမ့်မှုကို ချေဖျက်ဖို့ အကောင်းဆုံးပြင်ဆင်လာမှာပါ။ ဝုဖ်အသင်းကလည်း နောက်ဆုံးသုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတာကြောင့် နိုင်ပွဲပြန်လည်ရှာတွေ့အောင် ပြင်ဆင်လာမှာပါ။

## ဘာစီလိုနာ vs ဟူစကာ

ပ_ကျော့ရလဒ် ဟူစကာ ၀-၁ ဘာစီလိုနာ

လာလီဂါပွဲစဉ် (၂၇) အဖြစ် ဘာစီလိုနာအသင်းနဲ့ ဟူစကာအသင်းတို့ပွဲစဉ်ကို မတ် ၁၆ ရက် နံနက် ၂ နာရီခွဲမှာ ဘာစီလိုနာအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ ဘာစီလိုနာအသင်းက လက်ရှိ အမှတ်ပေးဇယားမှာ ၂၆ ပွဲကစားပြီး ၅၆ မှတ်နဲ့ အဆင့် (၃) နေရာမှာ ရပ်တည်နေပါတယ်။ ပြိုင်ဘက် ဟူစကာအသင်းက ၂၆ ပွဲကစားပြီး ရမှတ် ၂၀ ဖြင့်အမှတ်ပေးဇယားအောက်ဆုံးမှာ ရပ်တည်နေတာဖြစ်ပါတယ်။

### တိုက်စစ်အကောင်းဆုံးအသင်း

ဒ့ါအပြင် ဟူစကာအသင်းအနေနဲ့ အဆိုပါ ၂၆ ပွဲမှာ ပေးဂိုးက ဂိုး ၄၀ အထိရှိတာကြောင့် ယခုနှစ်ရာသီ လာလီဂါမှာ ခံစစ်အဆိုးဆုံးအသင်းထဲမှာ ပါဝင်နေပါတယ်။ ဘာစီလိုနာအသင်းက အဆိုပါ ၂၆ ပွဲမှာ တိုက်စစ်က ၅၇ ဂိုးအထိ ရှိတာကြောင့် ယခုနှစ်ရာသီလာလီဂါမှာ တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရှိနေပါတယ်။ ဒါကြောင့် ယနေ့ပွဲစဉ်ဟာ လာလီဂါမှာ တိုက်စစ်အကောင်းဆုံးအသင်းနဲ့ ခံစစ်အဆိုးဆုံးအသင်းထဲမှာ ပါဝင်နေတဲ့ ဟူစကာအသင်းတို့ ယှဉ်ပြိုင်ကစားမှာ ဖြစ်တာကြောင့် စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။

### လာလီဂါ ၂၄ ပွဲမှာ ၁၉ ဂိုးအထိ သွင်းယူ

ဒီနှစ်သင်းတွေ့ဆုံခဲ့တဲ့ ပထမအကျော့ ဟူစကာအိမ်ကွင်းမှာ ဘာစီလိုနာအသင်းက တစ်ဂိုး–ဂိုးမရှိနဲ့ အနိုင်ရရှိထားတာကို တွေ့ရတယ်။ ယနေ့ပွဲစဉ်မှာ စောင့်ကြည့်ရမယ့်ကစားသမားအဖြစ် ဘာစီလိုနာအသင်းမှ မက်ဆီနဲ့ ဟူစကာအသင်းမှ အွန်တီဗာရို့စ်တို့ရှိနေပါတယ်။ မက်ဆီက လာလီဂါ ၂၄ ပွဲမှာ ၁၉ ဂိုးအထိ သွင်းယူပေးထားနိုင်ပြီး အွန်တီဗာရို့စ်က ၁၉ ပွဲမှာ နှစ်ဂိုးသာ သွင်းယူထားနိုင်သေးပါတယ်။ ဘာစီလိုနာအသင်းက ယနေ့ပွဲစဉ်မတိုင်မီ ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်းအဆင့်ကနေ ထွက်ခွာခဲ့ရတာကြောင့် အနိုင်ရရှိအောင် ပြင်ဆင်လာမှာပါ။ ဟူစကာအသင်းကလည်း တန်းဆင်းဇုန်အတွင်းက လွတ်မြောက်ဖို့အတွက် ယခုပွဲစဉ်မှစပြီး လာမည့်ပွဲစဉ်များကို အမှားခံလို့မရတော့တာကြောင့် အားစိုက်ကစားလာမှာပါ။ ဟူစကာ သရေကျနိုင်ပေမယ့် အနိုင်၊ အရှုံးပြတ်သွားခဲ့ရင် ဘာစီလိုနာနိုင်မယ်။

## နောက်ဆုံးရ သတင်းတိုများ

■ မန်ယူအသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ဘန်လေဂိုးသမား နစ်ပုတ်ကို ခေါ်ယူရန် လျာထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။ သို့သော်လည်း အဆိုပါ ဂိုးသမားကို ခေါ်ယူရေးတွင် မန်ယူအသင်းအနေဖြင့် စပါးအသင်းနှင့် အပြိုင်ကမ်းလှမ်းသွားရမည်ဖြစ်ကြောင်းလည်း သိရသည်။

■ လိဒ်စ်အသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ရာသီကုန်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော အသက် (၃၀နှစ်) အရွယ် အန်းဟော့ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ ၎င်းသည် ပဲလေ့စ်အသင်းအတွက် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ၁၈ ပွဲ ပါဝင်ကစားခွင့်ရရှိထားသည်။

■ အဲဗာတန်အသင်းဂိုးသမား ဂျော်ဒန်ပစ်ဖို့ဒ်သည် အင်္ဂလန် အသင်း၏ လာမည့်ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်ကို ဒဏ်ရာကြောင့် လွဲချော်ဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အဆိုပါ အင်္ဂလန်ဂိုးသမား၏ ဒဏ်ရာသည် စနေနေ့တွင် ယှဉ်ပြိုင်ကစားခဲ့သည့် အဲဗာတန်အသင်းက ဘန်လေအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော ပွဲစဉ်တွင် ရရှိခဲ့ခြင်းဖြစ်သည်။



■ ရှက်ဖီးလ်အသင်းသည် နည်းပြ ခရစ္စ ဝိုလ်ဒါအနေဖြင့် အသင်းတွင် ငါးနှစ်နီးပါးကြာ တာဝန်ထမ်းဆောင်ပြီးနောက် အသင်းမှ ထွက်ခွာသွားမှုနှင့်ပတ်သက်ပြီး အတည်ပြုထုတ်ပြန်လိုက်သည်။ ၎င်း၏ ရှက်ဖီးလ်အသင်းသည် ယခုနှစ်ရာသီတွင် ပရီမီယာလိဂ် ၂၈ ပွဲကစားပြီး ၁၄ မှတ်ဖြင့် အမှတ်ပေးဇယားအောက်ဆုံးတွင် ရပ်တည်နေသည်။

■ လီဗာပူးနည်းပြ ကလော့ပ်က ဗဟိုခံစစ်ကစားသမားနှစ်ဦးဖြစ်သော ဗန်ဒိုက်နှင့် ဂိုမက်ဇ်တို့သည် ယခုနှစ်နွေရာသီတွင် ကျင်းပမည့် ဥရောပချန်ပီယံရှစ်ပွဲစဉ်များကို ဒဏ်ရာကြောင့် လွဲချော်ဖွယ်ဖွယ်ရှိကြောင်း ပြောကြားလိုက်သည်။

■ စပါးအသင်းသည် ဆောက်သမ်တန်အသင်းမှ ဗက်စတာဂတ်ကို ခေါ်ယူရန် စောင့်ကြည့်နေကြောင်း သိရသည်။

# ပန်ဆိုင်း(ကြူကုတ်)မြို့တွင် ဝိုင်ယာရှော့ခ်ကြောင့် နေအိမ်မီးလောင်၊ လူတစ်ဦးသေဆုံး

မူဆယ် မတ် ၁၄

ရှမ်းပြည်နယ်မြောက်ပိုင်း ပန်ဆိုင်း(ကြူကုတ်)မြို့တွင် မတ် ၁၄ ရက် နံနက် ၀၁ နာရီ ၄၅ မိနစ်ခန့်တွင် အမှတ်(၃) ရပ်ကွက်နေ ဦးမြင့်လွင်(၇၀ နှစ်) ၏နေအိမ် တစ်ထပ်တိုက် အခန်းတွင် ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုဖြစ်ပွားရာသို့ မြို့အုပ်ချုပ်ရေးမှူး ဦးမင်းဇာနည်နှင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နယ်မြေခံစခန်းမှူး ရဲအုပ် ဇော်မျိုးဝိုင်နှင့်အဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မီးသတ်ဦးစီးမှူး ဦးရဲထွန်းနိုင်နှင့်အဖွဲ့၊ အရန်မီးသတ်တပ်ခွဲမှူး ဦးအိုက်သိန်းနှင့် တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် သစ်သားအုတ်ညှပ်တစ်ထပ်တိုက်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေအိမ်အတွင်း အိပ်ပျော်လျက်ရှိသော ဦးမြင့်လွင်(၇၀ နှစ်) ကျပန်းလုပ်သားသည် နေအိမ်အတွင်း သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပန်ဆိုင်း(ကြူကုတ်) နယ်မြေခံရဲစခန်းက မီးပေါ့ဆစွာသုံးစွဲသူ အိမ်ရှင် ဦးမြင့်လွင်အား အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိပြီး သေဆုံးသူ ဦးမြင့်လွင်အား ရဲဆေးစာနှင့်အတူ ပန်ဆိုင်း (ကြူကုတ်) ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရှိရသည်။

ခရိုင်(ပြန်/ဆက်)



# နေပြည်တော်-ရန်ကုန် အမြန်လမ်းပိုင်းတွင် ခရီးသည်တင်ယာဉ်တိမ်းမှောက် အမျိုးသားသုံးဦး သေဆုံး၍ အများအပြားဒဏ်ရာရရှိ

ရေတာရှည် မတ် ၁၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဂုံမင်းကွင်း ကျေးရွာအနီး နေပြည်တော်-ရန်ကုန် အမြန်လမ်းပိုင်း မိုင်တိုင် (၁၇၀/၇) အနီးတွင် မတ် ၁၄ ရက် နံနက်က ခရီးသည်တင်ယာဉ်တစ်စီး အရှိန်လွန် တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ယာဉ်ပေါ်တွင် လိုက်ပါလာသူ အမျိုးသားသုံးဦး သေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ သာဂရ အမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ် လွင်ကိုကိုဦးနှင့် တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမီးသတ် တပ်ဖွဲ့ဝင်များက သွားရောက်ခဲ့ရာ နေပြည်တော်မှ ရန်ကုန်ဘက်သို့ ဝင်းနိုင်ဦး ချမ်းမြသာစည်ရပ်ကွက် တိုက်ကြီးမြို့နယ်နေသူ မောင်းနှင်ပြီး အမျိုးသား ၁၈ ဦး၊ အမျိုးသမီးသုံးဦး လိုက်ပါလာသော နေကြယ်မင်း ခရီးသည်တင်ယာဉ် YGN-4Q/—— သည် အခင်းဖြစ်နေရာအရောက် အရှိန်လွန်တိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး လိုက်ပါလာသည့် ခရီးသည်များအနက် အမည်နေရပ်စုံစမ်းဆဲ ၎င်းအမျိုးသားသုံးဦး နေရာတွင်သေဆုံး၍ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး တစ်ဦး (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဝင်းနိုင်ဦးအား သာဂရ အမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)



# ကချင်ပြည်နယ်၊ ဖားကန့်မြို့၌ လူစုလူဝေးဖြစ်ပွားမှုကို လူစုခွဲရှင်းလင်းစဉ် အမျိုးသား ၁ ဦး သေဆုံး၊ အမျိုးသား ၃ ဦး၊ အမျိုးသမီး ၁ ဦးနှင့် ရဲတပ်ဖွဲ့ဝင် ၁ ဦးဒဏ်ရာရရှိ

နေပြည်တော် မတ် ၁၄

ဖားကန့်မြို့ မရွိကထောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ဦးဆောင်သူ(စိစစ်ဆဲ)၊ ဆူပူဆန္ဒပြသူ လူစုလူဝေး အင်အား ၄၅၀ ခန့်သည် နိုင်ငံတော်ဆန့်ကျင်ရေးကြွေးကြော်သံများ အော်ဟစ်ကြွေးကြော်ကာ ဆူပူအော်ဟစ်ဆန္ဒပြနေကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အခြေအနေကို ဥပဒေနှင့်အညီ ထိန်းသိမ်းနိုင်ရေး သွားရောက်ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

### မျက်ခုံးပေါက်ပြဲဒဏ်ရာ ရရှိ

အဆိုပါ ဆူပူဆန္ဒပြလူစုလူဝေးများအား လူစုခွဲရန် ညှိနှိုင်းဖြေလျှော့ခဲ့သော်လည်း လိုက်နာမှုမရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်အညီ ခြောက်လှန့်ပစ်ခတ်၍ လူစုခွဲခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လူစုကွဲသွားခဲ့ပြီး ဆူပူဆန္ဒပြသူများမှ အကြမ်းဖက်ရန်ပြု ပစ်ခတ်မှုကြောင့် ရဲတပ်သား ဇော်ဇော်အောင်တွင် မျက်ခုံးပေါက်ပြဲဒဏ်ရာ ရရှိခဲ့သည်။

### ထိခိုက်ဒဏ်ရာရရှိ

ဖြစ်စဉ်တွင် ဆူပူဆန္ဒပြသူလူအုပ်စုအတွင်းမှ ကျော်လင်းထိုက်(၃၀) နှစ်၊ (ဘ) ဦးတင်ဝ ၊ ဆိတ်မှုရပ်ကွက် ဖားကန့်မြို့နေသူမှာ ထိခိုက်ဒဏ်ရာရရှိကာ သေဆုံးခဲ့ပြီး အမျိုးသား ၃ ဦးနှင့် အမျိုးသမီး ၁ ဦး၊ စုစုပေါင်း ၄ ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးမှုဖြစ်စဉ်နှင့်ပတ်သက်၍ သေမှုသေခင်းရေးဖွင့်ကာ လိုအပ်သည့် လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့တွင် လျှပ်စစ်မီတာမှ ဝိုင်ယာရှော့ဖြစ်ကာ မီးလောင်

လောက်ကိုင် မတ် ၁၄

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ အမှတ်(၂)ရပ်ကွက် ကော်မင်းလမ်းမကြီးနှင့် ကော်မင်းလမ်းသွယ်(၆) လမ်းဆုံ၌ ခေါင်းအုံး၊ မွေ့ရာ၊ စောင်များ ရောင်းချသည့် ပစ္စည်းအရောင်းဆိုင် အကျယ်ပေ ၅၀ ပတ်လည်၊ သွပ်မိုး၊ အုတ်ကာ နှစ်ထပ်အဆောက်အဦ၏ လျှပ်စစ်မီတာဘောက်မှ ဝိုင်ယာရှော့ဖြစ်ကာ ယနေ့ မွန်းလွဲ ၂ နာရီခွဲခန့်က မီးစတင်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ထိုမီးလောင်ရာသို့ ခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဆန်းထွန်း ဦးစီးပြီး သန္နေအင်အား ၃၅ ဦး၊ အရန်မီးသတ်အင်အား ၁၅ ဦး၊ မီးသတ်ယာဉ် ရှစ်စီး၊ ပုဂ္ဂလိကပိုင် မီးသတ်ယာဉ်သုံးစီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပြီး နံနက် ၃ နာရီခန့်တွင် မီးညွန့်ကျိုးခဲ့ကာ ၃ နာရီခွဲခန့်တွင် အပြီးသတ်မီးငြိမ်းသတ်နိုင်ခဲ့ကြသည်။

မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်၊ သေဆုံးမှုမရှိဘဲ ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့သည်။ မီးလောင်မှု ဖြစ်ပွားသည့်နေရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူး ငြိမ်းချမ်းအေး၊ ဒုရဲမှူး သန်းဇော် ဦးစီးအဖွဲ့၊ နယ်မြေခံတပ်မှ ဗိုလ်မှူး ဆန်းထိုက် ဦးစီးအဖွဲ့၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်နိုင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

လျှပ်စစ်ဝိုင်ယာကြိုးများ စစ်ဆေးခြင်းမရှိဘဲ ပေါ့ဆခြင်းကြောင့် မီးလောင်မှုဖြစ်စေသည့် လောက်ကိုင်မြို့ အမှတ်(၂)ရပ်ကွက်တွင်နေထိုင်သူ ဆိုင်ပိုင်ရှင် ဒေါ်ကျိုရှင်ဖုအား ဥပဒေအရ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဇော်ဇော်အောင်

# ပျဉ်းမနားမြို့၌ ဆိုင်ကယ်ခိုးသူ အမျိုးသမီးတစ်ဦး ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၄

နေပြည်တော် ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက်၌ မတ် ၁၁ ရက် နံနက် ၅ နာရီက ဆိုင်ကယ်ခိုးယူသူ အမျိုးသမီးတစ်ဦး ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပျဉ်းမနားမြို့ ရွာကောက်ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အောင်ကိုကိုဝင်းနှင့် ပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေး လှည့်ကင်းဆောင်ရွက်နေစဉ် ရွာကောက်ရပ်ကွက် ပေါင်းလောင်း (၂) နယ်မြေ (၁၈) လမ်းနှင့် ငုပ်လမ်းထောင့်၌ ဆိုင်ကယ်တစ်စီးကို တွန်းလာသော အမျိုးသားတစ်ဦးနှင့် အမျိုးသမီး တစ်ဦးအား မသင်္ကာဖွယ်ရာတွေ့ရှိ၍ စစ်ဆေးရာ အမျိုးသားမှာ ချက်ချင်းထွက်ပြေးသွားပြီး အမျိုးသမီးကိုစစ်ဆေးရာ အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသည့်အပြင် ခိုးယူလာကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။ ၎င်းအမျိုးသမီးသည် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် နယ်မြေ (၂) တွင်နေထိုင်သူ မအိအိဝင်းဖြစ်ပြီး ထွက်ပြေးတိမ်းရှောင်သွားသူမှာ ပျဉ်းမနားမြို့ တောင်သာရပ်ကွက် ဦးမင်းဒင်နယ်မြေတွင် နေထိုင်သော အောင်လေး(ခ) ရဲရင့် ဆိုသူဖြစ်ကြောင်း ခိုးယူလာသော ဆိုင်ကယ်အမျိုး အစားမှာ ဟွန်ဒါ 39E/---- ဖြစ်ပြီး ထွက်ပြေးတိမ်းရှောင်သွားသူအား အမြန်ဆုံးဖမ်းဆီးနိုင်ရန် ရွာကောက်ရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဇော်မျိုးနိုင်

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၅/မြမာလာရပ်)၊ ဦးပိုင်အမှတ်(၆၇-ဃ)၊ မြေရေိယာ(၀ဒသမ၀၇၄)ဧကရှိ မြေကွက်အား ဦးပိုင်ခွဲ၊ ဂရန်အမည်ပြောင်း၊ သက်တမ်းတိုး မြေငှားဂရန် ရရှိရန်အတွက် ဒေါ်ဘီဘီဇာ ၉/ပဥလ (နိုင်) ၀၂၇၆၃၆က ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက် လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက် နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးခင်မောင်အေး(ဆေး-ငြိမ်း)တောင်ကြီး
## အသက်(၈၁)နှစ်

(ဦးခွန်သိမ်း-ဒေါ်တင်ညွန့်)တို့၏သား၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ် (၈၁၀) နေ ဒေါ်ခင်စိန်ကြည်၏ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်လေး-ဒေါ်ခင်ဝင်း၊ (ဦးခင်မောင်ထွေး)-ဒေါ်ကြူကြူဝင်း၊ (ဦးခင်မောင်ငြိမ်း)- ဒေါ်ခင်အေးတင့်၊ (ဦးမြင့်ဆောင်)-ဒေါ်စောမြသန်း၊ ဒေါ်စောမြသိန်း၊ ဦးစောမြင့်အောင်-(ဒေါ်သန်းသန်းငြိမ်း)တို့၏အစ်ကို၊ ကိုသီဟလင်း -မခင်နီလာအေး၊ ကိုခွန်နောင်ထွန်းအေး-မအေးမြတ်မျိုးတို့၏ ချစ်လှစွာသောဖခင်၊ မောင်နေဦးခွန်နောင်၊ မဆုပြည့်ခွန်နောင်၊ မောင်ဟန်သုတလင်းတို့၏အဘိုးသည် ၁၄-၃-၂၀၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၁၀:၄၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၂၁ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၃-၂၀၂၁ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ဝင်းစိန်(ထားဝယ်)
## JAT (ငြိမ်း)
## အသက်(၈၉)နှစ်

ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နေ (ဦးသာဆွေ-ဒေါ်ယဉ်နု)တို့၏သမီး၊ ထားဝယ်မြို့နေ (ဦးဦးမြိုင်)(ရဲဝန်ထောက်-ငြိမ်း)-(ဒေါ်ထူးခင်)တို့၏သမီးချွေးမ၊ ထားဝယ်မြို့၊ ကျောက်မော်ရပ်၊ မြိတ်လမ်း၊ အမှတ်(၁၀၆)နေ (ဦးကိုလေး)(စားဖျော်-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးမောင်မောင်လေး(ကော့သောင်းခရိုင်ရွှေးကော်ဥက္ကဋ္ဌ)-ဒေါ်သီသီဝင်း(SAE၊ ကော့သောင်းမြို့နယ်လမ်းဦးစီးဌာန)၊ ဦးမောင်မောင်ထူး(စားဖျော်-ငြိမ်း)-ဒေါ်မာမာစိုး၊ ဦးမောင်မောင်နိုင်-ဒေါ်လှယမင်းထွေး(ထားဝယ်စိုက်ဘဏ်)၊ ဦးအောင်ဇော်ထိုက်-ဒေါ်ချိုချိုလှတင် (ကော့သောင်း)၊ ဗိုလ်ကြီးစိုးသက်ထိုက်(ငြိမ်း)-ဒေါ်သီတာမြင့်(ကြိုးကြာရတနာရွှေဆိုင်-မြန်အောင်)၊ ကိုမျိုးသက်ထိုက်-မအေးမီဝင်း၊ မယုယုသက်(KBZ bank)တို့၏ ချစ်လှစွာသောမိခင်၊ မြေး(၁၂)ယောက်တို့၏ အဘွား ဒေါ်ဝင်းစိန် အသက်(၈၉)နှစ် (ကန်တော့ခံဆရာမကြီး-ကျောက်မော်အမက)သည် ၁၄-၃-၂၀၂၁ရက်နေ့ နံနက်(၆)နာရီတွင် ထားဝယ်မြို့နေအိမ်၌ ဘဝတစ်ပါး သို့ကူးပြောင်းသွားပါကြောင်း၊ ကြွင်းကျန်ရစ်သည့် ရုပ်ခန္ဓာအား ၁၇-၃-၂၁ရက်နေ့ မွန်းလွဲ(၁)နာရီအချိန်တွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ရင်ရင်နု
## ပြင်ဦးလွင်
## အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၁၈)၊ အခန်း(၅)နေ (ဦးဘသွယ်-ဒေါ်မမကလေး)တို့၏သမီး၊ (ဗိုလ်မှူးကြီးခင်မောင်သန်း)(ငြိမ်း)၏ဇနီး၊ (ဦးမောင်မောင်တင်)-ဒေါ်တင်တင်ထွေးတို့၏ညီမ၊ (ဒေါ်သင်သင်ပု)၊ (ဦးတင်အောင်)-ဒေါ်ခင်ခင်စုတို့၏ အစ်မ၊ ဦးအောင်သန်းဦး-ဒေါ်ခင်ပြုံး၊ (ဒေါ်ခင်သန်းနု)၊ ဦးသောင်းထွန်း-ဒေါ်ခင်သန်းထူး၊ ဦးအောင်သန်းထွေးတို့၏ မိခင်၊ ဦးကျော်ဇောလင်း-ဒေါ်သန္တာကျော်၊ ဒေါက်တာဉာဏ်လင်းအောင်-ဒေါက်တာစုစုဝင်း၊ ဗိုလ်ကြီးသက်တင်အောင်၊ မောင်ထိန်လင်းဦး၊ မရွှေရည်ရွှန်းရွှန်းလဲ့တို့၏အဘွားသည် ၁၃-၃-၂၀၂၁ရက် (စနေနေ့) ည ၈:၂၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၃-၂၀၂၁ရက် (သောကြာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## သတင်းကြေညာချက်
## ၁၃၈၂ ခုနှစ် တပေါင်းလဆန်း(၃)ရက်
## ၂၀၂၁ ခုနှစ် မတ် (၁၅)ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် ၂၀၂၁ခုနှစ်၊ ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ၂၀၂၁ ခုနှစ်၊ ဧပြီ ၁ ရက်မှ (၁၀) ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာရောင်းချပွဲသို့ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ၊ နည်းဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိသူနှင့် လိုင်စင်ရရှိသူများ၊ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်းဝင်နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရောင်းချပွဲသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ရောင်းချပွဲသို့ တက်ရောက်လိုသော နိုင်ငံသားရတနာကုန်သည်များကို ၂၀၂၁ခုနှစ်၊ မတ်၂၄ ရက်မှစ၍ ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်အတွက် နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ရတနာကုန်သည်မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၄။ ၂၀၂၁ ခုနှစ်၊ ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ တက်ရောက် ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာ ပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

## မစ္စတာ(အက်စ်) အာရီယာ
## ME (ကထိက) Y.I.T
## အသက်(၈၉)နှစ်

(၄၃)ရပ်ကွက်၊ မြောက်ဒဂုံနေ(ဒေါ်ကော်စီလီယာဒေဝီ)၏ ခင်ပွန်း၊ ဦးရှာရီပါတီ-ဒေါ်ဂီသာဒေဝီ၊ ဒေါ်လာလ်မူနီဒေဝီ-ဦးဒါရ်မ်ရာ၌၊ ဦးရှရိကီစွန်း-ဒေါ်ရီယာဒေဝီ၊ ဒေါ်ရှာရ်ဒါ-Mr ကူးရိယန်၊ ဦးရှာရီမနီ-ဒေါ်ဆာကွန်သလာဒေဝီတို့၏ဖခင်၊ မြေး(၁၄) ယောက်တို့၏ အဘိုးသည် ၁၃-၃-၂၀၂၁ ရက် နံနက် (၅:၂၀)နာရီတွင် OSC ဆေးရုံ၊ ရန်ကုန်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ဟိန္ဒူဓလေ့ထုံးစံအတိုင်း ရေဝေးဟိန္ဒူသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဂေါက်ကလပ်မန်နေဂျာလျှောက်လွှာခေါ်ယူခြင်း
## ဖန်ခါးမြေဂေါက်ကလပ်
## မကွေးမြို့

၁။ မကွေးမြို့၊ ဖန်ခါးမြေဂေါက်ကလပ်တွင် မန်နေဂျာရာထူးနေရာ၌ တာဝန်ထမ်းဆောင်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်မီသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား မည်သူမဆို လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အသက်(၃၀)ပြည့်ပြီးသူ အမျိုးသားဖြစ်ရမည်။
(ခ) ဂေါက်ကလပ်လုပ်ငန်း အတွေ့အကြုံရှိသူ/ ဂေါက်သီးအားကစားသမားဖြစ်သူ ဦးစားပေးခန့်ထားမည်။
(ဂ) အနည်းဆုံး တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဦးစားပေးခန့်ထားမည်။
(ဃ) ကျန်းမာရေးကောင်းမွန်ပြီး အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) ဖန်ခါးမြေဂေါက်ကလပ်ဦးစီးကော်မတီမှ ပေးအပ်သောတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရမည်။
(စ) ခန့်ထားခံရပါက ပထမ(၃)လအတွက် အစမ်းခန့်ကာလသတ်မှတ်၍ လစာ ၃၀၀၀၀၀/- ခံစားခွင့်ပြုပြီး (၃)လပြည့်မီ၍ တာဝန်ထမ်းဆောင်မှုအပေါ် ကျေနပ်ဖွယ်ရှိပါက ၅၀၀၀၀၀/-အထိ တိုးမြှင့်ခံစားခွင့်ပြုမည်။

၂။ လျှောက်လွှာနှင့်အတူ ပညာအရည်အချင်းအထောက်အထား၊ ကျန်းမာရေးထောက်ခံစာ၊ သက်ဆိုင်ရာနယ်မြေရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူတို့နှင့်အတူ ဖန်ခါးမြေဂေါက်ကလပ်ရုံးတွင် ကြေညာသည့်ရက်မှ ၂၀-၃-၂၀၂၁ ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၃၃၁၆၆၁၆၉ နှင့် ဖန်ခါးမြေဂေါက်ကလပ်ရုံး၊ နံကပ်ကျွန်းအုပ်စု၊ နတ်မောက်လမ်း၊ မကွေးမြို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဖန်ခါးမြေဂေါက်ကလပ်**
**မကွေးမြို့**

## အများသိစေရန်ကြေညာခြင်း

ပျော်ဘွယ်မြို့နယ်၊ ရှမ်းပွဲရပ်ကွက်အတွင်းရှိ အရှေ့လားသော် -ဒေါ်သန်းတင်၊ အနောက်လားသော် -ဦးအောင်မြင့်ဦး၊ တောင်လားသော် -အနော်ရထာလမ်း၊ မြောက်လားသော် -ဦးတင်မောင်ဆွေ အလားလေးရပ်အတွင်းရှိ အမှတ်(၂၁၇)၊ အလျား(၅၂)ပေ ၊ အနံ (၇၀) ပေ ရှိ ဝိုင်းမြေနှင့်ယင်းဝိုင်းမြေပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်ကို မန္တလေးတန်းရပ်နေ ဦးသုခ၏သမီး ကျွန်မ ဒေါ်တိုးတိုးလွင် ၉/ပဘန(နိုင်) ၀၀၀၂၄၄သည် မူလပိုင်ရှင် ဒေါ်တင်တင်နွဲ့ထံမှ (၁၉-၁-၂၀၁၆)ရက်တွင် ငွေအပြေ အကျေပေးအပ်ကာ ဝယ်ယူထားပြီး လက်ရှိပိုင်ဆိုင်နေသူတစ်ဦးဖြစ်ပါသည်။ အထက်ပါအိမ်ဝိုင်းမြေအား အိမ်ငှားစာချုပ်ချုပ်ဆိုကာ ငှားရမ်းထားပြီး အထက်ပါအိမ်ခြံမြေနှစ်ဦး သဘောတူ အရောင်းအဝယ်စာချုပ်နှင့်အဆိုပါ စာချုပ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်း မူရင်းများအားလုံး အထားမှားကာပျောက်ဆုံးသွားပါသဖြင့် အထက်ပါအရောင်းအဝယ်စာချုပ်မူရင်းအိမ်ခြံမြေနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းမူရင်းများအားလုံးကို သက်ဆိုင်ရာဌာနအသီးအသီးတွင် တင်ပြကာ အသစ်လျှောက်ထားမှုပြုမည်ဖြစ်ပြီး မူလပိုင်ရှင် ဒေါ်တင်တင်နွဲ့ထံသို့ အသိပေးကာ အရောင်းအဝယ်စာချုပ်မူရင်း ပြုလုပ်ခြင်း ပိုင်ဆိုင်မှုများအား ခိုင်လုံအောင်ပြုလုပ်မည်ဖြစ်သဖြင့် ကျွန်မ ဒေါ်တိုးတိုးလွင်ပိုင်သည့် စာချုပ်မူရင်းများအား တွေ့ရှိကာလက်ဝယ်ရောက်ရှိနေပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ပေးအပ်ရန်နှင့် အဆိုပါပြုလုပ်မှုအပေါ် ကန့်ကွက်လိုသူများရှိပါကလည်း အထောက်အထားအခိုင်အလုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်တိုးတိုးလွင်(ဘ)ဦးသုခ ၉/ပဘန(နိုင်) ၀၀၀၂၄၄**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## မော်လမြိုင်မြို့နယ်၊ ညောင်ပင်ဆိပ်ရပ်ကွက်၊
## ထပ်ကေးဝိုင်း ဘက်စုံသုံး အဆောက်အအုံ အလှူရှင်
## ဦးကံအေး(မော်လမြိုင်)
## B.Sc(Engg:)(Civil)(Dip in French)
## ညွှန်ကြားရေးမှူး(ငြိမ်း)(ခန့်/သု) ဆောက်လုပ်ရေးဝန်ကြီးဌာန
## Chairman SKA Engineering
## အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မင်းရဲကျော်စွာလမ်းနေ (ဦးထွန်းအောင်-ဒေါ်ခင်ခင်)တို့၏သား၊ (မီးရထားမင်းကြီး ဦးစံပေါ် -ဒေါ်စံဝင်း)တို့၏သားသမက်၊ (ဒေါ်ခင်ခင်)(အထက်တန်းပြ ဆရာမ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဝင်းကြည်-(ဦးတင်ရွှေ)၊ ဦးတင်အေး-ဒေါ်နီနီလွင်၊ ဒေါ်သိန်းကြည်-ဦးကျော်သိန်းတို့၏ အစ်ကို၊ ဦးမိုးကျော်အေး၊ ဦးမြင့်ခိုင်-ဒေါ်လှမိုးအေး၊ ဦးဇော်မင်းအေး-ဒေါ်ဟန်မီကိုတို့၏ ဖခင်၊ မောင်ဖြိုးမြင့်အေး၊ မမေခိုင်မိုးထက်၊ မအေးဝတီမီကို၊ မောင်ညီဇေမင်းအေးတို့၏ ဘိုးဘိုးကြီးသည် ၁၃-၃-၂၀၂၁ ရက် (စနေနေ့) ည ၇:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၂၁ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၃-၂၀၂၁ရက် နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစုနှင့် မောင်နှမများ**

# သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး
# သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## ဒါရိုက်တာအစည်းအဝေးကျင်းပမည်ဖြစ်ကြောင်း ကြေညာခြင်း

ကျွန်တော်များ HTOO MYAT GON CO.,LTD (Registration No.107107304)သည် လက်ရှိအစုရှယ်ယာ အရေအတွက် (၅၉၀၀) တန်ဖိုး ကျပ်သိန်း (၅၉၀၀)မှ အစုရှယ်ယာ အရေအတွက် (၁၀၀)တန်ဖိုး ကျပ်သိန်း(၁၀၀)သို့ အစုရှယ်ယာလျှော့ချမည်ဖြစ်သောကြောင့် ဒါရိုက်တာအစည်းအဝေး ကျင်းပမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**HTOO MYAT GON CO.,LTD**
**ဖုန်း-၀၉-၅၆၆၁၆၀၀**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် ဩဇာခါတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုလာခြင်းမျိုးရှိပါက ငါးမွေးမြူ ကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက် များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်း လာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများ ကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေ ရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆ ကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေး ရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေး အတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေ အနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေ ပြောင်းလဲခြင်း မျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါး လုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ် တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင် ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊
(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင် ရွက်ရန်၊
(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊
(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်း ရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ် ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၄-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၁၃-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၄-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၂၃၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၁၃,၄၇၂) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၁၄၇) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၇၃၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၂၀၂) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက်-

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## မာတိကာ


တရုတ်နိုင်ငံထုတ် ကိုဗစ် - ၁၉ ကာကွယ်ဆေး မက္ကဆီကိုသို့ တတိယအကြိမ် ရောက်ရှိ
စာမျက်နှာ - ၁၃

အာဖဂန်မြေပေါ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမည့်အချိန် မသေချာသေး
စာမျက်နှာ - ၁၄

ရန်ကုန်မြို့နှင့် အနီးဆုံး ခရီးသွားအပန်းဖြေရာ နေရာဖြစ်လာမည့် တဘူးလှဆည်
စာမျက်နှာ - ၂၅

နေပြည်တော်-ရန်ကုန် အမြန်လမ်းပိုင်းတွင် ခရီးသည်တင်ယာဉ် တိမ်းမှောက် အမျိုးသားသုံးဦး သေဆုံး၍ အများအပြားဒဏ်ရာရရှိ
စာမျက်နှာ - ၃၀




## သင်္ဘောသားအလွှဲအပြောင်းလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး နေရပ်ပြန် မြန်မာသင်္ဘောသားများအား အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိ

**ကော့သောင်း မတ် ၁၄**

နိုင်ငံတကာပင်လယ်ကူးသင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်မည့် သင်္ဘောသားများအား ကော့သောင်းမြို့အနီး အက်ဒမန်ပင်လယ်အတွင်း Crew Change ပြုလုပ်သည့် လုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိရာ MV.MELATI SATU သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်မည့် ကပ္ပတိန် ဦးကျော်မြတ်နွယ်ပါ သင်္ဘောသား ၂၅ ဦး ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့မှ ဆိပ်ကမ်းမှတစ်ဆင့် တာဝန်ထမ်းဆောင်မည့် သင်္ဘောရှိရာသို့ ထွက်ခွာသွားကြကြောင်း သိရသည်။

အဆိုပါသင်္ဘောပေါ်မှ တာဝန်ပြီးဆုံး၍ ထွက်လာမည့် ကပ္ပတိန် ဦးလေးခေါင်ပါ သင်္ဘောသား ၂၅ ဦးမှာ အဆိုပါနေ့ ညနေပိုင်းတွင် ကော့သောင်းဆိပ်ကမ်းသို့ ရောက်ရှိလာကြမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ဆက်လက်ထိန်းချုပ်နိုင်ရေး ကော့သောင်းမြို့တွင် Hotel Quarantine ၁၄ ရက် ထားရှိစောင့်ကြည့်မှုခံယူကြမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ဆောက်သမ်တန်ကို အနိုင်ယူပြီး တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်ခဲ့တဲ့ ဘရိုက်တန်

ပရီမီယာလိဂ်ပွဲစဉ် (၂၈) အဖြစ် ဆောက်သမ်တန်အသင်းနှင့် ဘရိုက်တန်အသင်းတို့ပွဲစဉ်ကို မတ် ၁၄ ရက် ညပိုင်းက ဆောက်သမ်တန်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဘရိုက်တန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဘရိုက်တန်အသင်းအတွက် ဂိုးများကို ဒွန့်ခ်နှင့် ထရိုဆတ်တို့က သွင်းယူပေးနိုင်ခဲ့သည်။

ဆောက်သမ်တန်အသင်းသည် ယနေ့ပွဲစဉ်တွင် ဖော်စတာ၊ ဘာထရန်၊ ဗက်စတာဂတ်၊ အမ်းစ်ထရောင်း၊ ဝက်ပရောက်စ်၊ တယ်လာ၊ ဒီယယ်လို၊ မီနာမီနို၊ အဒမ်စ်စသည့် ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။ ဘရိုက်တန်အသင်းကလည်း

စာမျက်နှာ ၂၀ ကော်လံ ၁ ❍

